The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .17, NO . 13 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 27 , 2017

၂၀၁၇ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ကုန်စည်ပြပွဲ ကျင်းပမည်

စာမျက်နှာ - ၁၅ ➤

ပြည်တွင်း ကျောက်မျက်လုပ်ငန်းရှင်များအား ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များ ရောင်းချ

စာမျက်နှာ - ၁၇ ➤

တောင်ကြီးမြို့တွင် Taunggyi Business Center ဖွင့်ပွဲနှင့် 1st Myanmar's Smart Living Expo 2017 ပြပွဲပြသမည်

စာမျက်နှာ - ၂၆ ➤



# ယခုနှစ် ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၆ သိန်းကျော်တင်ပို့ပြီး ယခင်နှစ်ထက် တန်ချိန် ၁ ဒသမ ၅ သိန်း ပိုမိုတင်ပို့နိုင်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်"ဟူသော VISION ချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။

ထို့ပြင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ရပ်အနက် စီးပွားရေးမူဝါဒအမှတ် (၆)ဖြစ်တဲ့ "ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ပို့ကုန်မြင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနဲ့ စက်မှုကဏ္ဍများ

စာမျက်နှာ - ၁၂ ➤

# မြန်မာ – ထိုင်း နှစ်နိုင်ငံ ပထမအကြိမ် နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးကျင်းပပြီးစီး

မြန်မာ-ထိုင်း နှစ်နိုင်ငံ ပထမအကြိမ် နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ မဲဆောက်မြို့ရှိ Centara Hotel တွင် မတ် ၂၃ ရက် ထိုင်းစံတော်ချိန် ညနေ ၃ နာရီက ကျင်းပခဲ့ရာ မြန်မာဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ထိုင်းနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊

စာမျက်နှာ - ၈ ➤






ZD ®
HWA YANG
TRADING CO., LTD.
Erythromycin Tablets
KETOCONAZOLE TABLETS
LINCOMYCIN HYDROCHLORIDE INJECTION
COMARTY
Aspirin
Yangon : Room No. (11-B), 11st Flr., Dagon Tower, West Shwegon Daing Road, Bahan Tsp., Yangon, Myanmar. Tel: 01 544904, 01 552747
No. WS/7, Shwe Pyit Tine Daung Housing, Kyone Shwe War St., Bayint Naung, Mayangone Tsp., Yangon. Tel: (951) 528577, (959) 5408218, (959) 258684844
Mandalay: No. D1, Between 70th x 71th St., Between 34th x 35th St., Mann Mandalar Housing, Mandalay. Tel: 01 35611, 01 68558, 09 2013556


နာကျင်ခြင်း၊ နုံချည့်ညောင်းညာခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့ကို
ပြေပျောက်စေမယ့် တစ်ခုတည်းသော အက်တစ်အားဆေး
Korea No.1 Active Vitamin
ကျန်းမာခြင်းရဲ့ ဟီးရိုး
ARONAMIN
Gold
ဘောလုံးသမားအောင်သူကို
ခွန်အားဆောင်ရည်ကောင်းပြီး
အောင်မြင်စေတဲ့ဆေး
ARONAMIN
Gold
လုပ်ငန်းရှင်တွေကို
ဖိစီးမှုကင်းပြီး
အောင်မြင်မှုပန်းတိုင်
အရောက်ပို့ပေးတဲ့ဆေး
Multi-Active Vitamin
Active B1
Active B2
Active B6
Active B12
Like us on Aronamin Gold Myanmar
ASIA WINNER INDUSTRIAL LTD.
Hotline : 09 783 85 83 86
ILDONG

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ သဲကုန်းကျေးရွာရှိတောင်သူ ဦးထွန်းသွင် ပိုင်ဆိုင်သည့် ဧက ၃၀၀၊ နွေစပါး၊ မျိုးစပါးနှင့် မတ်ပဲ စိုက်ပျိုးထားရှိမှုတို့အား ကြည့်ရှုအားပေးပြီး တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။ ထို့အပြင် ကန်ကြီးထောင့်မြို့နယ်၊ မာလာကုန်းကျေးရွာရှိ တောင်သူ ဦးမောင်မောင်နှင့် ဦးစိန်မောင်တို့၏ မတ်ပဲစိုက်ခင်း ရိတ်သိမ်းနေမှုတို့အား ကြည့်ရှုအားပေးပြီး လိုအပ်သည်များအား ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား တွေ့ဆုံပွဲသို့ တက်ရောက်အမှာ စကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍငါးရပ်ဖြစ်သော ဥပဒေနှင့် စည်းမျဉ်း ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေခြင်း၊ ငွေကြေးဝန်ဆောင်မှုများ ရရှိနိုင်စေရန် ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုကိုဖြည့်ဆည်းပေးရာတွင် နိုင်ငံတော်၏အခန်းကဏ္ဍကို ပြန်လည်စုဖွဲ့ခြင်းနှင့် မြန်မာနိုင်ငံ၏ လူသားအရင်းအနှီးအခြေခံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌လည်း ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်(Public, Private, Partnership)ဟူသည့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်တိုးတက်မှာဖြစ်ကြောင်း၊ အစိုးရပိုင်းမှဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စများရှိသလို ပုဂ္ဂလိက ကဏ္ဍမှလည်း ကြိုးပမ်း ဆောင်ရွက်ရမည့် လုပ်ငန်းများရှိပါကြောင်း၊ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများ၏ တွေ့ဆုံမှုကို အခြေပြု၍ လိုအပ်ချက်များကို ဝိုင်းဝန်းအဖြေရှာပြီး၊ မိမိတို့ ဝန်ကြီးဌာနမှလည်း တတ်နိုင်သည့်အပိုင်းမှ ကူညီဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ မိမိတို့ကဏ္ဍအလိုက်အခက်အခဲများ၊ အကြံပြုလိုသည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

*စာမျက်နှာ ၂၀ သို့ ➢*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Hong Liang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Hong Liang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မတ် ၂၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ မဟာဗျူဟာမြောက် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်နိုင်ရေးဆိုင်ရာ အခြေအနေများ၊ လယ်ယာထွက်ကုန်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်အထိ ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်း တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်အထိ ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်း တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၂၄ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ကနဦးစီမံကိန်းကိုးခုရှိသည့်အနက် ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်အထိ ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်း တည်ဆောက်ရေးစီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်အား အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် အခြေခံ အဆောက်အဦအများဖြစ်သော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊ ရေနှင့် လျှပ်စစ်မီးရရှိရန်အတွက် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဇုန်နှင့်ပတ်သက်ပြီး ကနဦးလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိသည့်ကုမ္ပဏီမှာ ထိုင်းနိုင်ငံမှ အီတာလျံ-ထိုင်း ကုမ္ပဏီဖြစ်ကြောင်း၊ လုပ်ငန်းများစတင် အကောင်အထည်ဖော် ဆောင်ရွက်ပါက ထားဝယ်ဒေသရှိ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာမည်ဖြစ်သည့်အတွက် နှစ်လမ်းသွားကားလမ်းအား ဖောက်လုပ်ရခြင်းဖြစ်ကြောင်း၊ လမ်းတည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံဉာဏ်များ ပေးစေလိုကြောင်းနှင့် အစည်းအဝေးတွင် ဆွေးနွေးသည့် အကြောင်းအရာများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိ လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် အသေးစိတ် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်နိုင်ငံသို့ ဆန်တင်ပို့

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၂၈ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၉၂၁၀ တင်ပို့ခဲ့သည့်အနက် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၇၄၄ တန်၊ ဧည့်မထဆန် ၉၁၇၇ တန်တင်ပို့ခဲ့ပြီး လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန် ဆန် ၉၂၈၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန်တန်ချိန် ၂၈၂၈၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၀၇၂ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၄ သန်းတန်ဖိုးရှိဆန်ကွဲ ၂၆၇၅ တန်ခန့် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၉၂၀ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ တန်ချိန် ၁၇၂၀ ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှဆန်ကွဲ ၃၄တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ဆန်ကွဲ ၄၄၀၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်တွင် ၁၇၃၃တန် တင်ပို့မှု လျော့ကျခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၀၆သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၆၇၀၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မက်ဒါဂါးစကားနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၉၅၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၁၀၂၅ တန်၊ အမေရိကန်နိုင်ငံသို့ ပေါင်းဆန် ၃၇၅ တန်၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန်တန် ၇၅၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန်၁၂၅တန်၊အီးယူနိုင်ငံများသို့ ဧည့်မထဆန်တန် ၂၂၀၀ နဲ့ ပေါင်းဆန် ၂၇၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တန်ချိန် ၂၁၇၄၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၀၄၀ တန်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်ဆန်တင်ပို့မှုလျော့ကျခဲ့သော်လည်း ဈေးကွက်သစ် အမေရိကန်နိုင်ငံသို့ ပေါင်းဆန် ၃၇၅ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုအနေနဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၆ သန်းတန်ဖိုးနဲ့ တန်ချိန် ၃၈၇၅ တန်ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၉၃၁ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဆန်ကွဲ ၅၆ တန် တင်ပို့မှု လျော့ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၃-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၁ | ၃၈၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၆ | ၃၇၃ | △ | ၃၆၀ | ၃၅၈ | ▽ | ၃၈၅ | ၃၈၈ | △ | ၃၇၅ | ၃၇၂ | ▽ |
| ဆန်ဖြူ ၁၀% | ၃၆၅ | ၃၇၁ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၃ | ၃၆၉ | △ | ၃၅၀ | ၃၅၀ | □ | - | - | - | ၃၆၅ | ၃၆၀ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၆၆ | △ | ၃၃၈ | ၃၃၈ | □ | ၃၆၅ | ၃၆၈ | △ | ၃၄၀ | ၃၄၀ | □ |
| ပေါင်းဆန် | ၃၈၁ | ၃၈၁ | □ | - | - | - | ၃၇၅ | ၃၇၂ | ▽ | ၄၂၅ | ၄၂၅ | □ |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၂၄-၃-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | ▽ | ၁၇၀၀၀ | □ | ၆၆၂၄ | ▽ | ၃၂၅၀၀ | ▽ |
| ပုသိမ် | ၄၆၀၀ | △ | ၁၈၅၀၀ | △ | ၇၁၀၀ | △ | ၃၁၅၀၀ | △ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | □ | ၆၂၀၀ | △ | ၂၈၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | △ | ၂၃၅၀၀ | △ | ၉၅၀၀ | □ | ၃၂၅၀၀ | ▽ |
| စစ်တွေ | ၃၈၀၀ | △ | ၁၆၅၀၀ | △ | ၇၀၀၀ | ▽ | ၃၀၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | △ | ၂၁၀၀၀ | △ | - | - | ၃၈၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၀၀၀ | △ | ၁၇၀၀၀ | △ | - | - | ၂၇၅၀၀ | △ |
| မန္တလေး | ၆၀၀၀ | □ | ၂၄၀၀၀ | △ | - | - | ၃၃၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၁၉၅၀၀ | ▽ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၇၀၀ | □ | ၁၈၀၀၀ | ▽ | ၇၀၀၀ | | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | △ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၃၅၀၀ | △ |
| ဘားအံ | ၄၀၀၀ | ▽ | ၁၇၀၀၀ | □ | - | - | ၃၄၇၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ဆန်သစ်အဝယ်လိုက်လို့ အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောနဲ့ ဆန်ကြမ်း(အသစ်) အရောင်းအဝယ်သွက်ပြီး ဈေးအနည်းငယ်တက်လာကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ပေါ်ဆန်းဆန်များဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၃၁၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ်၃၀၀၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၃၄၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၃၁၀၀၀၊နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၂၈၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၇၅၀၀၊ ရွှေဘိုပေါ်ဆန်းအသစ်(ရှယ်) တစ်အိတ် ကျပ် ၃၆၀၀၀ မှ ကျပ် ၃၇၅၀၀ ဖြစ်ပြီး ပေါ်ဆန်းဆန်တစ်အိတ်ကိုကျပ်၅၀၀ မှ ကျပ် ၂၀၀၀ခန့်အထိ ဈေးတက်ကြောင်းသိရပါတယ်။

ဧည့်မထဆန်ထိပ်စတစ်အိတ် ကျပ် ၁၈၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၁၇၀၀၀၊ မနောသုခတစ်အိတ်ကျပ်၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ အိတ်စ်ပို့ ၂၅ မှတ်ဆန်တစ်အိတ်ကျပ် ၁၆၀၀၀ မှ ကျပ် ၁၆၈၀၀၊ ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ် ကျပ် ၁၇၅၀၀ မှ ကျပ် ၁၈၀၀၀ နဲ့ ဈေးငြိမ်နေသော်လည်း နွေသီးထပ်(ရှယ်) တစ်အိတ်ကျပ် ၁၈၀၀၀ မှ ကျပ် ၁၉၀၀၀ ဖြစ်ပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ ခန့်ဈေးကျလာပါတယ်။ နွေဆန်ရက် ၉၀ က တစ်အိတ်ကိုကျပ် ၁၉၀၀၀မှ ကျပ် ၂၀၅၀၀ နဲ့ယခင်တစ်ပတ်ထက်တစ်အိတ်ကိုကျပ် ၅၀၀ခန့်ဈေးတက်ပါတယ်။ဆန်သစ်အချောရော အကြမ်းပါ အဝယ်လိုက်ပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာယခုတစ်ပတ်ဆန်ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ယခင်တစ်ပတ်အတိုင်းဧည့်မထ ၅မှတ်ဆန် တစ်အိတ်လျှင် ၁၂၅ ယွမ်မှ ၁၂၇ ယွမ်၊ ဧည့်မထ ၁၀ မှတ်တစ်အိတ်လျှင် ယွမ် ၁၂၀ မှ ၁၂၄ ယွမ်၊ ဧည့်မထ ၁၅ မှတ်တစ်အိတ်လျှင် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်၊ ဧည့်မထ ၂၅ မှတ်တစ်အိတ်လျှင် ၁၁၃ ယွမ်မှ ၁၁၅ ယွမ်၊ ဧည့်မထ ၃၅ မှတ်တစ်အိတ်လျှင် ၁၀၉ ယွမ်မှ ယွမ် ၁၁၀ ဖြစ်ပြီး ယခင်တစ်ပတ်ဈေးအတိုင်းငြိမ်နေပါတယ်။

ငစိန် ၅ မှတ်ဆန်တစ်အိတ်လျှင် ယွမ် ၁၂၀ မှ ၁၂၂ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ်လျှင် ၁၁၆ ယွမ်မှ ၁၁၉ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ်လျှင် ၁၁၃ ယွမ်မှ ၁၂၅ ယွမ်နဲ့ဈေးအပြောင်းအလဲမရှိဘဲ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ တစ်ဖက်နိုင်ငံမှာ ဆန်ကိုအဖမ်းအဆီးမရှိဘူးဆိုပေမယ့် ထိန်းပြီးသွားနေကြကြောင်း မူဆယ်ဆန်ဈေးကွက်မှ သိရှိရပါတယ်။

၂၀၁၇ မတ် ၁၆ ရက်မှ ၂၂ ရက်အထိ မူဆယ်မြို့တွင်းသို့ နယ်စုံမှ ၁၂၉၆၄ တန် ဝင်ရောက်ခဲ့ပါတယ်။ မတ် ၂၄ ရက် ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၁၉၄ကျပ်ဈေးပေါက်ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

# ပြည်ပသို့ ဆန်တန်ချိန်တစ်သန်းတင်ပို့ရန် ဗီယက်နမ်နိုင်ငံက စာချုပ်ချုပ်ဆို

ဗီယက်နမ်စားသောက်ကုန်အသင်းဝင်လုပ်ငန်းရှင်များသည် ယခုနှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန် တစ်သန်းရောင်းချရန် သဘောတူစာချုပ်များချုပ်ဆိုထားပြီး အဆိုပါ ဆန်တန်ချိန် တစ်သန်းအနက် အများစုကို ယခင်နှစ်က ဗီယက်နမ်စားသောက်ကုန်လုပ်ငန်းရှင်များနှင့် ပြည်ပမှ ဆန်ဝယ်ယူသူများ ချုပ်ဆိုထားသည့် စာချုပ်များအပေါ် အခြေခံကာ တင်ပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။



ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှဆန်ဝယ်လိုအား မြင့်တင်လိုက်ခြင်းကြောင့် ယခုကဲ့သို့ ဆန်တင်ပို့မှု ပမာဏများပြားလာသော်လည်း ဆန်သိုလှောင်လက်ကျန်များကို ရောင်းချနေသည့် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဆန်ဈေးကွက်တွင် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

မကြာမီနှစ်များအတွင်းက ဗီယက်နမ်ဆန်ကို အဓိကဝယ်ယူတင်သွင်းလျက်ရှိသည့် တရုတ်နိုင်ငံကလည်း ယခုနှစ်တွင်ထိုင်းနိုင်ငံမှ ဆန်တန်ချိန် နှစ်သန်းဝယ်ယူရန် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးထားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံနှင့် ဆန်ဈေးကွက် ယှဉ်ပြိုင်ရန်အတွက် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံကလည်း ၎င်းတို့၏ တန်းနိမ့်ဆန်နှင့် အရည်အသွေး အလယ်အလတ်အဆင့်ရှိသည့် ဆန်များ၏ဈေးနှုန်းများကို လျှော့ချထားသဖြင့် ဗီယက်နမ်ဆန်ပို့ကုန်လုပ်ငန်းရှင်များမှာ စိုးရိမ်မှုများမြင့်တက်လျက်ရှိကြောင်းသိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ ဒီဇင်ဘာ ၁၈ ရက်နေ့အထိ ပြည်ပသို့ ဆန်တန်ချိန် ၅ ဒသမ ၉၆ သန်း တင်ပို့ခဲ့ပြီး၊ အဆိုပါပမာဏ၏ ၈၃ ရာခိုင်နှုန်းကျော်အား အာရှနှင့် အာဖရိကနိုင်ငံများသို့လည်းကောင်း၊ ကျန်ပမာဏအား အမေရိက၊ ဥရောပနှင့် သမုဒ္ဒရာပိုင်းဇုန်ရှိ နိုင်ငံများသို့လည်းကောင်း တင်ပို့ရောင်းချခဲ့ကြောင်း ဗီယက်နမ် စားသောက်ကုန်အသင်းက ပြောကြားခဲ့သည်။

ယခုနှစ်တွင် ပြည်ပသို့ ဆန်ပိုမိုတင်ပို့ရောင်းချနိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက ဆန်ပို့ကုန်လုပ်ငန်းရှင်များအား ဆန်ဈေးကွက်များတိုးချဲ့သွားရန်၊ နှစ်နိုင်ငံနှင့် နိုင်ငံစုံကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များမှ ရရှိသည့်အခွင့်အလမ်းများကို ပြည့်ပြည့်ဝဝအသုံးချနိုင်ရေးအတွက် ရှာဖွေဆောင်ရွက်သွားရန်နှင့် ဆန်ဝယ်ယူတင်သွင်းသည့် နိုင်ငံများ၏ လက်ရှိအခြေအနေများကိုသိရှိအောင်ဆောင်ရွက်ထားရန် အကြံပြုထားသည်။

ထို့ပြင် ဆန်အရည်အသွေးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ယှဉ်ပြိုင်မှုများအတွက် ပြည်တွင်းဆန်ပို့ကုန်လုပ်ငန်းရှင်များကို အကူအညီပေးရန် ဗီယက်နမ်စားသောက်ကုန်အသင်းနှင့် သက်ဆိုင်ရာ ဌာနများအား ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက တိုက်တွန်းပြောကြားထားကြောင်း Riceonline သတင်းတွင် ဖော်ပြထားသည်။

**စန္ဒာထွန်း** (TTI)

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၃-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၇/၃ | ၂၄/၃ | ပြောင်းလဲမှု | ၁၇/၃ | ၂၄/၃ | ပြောင်းလဲမှု | ၁၇/၃ | ၂၄/၃ | ပြောင်းလဲမှု | ၁၇/၃ | ၂၄/၃ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၇၉၀ | ၁၈၄၉ | ▲ | ၁၇၆၃ | ၁၈၆၇ | ▲ | ၁၇၈၅ | ၁၈၆၅ | ▲ | ၁၇၆၅ | ၁၈၅၀ | ▲ |
| ၂ ပဲစင်းငုံ | ၁၂၂၀ | ၁၂၇၃ | ▲ | - | - | | ၁၁၅၀ | ၁၂၀၀ | ▲ | ၁၁၄၀ | ၁၁၆၅ | ▲ |
| ၃ ပဲတီစိမ်း | ၁၄၃၀ | ၁၄၀၀ | ▼ | - | - | - | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ၄ ကုလားပဲရိုးရိုး | ၂၉၀၀ | ၂၉၀၀ | ■ | - | ၁၉၀၂ | - | ၂၀၇၀ | ၂၂၆၃ | ▲ | ၁၀၉၅ | ၁၀၀၀ | ▼ |
| ၅ ပဲလွန်းဖြူ | ၁၃၈၀ | ၁၃၆၅ | ▼ | ၁၄၁၇ | ၁၃၀၃ | ▼ | - | - | - | ၁၀၁၅ | ၁၀၁၅ | ■ |
| ၆ ထောပတ်ပဲ | ၁၁၃၀ | ၁၁၃၀ | ■ | ၁၅၆၄ | ၁၄၂၂ | ▼ | - | - | - | ၁၁၀၅ | ၁၁၅၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၄-၃-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၁၇/၃ | ၂၄/၃ | ပြောင်းလဲမှု | ၁၆/၃ | ၂၃/၃ | ပြောင်းလဲမှု | ၁၆/၃ | ၂၃/၃ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၈၃၀ | ၈၅၅ | ▲ | ၉၁၀ | ၉၇၈ | ▲ | ၈၈၇ | ၉၃၂ | ▲ |
| ၂ ပဲစင်းငုံ | ၅၇၀ | ၅၆၀ | ▼ | ၆၅၈ | ၇၀၃ | ▲ | ၆၈၈ | ၇၃၄ | ▲ |
| ၃ ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၇၁၉ | ၇၈၀ | ▲ | ၇၆၅ | ၈၄၁ | ▲ |
| ၄ ကုလားပဲဖြူလုံးကြီး | ၈၄၀ | ၉၇၀ | ▲ | ၇၅၇ | ၉၃၂ | ▲ | ၇၃၄ | ၁၀၀၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၁.၃.၁၇)ထိ | ယခုတစ်ပတ် (၁၈.၃.၁၇)ထိ | (၁.၁.၁၇) မှ (၁၈.၃.၁၇) ထိ |
| မတ်ပဲ | ၇၅၇၁၉ | ၇၄၈၄ | ၈၃၂၀၃ |
| ပဲတီစိမ်း | ၃၀၅၇၂ | ၅၂၄၇ | ၃၅၈၁၉ |
| ပဲစင်းငုံ | ၃၁၉၆၀ | ၉၆၇၆ | ၄၁၆၃၆ |
| ကုလားပဲ | ၂၅၂၀ | ၁၉၄၅ | ၄၄၆၅ |
| ပဲလွန်းဖြူ | ၃၅၉၉ | ၁၀၈၉ | ၄၆၈၈ |
| မြေထောက်ပဲ | ၄၄၂၆ | ၃၇၄ | ၄၈၀၀ |

## ၂၀-၃-၂၀၁၇ မှ ၂၄-၃-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 738 | 36,338,887.163 |
| 2 | Form D | 151 | 6,475,886.010 |
| 3 | Form E | 108 | 14,419,300.636 |
| 4 | Korea GSP | 10 | 298,973.500 |
| 5 | Form AK | 109 | 6,489,074.830 |
| 6 | Form AJ | 10 | 556,636.160 |
| 7 | Form AI | 91 | 4,776,892.600 |
| 8 | Form AANZ | 24 | 33,710.110 |
| 9 | Form DFTP | - | - |
| Grand Total | | 1241 | 69,389,361.009 |

# မတ်လတတိယပတ် မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် ပဲကြီးသီးနှံဈေးမြင့်ကာ အရောင်းအဝယ်သွက်

ယခုတစ်ပတ်အတွင်း ဆောင်းသီးနှံသစ်မျိုးစုံ အထွက်လှိုင်ကာ မုံရွာကုန်စည်ဒိုင်သို့ အများအပြားဝင်ရောက်လျက်ရှိပြီး ပြည်ပဝယ်လိုအားရှိတဲ့ပဲရော ပြည်တွင်း ဝယ်လက်ပဲများပါ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။

ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သီးနှံများ အဝင်ရှိသလောက် အရောင်းအဝယ်သွက်လျက်ရှိပြီး ယခုတစ်ပတ် မတ်ပဲသီးနှံမှာ ယခင်တစ်ပတ် ပေါက်ဈေးထက် အနည်းငယ် ဈေးမြင့်တက်လာပြီး မတ်ပဲတစ်တင်းပေါက်ဈေးမှာ ကျပ် ၃၇၀၀၀ နှုန်းရှိပြီး နေ့စဉ်အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသော်လည်း ဈေးနှုန်းမှာ ယခင်နှစ်ကာလတူပေါက်ဈေးကို မမီသေးကြောင်းသိရပါတယ်။

ပဲစင်းငုံသီးနှံဝင်ရောက်မှုမှာ ယခင်တစ်ပတ်ထက် လျော့နည်းလာပြီး ပေါက်ဈေးမှာကျပ် ၂၄၀၀၀နှုန်းရှိပြီး နေ့စဉ်အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင် တစ်ပတ်ပေါက်ဈေးထက် အနည်းငယ်မြင့်တက်လာတာတွေ့ရပါတယ်။ပဲတီစိမ်းသီးနှံကတော့ အဝင်လျော့နည်းလာပြီး တစ်တင်းပေါက်ဈေး (ကြီး) ကျပ် ၂၈၀၀၀၊ (သေး) ကျပ် ၂၇၀၀၀ရှိပြီး နေ့စဉ်(ကြီး၊ သေး) အိတ် ၃၅၀ခန့်နဲ့ အရောင်းအဝယ်အသွက်ဆုံးသီးနှံများဖြစ်ကြောင်းသိရပါတယ်။


ဒေသတွင်းသုံးပဲဖြစ်တဲ့ ပဲလွန်းဖြူပြာအသစ်များလည်း ဝင်ရောက်ပြီး နေ့စဉ်အိတ် ၄၀၀ ခန့် ဝင်ရောက်လျက်ရှိကာ ယခုတစ်ပတ်ပေါက်ဈေးမှာ ပဲလွန်းဖြူ ကျပ် ၂၇၀၀၀၊ ပဲလွန်းပြာ ကျပ် ၂၃၅၀၀ နှုန်းဖြင့် ဒေသတွင်း သုံးအနေနဲ့ နေ့စဉ်အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ဒေသတွင်းသုံးပဲများဖြစ်တဲ့ ပဲကြီး၊ ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲယင်း၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပုဂံပဲ၊ ပဲပုပ်စေ့၊ CP ပြောင်းများမှာလည်း ဒေသတွင်းလုပ်ငန်းသုံးအနေနဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်ပဲကြီးသီးနှံဈေးနှုန်းမှာ မြင့်တက်လျက်ရှိပြီး တစ်တင်းပေါက်ဈေးမှာ (ကြီး)ကျပ် ၃၅၅၀၀၊ (ကုန်း)ကျပ် ၂၆၀၀၀ နှုန်းပေါက်လျက်ရှိပြီး ဒေသတွင်းသုံးဝယ်လက်နှင့် ရန်ကုန်ဝယ်လက်အနေနဲ့ နေ့စဉ်အိတ် ၇၀၀ ခန့်၊ ကုလားပဲမျိုးစုံအသစ်များလည်း ဝင်ရောက်လျက်ရှိရာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်လာပြီး V2 တစ်တင်း ကျပ်၄၁၅၀၀၊ 929 ကျပ် ၃၆၅၀၀၊ ထိုင်ဝမ် ကျပ် ၃၆၅၀၀ နှုန်းဖြင့် သုံးမျိုးပေါင်းအိတ် ၄၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ပြည်ပဝယ်လက်ပဲများထက် ဈေးမြင့်လျက်ရှိကြောင်း တွေ့ရပါတယ်။

စွန်တာနီတစ်တင်း ကျပ် ၂၁၅၀၀ နှုန်းနဲ့အိတ် ၆၀၀ ခန့်၊ ပဲလုံးကြားတစ်တင်းကျပ် ၂၂၀၀၀ နှုန်းနဲ့ အိတ် ၄၀၀ ခန့်၊ ပဲယင်း တစ်တင်းကျပ် ၁၅၅၀၀ နှုန်းနဲ့ အိတ် ၁၀၀၀ ခန့်၊ ထောပတ်ပဲတစ်တင်း ကျပ် ၂၂၀၀၀ နဲ့ အိတ် ၇၀၀ ခန့်၊ မြေထောက်ပဲ တစ်တင်း ကျပ် ၃၀၀၀၀ နှုန်းနဲ့အိတ် ၁၅၀၀ ခန့်၊ ပုဂံပဲတစ်တင်း ကျပ် ၃၁၅၀၀ နှုန်းနဲ့ အိတ် ၁၅၀ ခန့်၊ ပဲပုပ်စေ့တစ်တင်းမှာ ကျပ် ၂၄၀၀၀ နှုန်းနဲ့ အိတ် ၅၀၀ ခန့်၊ စီပီပြောင်းတစ်တင်းကျပ် ၅၉၀၀နဲ့အိတ် ၅၀၀ ခန့်အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်ကတော့ ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ နေ့စဉ်အိတ် ၁၂၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်မြေပဲဆန်တစ်ပိဿာလျှင် မြေပဲလုံးဆန်ဖြူ ကျပ် ၂၆၀၀၊ဆီဆန်ဖြူ ကျပ် ၂၁၅၀၊ လုံးဆန်နီ ၂၄၂၅ ကျပ်အသီးသီးဖြစ်ပေါ်ပြီး နေ့စဉ်အိတ် ၁၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ် မြင့်လျက်ရှိကြောင်းသိရှိရပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူ တစ်ပိဿာ ၂၄၃၃ ကျပ်၊ နှမ်းနက် တစ်ပိဿာ ၂၆၆၇ ကျပ်၊ နှမ်းညို တစ်ပိဿာ ၁၆၆၇ ကျပ် နှုန်းဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရှိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**



## ပြည်ပဲကြီးအရောင်းအဝယ်သွက်ပြီး ဈေးမြင့်တက်

ပြည်ပဲဈေးကွက်အတွင်း မတ်လလယ်မှစ၍ ပဲကြီးသစ်များ အဝင်များလာပြီး ယခုတစ်ပတ်အတွင်း အိတ်တစ်ထောင်ကျော်အထိ အဝင်ရှိလာခဲ့ပါတယ်။ ရွှေတောင်၊ ကျိုးသဲ၊ ပြည်အနီးတစ်ဝိုက်နဲ့ ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်တို့မှ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကာ ဝယ်လက်အနေဖြင့် ပဲလှော်လက်သမားများနဲ့ ပဲကြော်ဖိုလုပ်ငန်းသမားများ အဓိကထား ဝယ်ယူမှုရှိလို့ ဝင်လာသမျှ အရောင်းအဝယ်သွက်လာခဲ့တယ်လို့သိရပါတယ်။ ပဲဈေးမှာ ပဲအဝင်လှိုင်လာသလို ဈေးလည်း မြင့်တက်နေတာကြောင့်(ရွှေကျွန်း) တစ်တင်းကျပ် ၃၆၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၃၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခင်တစ်ပတ်ကပဲကြီးတစ်တင်းလျှင် ကျပ်သုံးသောင်းအောက်သို့ဈေးကျဆင်းခဲ့ပြီး ယခုတစ်ပတ်မှာ ဈေးပိုရလာခြင်းဖြစ်ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်စားတော်ပဲ လက်လီသာအရောင်းအဝယ်ဖြစ်ပေမယ့် ဈေးကောင်းရ

ပြည်ဈေးကွက်ရဲ့ အရောင်းအဝယ်မျိုးစုံဖြစ်နေတဲ့ ပဲများအနက် စားတော်ပဲသီးနှံက ဈေးအမြင့်ရနေတဲ့ပဲ ဖြစ်နေတာကို တွေ့ရပါတယ်။

ပြည်ပဝယ်လက်ပဲများ ဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများ နည်းတူ ကျပ်သုံးသောင်းအထက် ဈေးပြိုင်ရခဲ့ပါ တယ်။ စားတော်ပဲသီးနှံဟာ ပြည်ခရိုင်အတွင်း စိုက်ဧကအနည်းငယ်သာရှိတာကြောင့် ပဲဝင်ရောက်မှုမှာလည်း အများအပြားမရှိဘဲ လက်ကျန်ပဲများကိုသာ လက်လီသမားများက ဝယ်ယူလျက်ရှိကာ နေ့စဉ်အိတ်အနည်းငယ်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စားတော်ပဲသီးနှံဟာ နှစ်စဉ်နှစ်တိုင်းဈေးကောင်းရလျက်ရှိတဲ့ သီးနှံဖြစ်ပြီး ယခင်နှစ် မတ်လအတွင်းက တစ်တင်း ကျပ် ၃၂၀၀၀ ရရှိခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်တွင် ပြည်တွင်း/ပြည်ပဝယ်လက်များကြောင့် ပဲကြီးဈေးကွက် အရောင်းအဝယ်သွက်ပြီးဈေးမြင့်

မတ်လ တတိယပတ်မှာ မုံရွာကုန်စည်ဒိုင်၏ ပဲဈေးကွက်တွင်အရောင်းအဝယ်အသွက်ဆုံးမှာ အသစ်ဝင်ရောက်လာတဲ့ ပဲကြီးများဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ပြောပါတယ်။ ပဲကြီး(အဟောင်း)မှာ ဒေသတွင်းဈေးကွက်လက်ကျန်မရှိတော့တဲ့အတွက် ဒေသတွင်း အသုံးပြုသူများကလည်း နေ့စဉ်ဝယ်ယူလျက်ရှိပါတယ်။ ပြည်ပဝယ်လက်ဖြစ်တဲ့ ရန်ကုန်ဝယ်လက်ကလည်း ဆက်တိုက်ဝယ်ယူလျက် ရှိပါတယ်။ ဒါကြောင့် ကုန်စည်ဒိုင်သို့ ဝင်ရောက်သမျှ ပဲများအားလုံး နေ့စဉ်အရောင်းအဝယ်ဖြစ်နေတယ်လို့ဆိုပါတယ်။

မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် ပဲကြီးအိတ်ရေ ၂၀၀၀ ကျော်ခန့် ဝင်ရောက်နေပြီး လုံးပိန်လုံးညှပ်၊ မြောက်ခေါင်းကင်းပြီး အရည်အသွေးကောင်းတယ်လို့သိရပါတယ်။ ပဲကြီးတစ်တင်းကျပ်၃၆၀၀၀ဈေးရှိပြီး ယခင်နှစ်ကာလတူဈေးမှာတစ်တင်းကျပ်၂၂၅၀၀ဈေးရှိပါတယ်။ **အောင်မင်း(တန့်ဆည်)**

## ပြည်ပဲပုပ် လက်ကျန်ပဲများနဲ့အရောင်းအဝယ်ဖြစ်လျက်ရှိ

ပြည်ဈေးကွက်အတွင်းမှာ ပဲပုပ်သီးနှံက ယခုကာလတွင် လက်လီသမားများဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲအဝင်လည်း သိပ်မရှိတော့ဘဲ လက်ကျန်ပဲများကိုသာ လက်လီဝယ်ယူနေတဲ့အတွက် နေ့စဉ်အိတ်အနည်းငယ်သာ အရောင်းအဝယ်ရှိခဲ့ပြီး ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၄၀၀၀ နှုန်းဖြင့် ယခင် တစ်ပတ်ကထက် ကျပ် ၅၀၀ ခန့်ပိုရလာခဲ့ပါတယ်။ ပဲပုပ်သစ်ပေါ်စ ဈေးဖွင့်ချိန်တွင် ကျပ်နှစ်သောင်းအောက်သာ ဈေးရရှိခဲ့ပေမယ့် ယခုလို အဝင်ပါးပြီး လက်ကျန်များနဲ့ အရောင်းအဝယ်ဖြစ်ချိန်မှာဈေးပိုရလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ယခင်နှစ် မတ်လအတွင်းက တစ်တင်းကျပ် ၁၉၀၀၀ ခန့်သာ ရရှိခဲ့လို့ ယခုနှစ်ဈေးက ယခင်နှစ်ဈေးထက် ဈေးပိုနေတယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

## ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲဖြူလုံးကြီးအဝယ်သွက်၊ အသစ်ဝင်ကုလားပဲဖြူလုံးကြီးများ ဈေးကောင်းရ

မုံရွာဈေးကွက်အတွင်းသို့ မတ်လတတိယပတ်တွင် ကုလားပဲဖြူလုံးကြီးအသစ်များ ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်နေကြောင်း သိရှိရသည်။ ပြည်ပပို့ကုန်ဖြစ်သော မတ်ပဲ၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲ(ထိုင်ဝမ်)တို့မှာ အရောင်းအဝယ်အများဆုံးဖြစ်နေပြီး ပဲစင်းငုံနီမှာ ယခင်တစ်ပတ်ပေါက်ဈေးထက် ဈေးအနည်းငယ်မြင့်၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါသည်။ မတ်ပဲနှင့် ကုလားပဲဖြူလုံးကြီးတို့မှာ ရန်ကုန်လိုင်း အဝယ်လိုက်လျက်ရှိသဖြင့် အရောင်းအဝယ်သွက်နေကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရှိရပါသည်။

ယခင်သီတင်းပတ်က မတ်ပဲအသစ်တစ်တင်းလျှင် ကျပ် ၃၅၇၀၀ရှိရာ ယခုတစ်ပတ်တွင် ကျပ် ၃၈၀၀၀၊ ပဲစင်းငုံတစ်တင်းလျှင် ယခင်သီတင်းတစ်ပတ်က ကျပ် ၂၃၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၂၄၀၀၀၊ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီးတစ်တင်းလျှင် ကျပ် ၃၉၅၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၄၂၅၀၀ နှင့် ကုလားပဲထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၃၆၅၀၀ ဖြင့် ဈေးငြိမ်လျက်ရှိကြောင်း သိရှိရသည်။ **လင်းလင်းသန့်**

## မုံရွာကုန်စည်ဒိုင်သို့ ဆောင်းနေကြာသီးနှံသစ်များ ဝင်ရောက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်းနေကြာ သီးနှံစိုက်ပျိုးရန်လျာထား ၈က လေးသိန်းကျော်ရှိသည့်အနက် ၈က လေးသိန်း ငါးထောင်ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နေကြာသီးနှံကို မုံရွာ၊ ယင်းမာပင်ခရိုင်တို့တွင် အများဆုံးစိုက်ပျိုးထွက်ရှိပြီး ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ၊ ဘုတလင်၊ ချောင်းဦး စသည့်မြို့နယ်များတွင်လည်း စိုက်ပျိုးလျက်ရှိရာ မုံရွာကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ တစ်ရက်လျှင် အိတ် ၅၀၀ ကျော် ဝင်ရောက် လျက်ရှိကြောင်း သိရပါတယ်။ နေကြာသီးနှံဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၁၁၈၀ ရှိပြီး မုံရွာမြို့အတွင်း ဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမား များက ဝယ်ယူလျက်ရှိရာ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာ ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

## ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မတ်ပဲ၊ ကုလားပဲနှင့်ပဲကြီးသီးနှံများ အရောင်းအဝယ်သွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ပြည်တွင်း၊ ပြည်ပဝယ်လက်ပဲများအားလုံး အထွက်လှိုင်လို့ ဝင်ရောက်မှုလည်းများပြားနေတာကို တွေ့ရပါတယ်။ ပဲတီစိမ်းသီးနှံတစ်မျိုးသာ အိတ်အရေအတွက် နည်းသွားပြီးမတ်ပဲ၊ ပဲကြီး၊ ကုလားပဲသီးနှံများမှာ အိတ်တစ်ထောင်ကျော် အထိ ဝင်ရောက်လာခဲ့ကာ အရောင်းအဝယ်လည်း သွက်နေခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ ရွှေတောင်၊ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်းနှင့် ပြည်မြို့နယ်အတွင်းမှ နေ့စဉ် ဝင်ရောက်နေလို့ အိတ်တစ်ထောင်ကျော်အထိ များပြားလာပြီး ရန်ကုန်ဝယ်လက် အဝယ်လိုက်နေကာ ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ အတွက် ဈေးမြင့်လျက်ရှိနေပါတယ်။ မတ်လလယ်က တစ်တင်းကျပ် ၃၆၅၀၀ ဖြင့် ရောင်းဝယ်ခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တင်း ကျပ် တစ်ထောင်ကျော် ပိုရလာလို့ ကျပ် ၃၇၇၀၀ ဖြင့် ဈေးနှုန်း သိသိသာသာ ပိုမြင့်တက်လာခြင်းမျိုးမဟုတ်သော်လည်း တက်ရိပ်ပြလာတာကို တွေ့ရပါတယ်။ သို့သော်လည်း ယခုအချိန်ထိ ယခင်နှစ်ဈေးကို မမီဘဲ ယခင်နှစ် မတ်လအတွင်းက မတ်ပဲ တစ်တင်းကျပ် ၄၇၅၀၀ ရှိလို့ ကျပ် တစ်သောင်းကျော် လျော့နည်းခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ လက်ကျန်လောက်သာ ဝင်ရောက်နေတဲ့အတွက် တစ်ရက်အိတ် ၁၀၀ ပတ်ဝန်းကျင်သာ ဝင်ရောက်ခဲ့ပါတယ်။ ပန်းတောင်းနဲ့ ကံမဖက်မှ ဝင်ရောက်ခဲ့ပြီး ဝယ်လက်သမားအနေဖြင့် မန္တလေးဝယ်လက်မှသာ အဝယ်ရှိခဲ့ပါတယ်။ ပဲအဝင်လျော့ကျလာတဲ့အတွက် နေ့စဉ်အဝယ်မရှိဘဲ ရက်ခြားသာစုပြီး ဝယ်ယူနေတယ်လို့ သိရပါတယ်။ ပဲဈေးမှာ အရည်အသွေးပေါ်မူတည်၍ ဈေးအေးခဲ့တာကြောင့် ပဲလက်ကျန် နောက်သီးများမှာ အရည်အသွေး အနည်းငယ်ကျဆင်းလို့ ဈေးလျော့အဝယ်ရှိကာ တစ်တင်းလျှင်(ထိပ်စ) ကျပ် ၃၃၀၀၀၊ (အလတ်စ) တစ်တင်း ကျပ်သုံးသောင်းဖြင့် ယခင်တစ်ပတ်ကထက် လျော့နည်းအရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာ ပန်းတောင်း၊ ကံမဘက်မှ ထွက်ရှိမှုများတာကြောင့် ယင်းမြို့နယ်များမှ တစ်ရက်လျှင် အိတ် ၄၀၀ ကျော် ၅၀၀ ခန့်ထိ ဝင်ရောက်ခဲ့ပြီး လှောင်သမားအချို့နဲ့ ရန်ကုန်ဝယ်လက်ကပါ ဝယ်ယူကြပါတယ်။ ဒါကြောင့်ဝင်လာသမျှ ပဲအိတ်ရေအတွက်ရှိသလောက် အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၃၃၀၀ သာ ရရှိနေတဲ့အတွက်ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း သီးနှံများထက် ဈေးလျော့နည်းနေခဲ့ပါတယ်။

ကုလားပဲသီးနှံ ဝင်ရောက်မှုကတော့ ပဲအထွက်လှိုင်ချိန် ဖြစ်နေလို့ အိတ် ၉၀၀ ကျော်အထိ နေ့စဉ် ဝင်ရောက်လျက်ရှိကာ ခွဲစက်သမားများက ပုံမှန်အဝယ်ရှိသလို လှောင်သမားများကလည်း ဝယ်ယူကြတာကြောင့် ပဲတစ်တင်းကျပ် ၃၇၂၀၀ ရရှိပါတယ်။ ယခင်တစ်ပတ်က တစ်တင်းကျပ် ၃၆၅၀၀ ရရှိတဲ့အတွက် ယခုတစ်ပတ်မှာ ဈေးပိုရလာခဲ့တာကြောင့် မတ်ပဲသီးနှံနှင့် ဈေးပြိုင်ရနေခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ယခင်နှစ် မတ်လအတွင်း ကုလားပဲသီးနှံဟာ ဈေးကောင်းတယ်ဆိုပေမယ့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများထက် ဈေးလျော့ခဲ့ပါတယ်။ နှစ်ကုန်ပိုင်းလောက်မှာ ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရခဲ့တဲ့ပဲဖြစ်ခဲ့ကာ တစ်တင်းကျပ် ငါးသောင်းကျော် ရရှိခဲ့ပါတယ်။

ဘိုကိတ်၊ ပဲလွန်းဖြူ သီးနှံများ အနေဖြင့် ဘိုကိတ်ပဲသီးနှံမှာအိတ် ၁၀၀ကျော် ဝင်ရောက်ခဲ့လို့ရန်ကုန်ဝယ်လက်က ဝယ်ယူပြီး ပဲလွန်းဖြူသီးနှံမှာ တစ်ရက်အိတ် ၂၀ ကျော်သာဝင်ရောက်ခဲ့တာကြောင့် လက်လီအရောင်းအဝယ် ဖြစ်ကာ ပဲတစ်တင်းကျပ် ၂၆၅၀၀ ဖြင့် ဈေးငြိမ်နေသလို ဘို ကိတ်ပဲသီးနှံကလည်း တစ်တင်းကျပ် ၂၄၅၀၀ ဖြင့် ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**



## အိန္ဒိယနိုင်ငံတွင် ပဲနီလေးဈေးနှုန်းကျဆင်းလျက်ရှိသဖြင့် လာမည့်ရာသီတွင် အခြားကောက်ပဲသီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် တောင်သူများစဉ်းစားလျက်ရှိ

အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ပြည်ပမှ အများအပြား တင်သွင်းနေရမှုကို လျှော့ချရန်အတွက် ပြည်တွင်းအထွက်နှုန်းတိုးတက်ရေးကို ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်ရာဈေးကွက်တွင် ပဲနီလေးနှင့် ပဲပုပ်စေ့ကဲ့သို့ အမယ်များ အများအပြားရှိနေမှုကြောင့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဈေး နှုန်းများ ကျဆင်းလျက်ရှိရာ သန်းပေါင်းများစွာသော အိန္ဒိယတောင်သူများသည် လာမည့် သီးနှံရာသီတွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံနေရာတွင် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုး ရန် စဉ်းစားလျက်ရှိကြောင်း သိရှိရသည်။

ကြံနှင့် ဂျုံကဲ့သို့သီးနှံများပြောင်းလဲစိုက်ပျိုးလာပါက အဆိုပါပစ္စည်းများလည်း ဈေးကွက်တွင် ပေါများလာကာ ကမ္ဘာ့ကြံနှင့် ဂျုံဈေးနှုန်းများကျဆင်းမှုကို ဖြစ်စေနိုင်ကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ကုန်ပစ္စည်းများ ရောင်းချရာတွင် ကျဈေးဖြင့်သာ ရရှိနေပါက ၎င်းတို့အနေဖြင့် အခြားအမယ်များအား ပြောင်းလဲစိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဈေးကွက်အတွင်း ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ ပြတ်လပ်မှု၊ ဈေးမြင့်တက်မှုနှင့် အဆိုပါပစ္စည်းများကို ပြည်ပမှ တင်သွင်းရမှု စသည်တို့ ထပ်မံဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံ အသင်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဇွန်လတွင်ပြီးဆုံးမည့် ၂၀၁၆-၂၀၁၇ သီးနှံရာသီအတွင်း ပဲမျိုးစုံတန်ချိန် ၂၂ သန်းခန့်နှင့် ဆီထွက်သီးနှံ တန်ချိန် ၃၄ သန်းခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားကြသည့်အတွက် ပြည်တွင်းပဲဈေးနှုန်းနှင့် ဆီထွက်သီးနှံဈေးနှုန်းများ ကျဆင်းလျက်ရှိသည်။

အစိုးရအာမခံဝယ်ဈေးနှုန်းဖြင့် အစိုးရ၏ပဲတန်ချိန် သုံးသန်း ဝယ်ယူမည့် အစီအစဉ်မှာလည်း ဝယ်ယူမည့် အရေအတွက် နည်းပါးလွန်းကြောင်းနှင့် ဆီထွက်သီးနှံကိုပါ ထိုကဲ့သို့ ဝယ်ယူသင့်ကြောင်း အိန္ဒိယတောင်သူများနှင့် ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်းမှ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်းသိရှိရသည်။

Source: economictimes

**စန္ဒာထွန်း** (TTI)

## ပြည်ထောပတ်ပဲသီးနှံ ယခင်နှစ်ကထက် ဈေးကောင်းရ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်အတွင်းမှာ မတ်ပဲ၊ ပဲကြီး၊ ကုလားပဲ သီးနှံများ ပဲအဝင်လှိုင်ပေမယ့် ဒေသတွင်း လက်လီသမားများသာအဓိကထားဝယ်ယူတဲ့ ထောပတ်ပဲသီးနှံကတော့ စိုက်ပျိုးထွက်ရှိမှုလည်း နည်းသလို ဈေးကွက်သို့ အများအပြားဝင်ရောက်ခြင်းမရှိဘဲ တစ်ရက်ကိုအိတ် ၅၀ ခန့်သာ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပြည်ခရိုင်အတွင်းရှိ ပန်းတောင်းနဲ့ ရွှေတောင်မြို့နယ်များတွင်သာ စိုက်ပျိုးမှုရှိလို့ ပဲပေါ်ချိန်ကာလတွင်သာ ဈေးကွက်သို့ ဝင်ရောက်ခြင်းဖြစ်ပြီး ကျန်အချိန်များတွင် လက်ကျန် လှောင်ပဲများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ထောပတ်ပဲသီးနှံဈေးမှာ တစ်တင်းကျပ် ၂၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခင်နှစ်ဈေးထက် ဈေးကောင်းရရှိခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

## ကြက်သွန်

### ကြက်သွန်နီနှင့်ကြက်သွန်ဖြူတို့ကို အိမ်နီးချင်းထိုင်းနှင့် တရုတ်နိုင်ငံတို့သို့တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၃၅၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၄ တန်ကိုလည်းကောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၇၂၅၀ တန်ဖိုးရှိ ကြက်သွန်ဖြူ ၁၅ တန်ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မြဝတီမှ ကြက်သွန်နီ ၃၅ တန်တင်ပို့ခဲ့ပြီး၊ တာချီလိတ်မှ ကြက်သွန်တင်ပို့မှုမရှိခဲ့ပါဘူး။ မြဝတီမှာ ကြက်သွန်နီတစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၅၂၅ ရှိပြီး တာချီလိတ်မှာ ကြက်သွန်ဖြူ တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၁၁၅၀ ရှိတယ်လို့ သိရပါတယ်။

အလားတူမြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၇၈သန်းတန်ဖိုးရှိကြက်သွန်နီ ၄၁၉တန်ခွဲ တင်ပို့ခဲ့တယ်လို့ မူဆယ်ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### ပြည်ကြက်သွန်နီ အဝင်များလို့ဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်ရဲ့ ကြက်သွန်နီဈေးနှုန်းများမှာ တဖြည်းဖြည်း အကျဘက်သို့ ဦးတည်ကာ တစ်ပိဿာလျှင် ပျမ်းမျှ ၁၅၀ ကျပ်ခန့် ကျဆင်းသွားပါတယ်။ ယခုအချိန်ကာလက ကြက်သွန်နီအဓိက စိုက်ပျိုးရာဒေသများမှာ အထွက်လှိုင်နေတဲ့အတွက် ပြည်ဈေးကွက်သို့ ပိုမိုဝင်ရောက်နေခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းရခြင်းဖြစ်ကြောင်း သိရပါတယ်။ ရေနံချောင်း၊ ဆိပ်ဖြူ၊ အောင်လံ၊ တောင်တွင်း၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းစတဲ့နယ်စုံမှ ကြက်သွန်နီများ ယခုတစ်ပတ်မှာ ပိဿာ ၃၀ ဝင်အိတ် ၄၀၀၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ အဝင်လည်းများသလို အရောင်းအဝယ်မှာလည်း အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဒေသတွင်း ဝယ်လက်သမားများ၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သို့ တိုင်းကျော်တင်ပို့မှုနဲ့ သင်္ကြန်အခါ အလှူအတန်းများအတွက် ကြိုတင်ဝယ်ယူမှုများ အပါအဝင် တစ်ရက်ကို ဝင်ရောက်မှုရဲ့ လေးပုံတစ်ပုံခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ပွဲရုံလက်ကားဈေးနှုန်းအနေနဲ့တစ်ပိဿာလျှင် (ကြီး)ကျပ်၈၀၀ မှ ကျပ် ၉၀၀၊ (လတ်) ကျပ်၇၀၀ မှ ကျပ် ၇၅၀၊ (သေး) ကျပ် ၆၀၀၊ ကျပ် ၆၅၀ မှ ကျပ် ၇၀၀ တို့ဖြစ်ပြီး ဒေသတွင်းလက်လီဈေးများတွင် (ကြီး) ကျပ် ၁၁၀၀၊ (လတ်) ကျပ် ၁၀၀၀၊ (သေး) ကျပ် ၇၀၀ ၊ ကျပ် ၈၀၀ မှ ကျပ် ၉၀၀ တို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေပါတယ်။

ဈေးနှုန်းနှင့်ပတ်သက်၍ ပြည်ပွဲရုံလုပ်ငန်းရှင်များက ပြည်ပတ်ဝန်းကျင်ဒေသဖြစ်တဲ့ မော်ဇာ၊ ကုန်းရိုးတို့မှာ စိုက်ပျိုး တဲ့ကြက်သွန်နီများ ပေါ်ထွက်လာချိန်၌ ဈေးနှုန်းများဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်းပြောကြားခဲ့ပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**



### မုံရွာကြက်သွန်နီဈေးကွက် အဝင်များပြီး အရောင်းအဝယ်သွက်

မုံရွာ (ပွဲရုံ) စားဖိုဆောင်သီးနှံ ရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီများ ဈေးကွက်အတွင်းသို့ အများအပြား ဝင်ရောက် လျက်ရှိပြီး အရောင်းအဝယ်လည်း သွက်လျက်ရှိကြောင်း သိရပါတယ်။ ပွဲရုံသို့ နေ့စဉ်ကြက်သွန်နီ ပိဿာချိန် ၁၀၀၀၀ ကျော် ဝင်ရောက်နေကြောင်း သိရပါတယ်။ မုံရွာပွဲရုံများမှ ဒေသတွင်း ဝယ်လက်များနှင့် အိတ်ဆွဲသမားများအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့လျက်ရှိပြီး တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၃၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးမှာ မုံရွာပွဲရုံများ၌ လက်ကားတစ်ပိဿာလျှင် (ကြီး) ကျပ် ၆၀၀၊ (လတ်) ကျပ် ၅၀၀၊ (သေး) ကျပ် ၄၀၀ နှုန်းရှိပြီး လက်လီဈေးနှုန်းမှာ တစ်ပိဿာလျှင် (ကြီး) ကျပ် ၈၀၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၆၀၀ နှုန်းဖြစ်ပြီး ယခင်တစ်ပတ်က ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိကြောင်းသိရှိရပါတယ်။

ကြက်သွန်ဖြူဈေးကွက်တွင် ကြက်သွန်ဖြူသစ်များ မုံရွာပွဲရုံသို့ ပိဿာ ၂၅၀၀ ကျော် ဝင်ရောက်လာကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းမှာ ပွဲရုံဈေး (ဗမာ) ကျပ် ၃၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀ လက်လီဈေးနှုန်းမှာ တစ်ပိဿာ (ဗမာ) ကျပ် ၃၂၀၀၊ (ရှမ်း) ကျပ် ၃၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။ **ကြည်ကြည်နွယ် (မုံရွာ)**

## ချင်း

### မူဆယ်မှ ချင်းခြောက်တင်ပို့ပြီး စစ်တွေမှ ချင်းစိုတင်ပို့

မတ် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၁၇၈၇ တန်ဖိုးရှိ ချင်းခြောက်၁၇တန်ခွဲကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှချင်းစို ခုနစ်တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ချင်းခြောက် ၁၈ တန်ကျော် တင်ပို့ခဲ့ပြီး စစ်တွေမှ ချင်းစို နှစ်တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ချင်းခြောက် တစ်တန်လျော့နည်းတင်ပို့ပြီး စစ်တွေမှ ချင်းစို ငါးတန်တင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်မှာ ချင်းခြောက်တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဖက်ပေါက်ဈေး ၁၆၉၃၂၀၀ ကျပ်ရှိပြီး စစ်တွေမှာချင်းစို တစ်တန် ၁၀၃၃၂၉၆ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ချင်းဈေးကွက်အရောင်းသွက်ပေမယ့် ဈေးနှုန်းပုံမှန်သာရှိ

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်းရှိ ချင်းပွဲရုံများမှာ အလှူမင်္ဂလာပွဲတော်ချိန်ဖြစ်လို့ အရောင်းအဝယ်သွက်နေပါတယ်။ ပြည်ပွဲရုံများသို့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပုံမှန်အဝင်ရှိနေတာကို တွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ ယခုတစ်ပတ်အတွင်း ပိဿာ ၃၀ ဝင်အိတ် ၁၅၀ ခန့် အဝင်ရှိနေပါတယ်။ အဝင်များပေမယ့် ဈေးနှုန်းမှာ ကျမသွားဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ်မှာ ချင်းဈေးတစ်ပိဿာကို ချင်းရှယ် ကျပ် ၆၀၀ မှကျပ် ၉၀၀၊ (ဂွန်) ကျပ် ၄၅၀ မှ ကျပ်၅၅၀ တို့ရှိပြီး ပြည်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ ယခုတစ်ပတ်အတွင်း စားသုံးမှုအဖြစ် တစ်နေ့ပိဿာချိန် ၅၀၀ ခန့် တင်ပို့လျက်ရှိတယ်လို့သိရပါတယ်။ **ဝင်းဝင်းခိုင်**

## မန်ကျည်း

### ပြည်မန်ကျည်းမှည့် ယခင်နှစ်ထက်ဈေးမာ

ပွဲရုံများသို့ မန်ကျည်းမှည့်များ ပုံမှန်ဝင်ရောက်နေပြီး ယခင် တစ်ပတ်ထက် အနည်းငယ်သာ ဈေးကျလာတာတွေ့ရပါတယ်။ ယခုလိုအချိန်မှာ ပြည်ဒေသရဲ့ မန်ကျည်းမှည့်ဈေးဟာ တစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀ အတွင်း သာရှိနေရမှာဖြစ်ပေမယ့် ယခုထိဈေးမကျဘဲ ဈေးရနေကြောင်းလည်း သိရပါတယ်။ ပွဲရုံဈေး တစ်ပိဿာလျှင်(အစေ့မပါ) ကျပ် ၂၅၀၀ နဲ့ (အစေ့ပါ) ကျပ် ၁၅၀၀ အသီးသီး ဈေးရှိနေပါတယ်။ဒေသတွင်းလက်လီအရောင်းဈေးကွက်များမှာတော့ (အစေ့မပါ)ကျပ် ၃၀၀၀ နှင့်(အစေ့ပါ) ကျပ် ၁၈၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေပေမယ့် နယ်ဝယ်လက်အဝယ်မရှိသေးကြောင်း သိရပါတယ်။ ဒေသတွင်းထွက်ရှိသော မန်ကျည်းမှည့်များ ဝင်ရောက်လာပြီး တစ်ရက်လျှင် ပိဿာ ၅၀၀ ကျော်ဝင်ရောက်နေကြောင်း သိရပါတယ်။ **နီနီဝင်း**

### ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုလျော့

မတ်လ၁၂ ရက်မှ ၁၈ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၈၁၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ ၁၉၈ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၁၇၃ တန်၊ စင်ကာပူနိုင်ငံသို့ ၁၂၅ တန်၊ ထိုင်းနိုင်ငံသို့ ၁၂၂ တန်နဲ့ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့ခဲ့တဲ့မန်ကျည်းတန်ချိန် ၁၄၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၀၀နီးပါးတင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ၃၅၅၂၇၆ ဒေါ်လာဝင်ငွေ ရရှိခဲ့ပါတယ်။ **သီတာဝင်း**(DOT)

## နနွင်း

### နယ်စပ်စခန်းစုံမှ နနွင်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ် ၁၁ ရက် မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာသုညဒသမ ၄၉ သန်း တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ)၂၂၃တန်လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၅၉၉၆ တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) ၃၉ တန်နီးပါးနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိ နနွင်းတက် လေးတန်ကိုလည်းကောင်း တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ အသီးသီးတင်ပို့ခဲ့ကြပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ၃၄၉ တန်ကျော်နဲ့ မြဝတီမှ ၃၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မူဆယ်မှ နနွင်းတက် ၁၂၆ တန်လျော့နည်းတင်ပို့ပြီးမြဝတီမှ ခြောက်တန်ခန့် တင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခင်တစ်ပတ်က စစ်တွေမှ နနွင်းတင်ပို့မှုမရှိခဲ့ကြောင်းသိရပါတယ်။ **မော်မော်အောင်**

### နနွင်းတန်ချိန် ၃၀၀ကျော်တင်ပို့

မတ်လ ၁၂ ရက်မှ ၁၈ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၃၃၆ ဒသမ ၉တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ နနွင်း(ရှမ်းစ)၆၆ တန်၊ မလေးရှားနိုင်ငံသို့ နနွင်းတန်ချိန်၁၅၀၊ စင်ကာပူနိုင်ငံသို့ ၉၂ ဒသမ ၉တန်နဲ့ ယူအေအီးသို့ ၂၈ တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၁၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၃၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ ကန်ဒေါ်လာ၆၉၀-၆၉၅ ဒေါ်လာဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၃၃၃၈၈ ဒေါ်လာဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

### ပြည်ကြက်သွန်ဖြူဈေးကွက်တွင် ရှမ်းကြက်သွန်ဖြူဈေးကျပြီး တရုတ်ကြက်သွန်ဖြူဈေးမြင့်

ပြည်ပွဲရုံ(ဈေးကြီး)သို့ ရှမ်းပြည်နယ်နဲ့ တရုတ်နိုင်ငံမှ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူအိတ်များ အများအပြားဝင်ရောက်လာတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်က ကြူကုတ်စက ဈေးအကျဘက်ရှိခဲ့ရာမှ အရောင်းအဝယ်လည်း အတော်လေးဖြစ်ခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်မှာတော့ ရှမ်းစဈေးထပ်ကျလာပေမယ့် ကြူကုတ်စဈေးစွာလာခဲ့ပါတယ်။ စားသုံးသူ၊ အရောင်းအဝယ်ပြုလုပ်သူ၊ သုံးစွဲသူအများစုဟာ ဈေးကွက်ပေါ်လိုက်ပြီး သုံးစွဲလာတာလည်း တွေ့ရပါတယ်။ ပြည်ပွဲရုံ လက်ကားဈေးကြက်သွန်ဖြူ တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ ထိရှိပြီး၊ (ကြူကုတ်စ)ကတော့ ကျပ် ၄၆၀၀၊ ကျပ် ၄၈၀၀ ဈေးဖြင့် ဈေးမြောက်လာ တာတွေ့ရပါတယ်။ ဒေသတွင်းလက်လီအရောင်းဈေးကွက်များတွင် (ရှမ်းစ)ကျပ် ၄၀၀၀ နှင့်(ကြူကုတ်စ)ကျပ် ၅၀၀၀မှ ကျပ် ၅၂၀၀အထိရောင်းချလျက်ရှိနေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်နေတယ်လို့ဆိုနိုင်ပါတယ်။ အိတ်ဆွဲသမားများအနေနဲ့ အရောင်းအဝယ်ဖြစ်မှုအပေါ် မူတည်ပြီး အဆွဲများတာကြောင့် ပွဲရုံများမှာ နှစ်မျိုးလုံး အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ ယခုတစ်ပတ်ပြည်ပွဲရုံတွင် အိတ်ရေ၃၂၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ **နီနီဝင်း**



# မြန်မာ – ထိုင်းနှစ်နိုင်ငံ ပထမအကြိမ် နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေး ကျင်းပပြီးစီး

| နှစ်နိုင်ငံ |

မြန်မာ-ထိုင်း နှစ်နိုင်ငံ ပထမအကြိမ် နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ မဲဆောက်မြို့ရှိ Centara Hotel တွင် မတ် ၂၃ ရက် ထိုင်းစံတော်ချိန် ညနေ ၃ နာရီက ကျင်းပခဲ့ရာ မြန်မာဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ထိုင်းနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mrs. Duangporn Rodphaya တို့နှစ်ဦးက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံဘက်မှ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းတို့ ပါဝင်သည့် ကော်မတီဝင် ၂၁ ဦးတက်ရောက်ခဲ့ပြီး၊ ထိုင်းနိုင်ငံဘက်မှလည်း နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန၊နိုင်ငံခြားရေးရာဌာန၊ နယ်စပ်ရေးရာဌာန၊ လယ်ယာ/စီးပွားရေးရာဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့၊ ထိုင်းနိုင်ငံ ကုန်သွယ်ရေးဘုတ်အဖွဲ့၊ Bank of Thailand၊ ထိုင်း စက်မှုလုပ်ငန်းရှင်များအသင်း၊ တာ့ခ်ခရိုင် စက်မှုလုပ်ငန်းရှင်များအသင်း၊ တာ့ခ်ခရိုင် စီးပွားကူးသန်းဌာန ပါဝင်သည့် ကော်မတီဝင် ၁၄ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရှေးဦးစွာနှစ်နိုင်ငံကုန်သွယ်မှုအခြေအနေကိုနှစ်ဖက် ပြန်လည်သုံးသပ်ခဲ့ပြီးနောက် ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား Single Stop Inspection (SSI) ဖွဲ့စည်းဆောင်ရွက်ရေး၊ မြန်မာနယ်စပ်တွင် CO (Form D) ထုတ်ပေးခြင်းနှင့် စိစစ်ခြင်းများအဆင်ပြေစွာဆောင်ရွက်နိုင်ရေး အတွက် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံအား အွန်လိုင်းစနစ် တစ်ခုတည်ထောင်ပေးရန်နှင့် အခြားလိုအပ်သောနည်းပညာ အကူအညီများ၊ သင်တန်းများ ထောက်ပံ့ပေးရေး၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတည်ငြိမ်စေရန် ထိုင်းဘတ်ငွေနှင့် မြန်မာကျပ်ငွေတို့အား တရားဝင်ငွေကြေးအဖြစ် တိုးမြှင့်သတ်မှတ်နိုင်ရေး၊ ထိုင်းနိုင်ငံမှ CLMVT လူငယ်များအတွက်ထောက်ပံ့ပေးသော စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များပေါ်ပေါက်ရေး အစီအစဉ် (Young Entrepreneur Network Development Program, YEN-D) တို့ကိုလည်းကောင်း၊ မြန်မာဘက်မှ ထိုင်းနိုင်ငံ နယ်စပ်၌ နယ်စပ်ကုန်သွယ်ရေးစခန်း အသစ်များ ဆောလျင်စွာ ဖွင့်လှစ်ရေး၊ မြန်မာ့ရော်ဘာနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ထိုင်းနိုင်ငံသို့ လွယ်ကူချောမွေ့စွာ တင်ပို့နိုင်ရေး၊ နယ်စပ်ဒေသ၌ ကုန်တင်ယာဉ်များနှင့် လူဝင်/လူထွက်ဆိုင်ရာ အခွင့်အရေးများတန်းတူညီမျှမှုရှိရေး၊ မြန်မာ-ထိုင်း နယ်စပ်ဒေသများတွင် ကုန်သွယ်မှု သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးစသည်တို့အား ရင်းနှီးချစ်ကြည်စွာဆွေးနွေးခဲ့ကြပါသည်။

နှစ်နိုင်ငံ ကိုယ်စားလှယ်များသည် အစည်းအဝေး ကျင်းပခဲ့သည့် Centara Hotel ၌ပင် မတ် ၂၄ ရက်ထိုင်းစံတော်ချိန် နေ့လယ် ၂ နာရီတွင် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Apiradi Tantraporn နှင့် မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းတို့အား ယမန်နေ့ အစည်းအဝေး ရလဒ်များကို ထိုင်းနိုင်ငံခြား ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mrs. Duangporn Rodphaya ကတင်ပြခဲ့ပြီး မြန်မာနိုင်ငံ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဒုတိယအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်၌ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း အသီးသီးတင်ပြခဲ့ကြပါသည်။

ဆက်လက်၍ ထိုင်းနိုင်ငံအနေဖြင့် CLMVT နိုင်ငံများမှ လူငယ်များအတွက် ထောက်ပံ့ပေးသော စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ပေါက်ရေးအစီအစဉ် (YEN-D) သင်တန်းသို့ တက်ရောက်အောင်မြင်ခဲ့သော သင်တန်းသားများအား ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Apiradi Tantraporn နှင့် မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့က သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးခဲ့ကြပါသည်။

၎င်းနောက် ထိုင်း-မြန်မာ နှစ်နိုင်ငံ ဝန်ကြီးများ၏ ရှေ့မှောက်တွင် မဲဆောက်ခရိုင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ မဏိရတနာကျောက်မျက်ရတနာလုပ်ငန်းတို့က ကျောက်မျက်ရတနာရောင်းဝယ်ရေးဆိုင်ရာ အပြန်အလှန် နားလည်မှုစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုပြုလုပ်ရန်အတွက် ၁၉၈၉ ခုနှစ် ဧပြီ ၁၂ ရက်က ကုန်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ အလားတူ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး သဘောတူစာချုပ်ကိုလည်း ၁၉၉၆ ခုနှစ် မတ်လ ၁၇ ရက်က ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ နှစ်နိုင်ငံကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် မြန်မာ-ထိုင်း ကုန်သွယ်ရေး ပူးတွဲကော်မရှင်ကို ၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်က ဖွဲ့စည်းခဲ့ပြီး အစည်းအဝေးကို နှစ်စဉ် အလှည့်ကျ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြပါသည်။

သတ္တမအကြိမ်မြောက် မြန်မာ-ထိုင်း ကုန်သွယ်ရေး ပူးတွဲကော်မရှင် Joint Trade Commission (JTC) အစည်းအဝေးကို ၂၀၁၆ခုနှစ်၊ ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေး၌ မဲဆောက်-မြဝတီ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (Growth Strategy of Mae Sot-Myawaddy Model ) ကို ထိုင်းနိုင်ငံက အဆိုပြုခဲ့ပါသည်။

ယင်းအဆိုပြုချက်တွင် အချက်ကိုးချက်ပါဝင်ပြီး မဲဆောက်-မြဝတီ ကုန်သွယ်ရေးအနေဖြင့် ကုန်သွယ်မှုကို နှစ်ဆတိုးတက်စေရန်၊ နှစ်နိုင်ငံ သတင်းအချက်အလက် ဖလှယ်ရန်အတွက် တိုင်ပင်ဆွေးနွေးခြင်းမှ တစ်ဆင့် မဲဆောက်- မြဝတီမဟာဗျူဟာပုံစံကို စောင့်ကြည့်ရန်နှင့် တွန်းအားပေးရန်အတွက် Forum တစ်ခုအဖြစ် နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ (JBTC) ဖွဲ့စည်းသွားရန် ဟူသော အချက်နှစ်ချက်ပါဝင်ခဲ့ပါသည်။

၎င်းအပြင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak ၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလာရောက်ခဲ့သည့် ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။

ထိုင်းနိုင်ငံသည် မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများအနက် ပို့ကုန်ပိုင်းတွင် ဒုတိယအများဆုံး နိုင်ငံအဖြစ်လည်းကောင်း၊ သွင်းကုန်ပိုင်းတွင် တတိယအများဆုံး နိုင်ငံအဖြစ်လည်းကောင်း ရပ်တည်လျက်ရှိပါသည်။ ထို့အပြင် နယ်စပ်ကုန်သွယ်မှုတွင်လည်း နှစ်စဉ် တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှုအပေါ် နယ်စပ်ကုန်သွယ်မှုမှ ပါဝင်ဆောင်ရွက်နိုင်မှု အချိုးမှာ ၂၈ ရာခိုင်နှုန်းအထိ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

နယ်စပ်ကုန်သွယ်မှု တိုးတက်ရန်အတွက် တရားမဝင်ကုန်သွယ်မှုများကိုထိရောက်စွာ တားဆီးနိုင်ရန်လိုအပ်ကြောင်း နှစ်နိုင်ငံစလုံးမှ အသိအမှတ်ပြုခဲ့ပြီး တားဆီးဆောင်ရွက်ရေး လုပ်ငန်းများကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှု တိုးတက်မြင့်မားရေး၊ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ယခုကျင်းပခဲ့သော ပထမအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးသည် များစွာအရေးပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

## “(၄၃) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနား” တွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှပါဝင်ပြသ

၂၀၁၇ ခုနှစ် (၄၃) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို မတ်လ ၁၉ ရက်မှ ၂၃ ရက်အထိ သံလွင်ဥယျာဉ်ကွင်း၊ မော်လမြိုင်မြို့၌ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနကလည်း ပြခန်းတစ်ခန်းဖြင့် ပါဝင်ပြသခဲ့သည်။

(၄၃) နှစ်မြောက် မွန်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက် (Vision)၊ ရည်မှန်းချက်တာဝန်များ (Mission) နှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်း သိကောင်းစရာများ၊ ဗဟိုကော်မတီနှင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏အခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များကို ဗီနိုင်းပိုစတာများဖြင့် လည်းကောင်း၊ လက်ကမ်းစာစောင်များ ဝေငှ၍ လည်းကောင်းပြသဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဆွေးနွေးဟောပြောပွဲများ၊ ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များကိုလည်း ဗီနိုင်း၊ ဓာတ်ပုံကားချပ်များဖြင့် ပြသထားသည့်အပြင် တားမြစ်ထားသော စားသောက်ကုန်/လူသုံးကုန်ပစ္စည်း နမူနာများ၊ ထောက်ခံချက်ရရှိပြီးထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော စားသောက်ကုန်ပစ္စည်းနမူနာများကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိပါသည်။

အောင်လွင်

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့

မတ် ၁၂ ရက်မှ ၁၈ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၅၄၅၉၆၄၈ တန်ဖိုးရှိ ဒီဇယ် ၅၀၉၇၀ ဒသမ ၃၉၇ တန်နဲ့ ကန်ဒေါ်လာ ၁၁၉၁၃၄၀၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၀၇၁၃ ဒသမ ၈၈၉ တန်၊ စုစုပေါင်း ၇၁၆၈၄ ဒသမ ၂၈၆ တန် ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ (92) နဲ့ (95) တို့ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၈၂၄၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၃၁၄၀၀ ကျော် အဝင်လျော့ခဲ့သလို ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၄၄၆၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၂၃၉၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၃၈၂၃ တန်ဖိုးရှိ ဓာတ်ဆီ ၂၁ တန်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၇၄၁၅၅ တန်ဖိုးရှိဒီဇယ် ၅၂၆ ဒသမ ဝ၃၆ တန်နဲ့ ကန်ဒေါ်လာ ၁၆၁၃၂၉ တန်ဖိုးရှိ ဓာတ်ဆီ ၂၇၂ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၇၃၀၄၀၀ တန်ဖိုးရှိ ဒီဇယ် ၃၃၁၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (95)နဲ့ (92)တို့ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၀၅ ကျပ်၊ အောက်တိန်း (92) ၇၀၀ ကျပ် ၊ အောက်တိန်း (95) ၇၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၂၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၃၀၀၀၊ ရောင်းဈေး ကျပ် ၁၄၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ မတ်လ၂၀ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ်၁၅၀၀၀၀ ၊ ရောင်းဈေး ကျပ် ၁၅၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်၂၃ ရက်မှာ ဝယ်ဈေး ဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေးငြိမ်ခဲ့ပေမယ့် ဓာတ်ဆီဈေး ကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလံ ကျပ် ၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၈၇၀ကျပ် ၊ ဒီဇယ် ကျပ် ၇၃၀ ၊အဆင့်မြင့်ဒီဇယ် ကျပ် ၇၅၀၊ အောက်တိန်း (92) ကျပ် ၇၈၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်း အဝယ် ဖြစ်နေတဲ့ပီပါဈေးများမှာ မတ် ၂၀ ရက် မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၄၆၀၀၀၊ ရောင်းဈေးကျပ် ၁၄၈၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ် ၂၃ရက်တွင် ဝယ်ဈေး ကျပ် ၁၄၄၀၀၀၊ ရောင်းဈေး ကျပ် ၁၄၆၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မတ် ၂၀ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၇၀၀၀၊ ရောင်းဈေးကျပ် ၁၄၉၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်လ ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၅၀၀၀၊ ရောင်းဈေး ကျပ် ၁၄၈၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၀၀၀၊ ဓါတ်ဆီ ကျပ်၃၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချ နေတဲ့တစ်ဂါလံ ဈေးများမှာ ဓာတ်ဆီကျပ် ၃၃၀၀၊ ဒီဇယ် ၃၄၄၅ ကျပ်၊ အောက်တိန်း ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင် များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း တစ်ဂါလံကျပ် ၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ပြည်တွင်းငွေလဲနှုန်းများ ဈေးအနည်းငယ်ကျဆင်းလာ

ယခုတစ်ပတ်ဈေးကွက်အတွင်း ဖြစ်ပေါ်ခဲ့သည့် ငွေလဲနှုန်းများသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဖြစ်ပေါ်ခဲ့သည့် ငွေလဲနှုန်းများထက် ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပြည်တွင်းငွေလဲနှုန်းများသည် ရောင်းဈေး ၁၃၆၆ ကျပ်၊ ဝယ်ဈေး ၁၃၆၃ ကျပ် ရှိခဲ့သော်လည်း ယခုတစ်ပတ်ဈေးဖွင့်ချိန်က ရောင်းဈေး ၁၃၆၃ ကျပ်၊ ဝယ်ဈေး ၁၃၆၀ ဖြင့်ဈေးဖွင့်ခဲ့သည်။

ထိုဈေးဖြင့် ဈေးဖွင့်ခဲ့သော်လည်း နောက်ပိုင်းရက်များတွင် ဈေးအနည်းငယ်ထပ်မံကျဆင်းခဲ့သည်။ ဈေးကွက်အတွင်း ဝယ်လိုအားနည်းသွားပြီး ရောင်းလိုအားများလာသဖြင့် ယခုကဲ့သို့ ဈေးကျဆင်းသွားရခြင်းဖြစ်သည်ဟုဆိုသည်။

"ဈေးကွက်ထဲမှာ ဝယ်လိုအားနည်းလာပြီး ရောင်းလိုအားက များလာတော့ ဈေးကွက်ရဲ့သဘောတရားအရ ဈေးကျလာတာဖြစ်ပါတယ်။ ကမ္ဘာမှာလည်း အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့ငွေကြေးတွေရဲ့ဈေးနှုန်းတွေ ကျဆင်းလာတယ်။ အဲဒါကြောင့် ပြည်တွင်းငွေလဲနှုန်းတွေလည်း အနည်းငယ်ကျဆင်းလာတာပါ"ဟု ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ငွေလဲကောင်တာများတွင် မတ် ၂၀ ရက်က ရောင်းဈေး ၁၃၆၃ ကျပ်၊ ဝယ်ဈေး ၁၃၆၀ ကျပ်ရှိခဲ့ပြီး မတ် ၂၃ ရက်တွင် ရောင်းဈေး ၁၃၆၄ ကျပ်၊ ဝယ်ဈေး ၁၃၆၂ ကျပ်သို့ မြင့်တက်လာခဲ့သည်။ သို့သော် မတ် ၂၅ ရက်တွင် ရောင်းဈေး ၁၃၆၀ ကျပ်၊ ဝယ်ဈေး ၁၃၅၈ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ **မယ်သီတာ**

# ပြည်တွင်းရွှေဈေး ကျပ်ကိုးသိန်းကျော်သို့ ပြန်လည်ရောက်ရှိ

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ပြန်လည်မြင့်တက်လာခဲ့ကာ ကျပ်ကိုးသိန်းကျော်သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ဈေးကွက်အတွင်း အဝယ်လိုက်လာသဖြင့် ဈေးများမြင့်တက်လာရခြင်းဖြစ်သည်ဟု ဆိုသည်။

ဧပြီ ၁ ရက်တွင် ရွှေဝယ်ခွန်များကောက်မည်ဖြစ်သဖြင့် ယခုလအတွင်း ရွှေအထည်ဝယ်သူများ များပြားလာသည့်အပြင် ဒိုးဝယ်သူများလည်း များပြားလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"ဒီတစ်ပတ်ထဲမှာ ရွှေအဝယ်လိုက်လာတယ်။ အဝယ်လိုက်လာတဲ့အတွက် ဈေးမြင့်တက်လာရတာပါ။ နောက်လဆန်းဆိုရင် ရွှေဝယ်တိုင်း အခွန်ဆောင်ရမှာဖြစ်တဲ့အတွက် အခုဒီလထဲမှာ ဝယ်နေကြတဲ့အတွက် အခုလို ဈေးမြင့်တက်လာရတာလို့ ထင်ပါတယ်။ အခုဆိုရင် ပြည်တွင်းရွှေဈေးက ကျပ်ကိုးသိန်းကျော်အထိ ရောက်သွားပြီ။ လာမယ့်တစ်ပတ်မှာလည်း ဆက်ပြီးမြင့်တက်လိမ့်ဦးမယ်လို့ ထင်ပါတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးများသည် မတ် ၂၀ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၈၉၆၅၀၀ ရှိခဲ့ပြီး မတ် ၂၂ ရက်တွင် ကျပ် ၉၀၂၀၀၀ အထိ မြင့်တက်လာခဲ့သည်။ သို့သော် မတ် ၂၅ ရက်တွင် ကျပ် ၉၀၀၅၀၀ သို့ ပြန်လည်ကျဆင်းလာခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် မတ် ၂၀ ရက်တွင် တစ်အောင်စလျှင် ၁၂၃၂ ဒေါ်လာရှိခဲ့ပြီး မတ် ၂၂ ရက်တွင် ၁၂၄၅ ဒေါ်လာသို့မြင့်တက်ခဲ့သည်။ မတ် ၂၅ ရက်တွင် ၁၂၄၃ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။ **မယ်သီတာ**

# MTSH ၏ အစုရှယ်ယာဈေးနှုန်းများ ငြိမ်သက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများ၏ ဈေးနှုန်းများမှာ ငြိမ်သက်လျက်ရှိသည်။

MTSH ၏ အစုရှယ်ယာဈေးနှုန်းသည် ကျပ် ၄၁၀၀ ဖြင့် အရောင်းဖြစ်ခဲ့သည်။ MTSH ၏ အစုရှယ်ယာများသည် မတ် ၂၀ ရက်က အစုရှယ်ယာပေါင်း ၁၇၈၉၇ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ် ၂၁ ရက်တွင် ၉၉၂၈၊ မတ် ၂၂ရက်တွင် ၃၈၉၄၊ မတ် ၂၃ရက်တွင် ၂၉၇၉၀၊ မတ် ၂၄ ရက်တွင် ၅၈၄၅ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH အနေဖြင့်ဇုန်ဘီကိုစတင်အကောင်အထည် ဖော်လျက်ရှိနေပြီဖြစ်သဖြင့် ယခုကဲ့သို့ အရောင်းအဝယ်များဖြစ်လာရခြင်းဖြစ်သည်ဟု အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

FMI ၏အစုရှယ်ယာဈေးနှုန်းတစ်ခုသာလျှင် ကျပ် ၅၀၀ ခန့် အတက်အကျရှိခဲ့သည်။ FMI ၏ အစုရှယ်ယာဈေးနှုန်းများသည် မတ် ၂၀ ရက်က ကျပ် ၁၆၅၀၀ရှိခဲ့ပြီး မတ် ၂၄ရက်တွင် ကျပ် ၁၆၀၀၀သို့ အနည်းငယ်ကျ ဆင်းခဲ့သည်။ MCB ၏အစုရှယ်ယာဈေးနှုန်းသည် မတ် ၂၀ ရက်က ကျပ် ၉၀၀၀ ရှိခဲ့ပြီး မတ် ၂၁ ရက်မှ ၂၄ ရက်အထိ ကျပ် ၉၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ FPB ၏ အစုရှယ်ယာဈေးနှုန်းသည် မတ် ၂၀ ရက်က ကျပ် ၃၁၀၀၀ ရှိခဲ့ပြီးတစ်ပတ်လုံး အဆိုပါဈေးဖြင့်ပင် ရောင်းချခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

March 24, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 80.17 |
| CAD | Canada Dollars | 1.34 |
| CNY | China Yuan Renminbi | 6.89 |
| EUR | Euro | 0.93 |
| H KD | Hong Kong Dollars | 7.77 |
| I NR | India Rupees | 65.46 |
| I DR | Indonesia Rupiahs | 13327.64 |
| JPY | Japan Yen | 111.46 |
| MYR | Malaysia | 4.43 |
| PKR | Pakistan Rupees | 104.83 |
| PHP | Philippines Pesos | 50.34 |
| RUB | Russia Rubles | 57.35 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1122.23 |
| LKR | Sri Lanka Rupe | 151.80 |
| THB | Thailand Baht | 34.68 |
| GBP | United Kingdom Pounds | 0.80 |
| VND | VietnamDon | 22779.04 |

*Source:xe.com*

## World Gold Price

March, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 20 | 1238 | 1235 | 1236 |
| 21 | 1233 | 1230 | 1230 |
| 22 | 1247 | 1247 | 1247 |
| 23 | 1250 | 1249 | 1249 |
| 24 | 1247 | 1244 | 1244 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 20-3-2017 | 897.50 | 897.60 |
| 21-3-2017 | 895.50 | 895.00 |
| 22-3-2017 | 901.50 | 902.00 |
| 23-3-2017 | 899.50 | 899.00 |
| 24-3-2017 | 899.00 | 898.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 20 | 6 .91 | 34.69 | 80.05 | 65.39 |
| 21 | 6. 90 | 34.74 | 80.25 | 65.30 |
| 22 | 6 .88 | 34.66 | 80.20 | 65.48 |
| 23 | 6 .89 | 34.66 | 79.76 | 65.45 |
| 24 | 6.89 | 34.68 | 80.17 | 65.46 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 20- March | 17.41 | 2901.47 | 1923.94 | 5970.05 | 964.00 |
| 21- March | 17.33 | 2874.59 | 1927.74 | 5875.52 | 959.00 |
| 22- March | 17.51 | 2836.74 | 1940.96 | 5813.02 | 968.00 |
| 23- March | 17.53 | 2864.06 | 1937.82 | 5880.45 | 962.00 |
| 24- March | 17.54 | 2849.06 | 1947.46 | 5869.92 | 955.00 |

Source:kitco.com

## Energy NYMEX 24-3-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.83 | 0.13 | 0.27 |
| Brent Crude Futr (USD/bbl) | 50.64 | 0.08 | 0.16 |
| Gasoline Rbob Fut (Cent/gal) | 159.04 | 0.08 | 0.05 |
| Natural Gas Futr (USD/MMBtu) | 3.03 | -0.02 | -6.66 |
| Heating Oil Futr (Cent/gal) | 149.40 | 0.39 | 0.26 |

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ၃၀၀ ကျော်သာဝင်



မတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၈၄၆၅ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၃၀၀ ဒသမ ၂၉ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၂၃၃ ဒသမ ၀၄ တန်နဲ့ မလေးရှား နိုင်ငံမှ ၆၇ ဒသမ ၂၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၁၅၅၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၅၀၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းပိုသွက်

မတ်လ၁၂ ရက်မှ ၁၈ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၃၀၀ကျော်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၁၅၅၈၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၂၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၁၀၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၅၉၃၀ ကျော် ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၄၈၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်သွက်ပြီး ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၇၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင် ဆင် ကျပ် ၅၅၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီးယခင် တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၅၅၀၊ စိန်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပိုသွက်တယ်။ ဒါပေမယ့် ဈေးငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံးကျပ် ၄၅၀၀၊ မြန်မာဆင် ကျပ် ၄၁၀၀၊ ဆင်(ထိုင်း)ကျပ် ၆၇၀၀၊ စိန်(ထိုင်း)ကျပ် ၆၈၀၀၊ ဆင်မင်း ကျပ် ၄၂၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၈၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၅၀၀၊ နဂါးကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် မြေဩဇာတန်ချိန် ၄၅၀၀ ကျော်အဝင်ပို

မတ်၁၂ ရက်မှ ၁၈ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၀၅၄၀၅၃ တန်ဖိုးရှိမြေဩဇာ ၈၈၆၂ ဒသမ ၇၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ တန်ချိန် ၅၀၀၀၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၀၀၀၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၃ ဒသမ ၆၀ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၃၄၀၊ ဂျပန်နိုင်ငံမှ သုည ဒသမ ၁ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၈၀၉ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၂၀၀ နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ အာမို၊ ဂျမ်ဘို၊ ကွန်ပေါင်း ၁၅း၁၅း၁၅၊ ယူရီးယား၊ ဩဂဲနစ်တို့ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ဂျပန်နိုင်ငံမှ ယူရီးယား ၄၆% မြေဩဇာကို နမူနာအနေနဲ့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့မြေဩဇာ တန်ချိန် ၄၂၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၅၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် ဆက်လက်အရောင်းအေးနေ

မတ် ၁၂ ရက်မှ မတ် ၁၈ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၈၈၆၀ တန် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ၄၂၈၉ တန်ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၅၉၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၈၆၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၁၂၈၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၃၃၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းပါ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအေးပြီး ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိ ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားနဲ့ ကွန်ပေါင်းမြေဩဇာက ဈေးနည်းနည်းတက်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ တီစူပါ(သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ်၂၃၅၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၃၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၉၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၀၀၀၊ မြွားကမ္ဘာ ကျပ် ၁၅၄၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ် အေးတယ်လို့ သိရပါတယ်။ ယခင်ဈေးနဲ့ယှဉ်ရင် ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့် အဝင်လျော့

မတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၈၉၃၁၅ တန်ဖိုးရှိ နို့ဆီ ၄၆၈ ဒသမ ၈၂၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၃၂ဒသမ ၆၂ တန်၊ စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၇ ဒသမ ၃၂၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး စင်ကာပူနိုင်ငံမှ ဒုတိယအများဆုံး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ Tea Pot၊ My Boyနဲ့ ဒွန်းနို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၂၂၀ နီးပါးနဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၂၄၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ဂျာမနီနိုင်ငံမှ ၁ ဒသမ ၈၃၃ တန်၊ အိုင်ယာလန်နိုင်ငံမှ ၄ ဒသမ ၃၈၆ တန်၊ နယူးဇီလန်နိုင်ငံမှ ၃၀၄ ဒသမ ၈၀ တန်၊ စင်ကာပူနိုင်ငံမှ ၅ဒသမ ၃၁၂တန် စုစုပေါင်း၃၁၆ ဒသမ ၃၃၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၄၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၃၆၅၄ တန်ဖိုးရှိ နို့ဆီ ၁၄ ဒသမ ၅၁၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၀၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၁၉၀၀၊ တီစူပါ (GTSP ၄၆%-တရုတ်) ကျပ် ၁၉၀၀၀၊ မြွားသီးစုံ ကျပ်၁၄၂၀၀၊ ပန်းသီးစုံ ကျပ် ၁၅၂၀၀၊ ကွန်ပေါင်း ၁၀း၁၀း၅ ကျပ် ၁၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၃ မှ ၁၇/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၃ မှ ၁၀/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၅၄ ၊၂၅ | ၅၇၂၊၀၅ | (+) | ၇၈၂၊၂၀ |
| ၂။ | လွယ်ဂျယ် | ၁၀၂၅၊၅၀ | ၈၃၉၊၀၀ | (+) | ၁၈၆၊၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၇၃၊၅၀ | ၂၆၁၊၅၀ | (-) | ၈၈၊၀၀ |
| ၄။ | ကန်ပိုက်တီး | ၅၁၈၄၊၅၀ | ၅၁၅၃၊၅၀ | (+) | ၃၁၊၀၀ |
| ၅။ | တာချီလိတ် | ၇၅၀၀၊၀၀ | ၁၀၃၀၀၊၀၀ | (-) | ၂၈၀၀၊၀၀ |
| ၆။ | မြဝတီ | ၆၅၀၊၂၁ | ၅၈၉၊၆၀ | (+) | ၆၀၊၆၁ |
| ၇။ | ကော့သောင်း | ၁၁၅၀၇၊၂၅ | ၁၄၅၅၀၊၀၀ | (-) | ၃၀၄၂၊၇၅ |
| ၈။ | မြိတ် | ၃၆၈၅၊၀၀ | ၃၆၇၀၊၀၀ | (+) | ၁၅၊၀၀ |
| | စုစုပေါင်း | ၃၁၀၈၀၊၂၁ | ၃၅၉၃၅၊၆၅ | (-) | ၄၈၅၅၊၄၄ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၃ မှ ၁၇/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၃ မှ ၁၀/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၉၂၈၊၀၀၀ | ၈၃၅၉၊၇၅၀ | (+) | ၄၅၆၈၊၂၅၀ |
| ၂။ | လွယ်ဂျယ် | ၅၅၊၀၀၀ | ၅၄၊၀၀၀ | (+) | ၁၊၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၂၇၅၊၅၀၀ | (-) | ၂၇၅၊၅၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၇၀၅၊၀၀၀ | ၁၆၅၊၀၀၀ | (+) | ၁၅၄၀၊၀၀ |
| ၅။ | မြဝတီ | ၂၂၅၁၊၀၀၀ | ၂၉၊၂၆၆ | (+) | ၂၂၂၁၊၇၃၄ |
| ၆။ | ကော့သောင်း | ၁၃၃၊၇၈၄ | - | (+) | ၁၃၃၊၇၈၄ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၅၅၀၊၀၀၀ | ၂၄၀၀၊၀၀ | (-) | ၈၅၀၊၀၀၀ |
| | စုစုပေါင်း | ၁၈၆၂၂၊၇၈၄ | ၁၁၂၈၃၊၅၁၆ | (+) | ၇၃၃၉၊၂၆၈ |

ခင်မိုးသူ

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း

# မူဆယ်မှ နှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁ဝ၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၅၃သန်းတန်ဖိုးရှိနှမ်းရောင် စုံ ၃၉၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၁၇၈ တန်၊ နှမ်းညို ၆၃ တန်ခွဲ၊ နှမ်းဖြူ (အခွံချွတ်) ၈၅တန် စုစုပေါင်း ၃၂၆ တန်ခွဲ၊ ချင်းရွှေဟော်မှ နှမ်းဖြူ ၃၅ တန်ကျော်နဲ့ နှမ်းညို ၃၂ တန် စုစုပေါင်း ၆၇ တန်ကျော်ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ တန် ၂၅ဝ၊ ချင်းရွှေဟော်မှ ၂၂၄ တန် ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မူဆယ်မှ နှမ်း ၇၆တန်ခွဲ ပိုမိုတင်ပို့ခဲ့ပြီး ချင်းရွှေဟော်မှ ၁၅၇တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူ တစ်တန်လျှင် ၁၃၃၃၃၃၃ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၃၁၂၃၂၆ ကျပ် ဈေးရှိကြောင်းသိရပါတယ်။

**မော်မော်အောင်**

## နှမ်းဈေးကျပေမယ့် လှောင်နှမ်းများနဲ့ ပြည်နှမ်းဈေးကွက် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်နှမ်းနီနှင့်စမုံနက်နှမ်းဈေးပြန်ကျလာပြီး ရိုးရိုးနှမ်းနက် ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းများဝင်ရောက်မှုမရှိပေမယ့်လည်း ပွဲရုံများမှ ယခင် ဝယ်ယူထားတဲ့နှမ်းများနဲ့သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက်ရိုးရိုးကို မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိသဖြင့် ဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၇၅ဝဝဝ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၅ဝဝဝ ဈေးကျသလို စမုံနက်နှမ်းဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂ဝဝဝဝ ဈေးဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၅ဝဝဝ ခန့်ဈေးကျလာတာတွေ့ရပါတယ်။ ရိုးရိုးနှမ်းနက်ဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉ဝဝဝဝ ဈေးဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# စားအုန်းဆီ ထုတ်လုပ်မှု ကျဆင်းခြင်း၊ ပဲပုပ်ဆီဈေးမြင့်တက်ခြင်းတို့ကြောင့် မလေးရှားစားအုန်းဆီဈေး ရက်သတ္တပတ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ

မတ် ၂၂ ရက်တွင် မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးမှာ ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

စားအုန်းဆီထုတ်လုပ်မှု ရှေ့အလားအလာများ မရေမရာဖြစ်နေခြင်းနှင့် ပဲပုပ်ဆီဈေးများ မြင့်တက်လာခြင်းတို့ကြောင့် မလေးရှားစားအုန်းဆီဈေးများသည် ဒုတိယမြောက်နေ့အဖြစ် ဆက်တက် မြင့်တက်လာခြင်းဖြစ်သည်။



ထုံးစံအားဖြင့်စားအုန်းဆီထုတ်လုပ်မှုသည် ဖေဖော်ဝါရီနှင့်နှိုင်းယှဉ်ပါက မတ်တွင် မြင့်တက်လေ့ရှိသည်။ သို့သော်လည်း ဆီအုန်းပင်များမှာ သီးနှံထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသည့် အယ်လ်နီညိုရာသီဥတု၏ဖိစီးမှုဒဏ်ကို ခံနေရဆဲဖြစ်ပြီး အသီးထွက်နှုန်းကို ကျဆင်းစေသည့်အတွက် ယခုလတွင် စားအုန်းဆီထုတ်လုပ်မှု မြင့်တက်လာခြင်း ရှိမရှိကို စားအုန်းဆီလုပ်ငန်း ဆောင်ရွက်နေသူတို့က အသေအချာ တွက်ဆ၍မရနိုင်ဘဲ ရှိနေသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Dervatives Exchange) တွင် မတ် ၂၃ ရက်က ဇွန်လအတွက် ချုပ်ဆိုသော စားအုန်းဆီကြိုရောင်းဈေး၏အခြေခံစံထား ဈေးနှုန်းမှာ တစ်တန်ကို ၂၈၂၉ ရင်းဂစ် ( အမေရိကန်ဒေါ်လာ ၆၃၉) ရှိခဲ့သည်။ စောစောပိုင်းကမူ တစ်တန်ကို ၂၈၃၉ ရင်းဂစ်အထိရောက်ရှိခဲ့ရာ မတ် ၉ ရက်နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်။ မတ်လ ၂၂ ရက်က စုစုပေါင်း ရောင်းချရသော စားအုန်းဆီပမာဏမှာ ၂၅ တန်ရှိ အတွဲ ၄ဝ၇၆၂ တွဲရှိခဲ့သည်။

စားအုန်းဆီဈေးနှုန်း မြင့်တက်စေရန် အလားတူအထောက်အကူပြုနေသော အကြောင်းတရားများတွင် ပဲပုပ်ဆီဈေးနှုန်းမြင့်တက်မှုနှင့် ၂ဝ၁၇ ခုနှစ် ဇီဝဒီဇယ် သတ်မှတ်ချက်များကို အတည်ပြုအကောင်အထည်ဖော်လာမှု စသည့် အချက်များဖြစ်သည်။

"ပဲပုပ်ဆီဈေးနှုန်းတွေမြင့်တက်လာလိမ့်မယ်လို့ ဈေးကွက်က ခန့်မှန်းထားပါတယ်။ ကျွန်တော်တို့ရဲ့ စားအုန်းဆီထုတ်လုပ်မှုကလည်း နှေးကွေးကျဆင်းနေတဲ့အတွက် ကာလတိုမှာ စားအုန်းဆီဈေးနှုန်း မြင့်တက်စေဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်"ဟု ကွာလာလမ်ပူမှ စားအုန်းဆီ ကြိုရောင်းကြိုဝယ်လုပ်ငန်းဆောင်ရွက်နေသော ကုန်သည်တစ်ဦးက ပြောသည်။မတ် ၁ ရက်မှ ၂ဝ ရက်အတွင်း တင်ပို့ခဲ့သော မလေးရှားစားအုန်းဆီ တင်ပို့မှုကို ယခင်လကာလတူနှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့သည်ကိုတွေ့ရသည်။ စားအုန်းဆီ ပြည်ပတင်ပို့မှုသည် Intertek Testing Services အစီရင်ခံစာအရ သုံးရာခိုင်နှုန်းကျဆင်းပြီး Societe Generale de Surveillance အစီရင်ခံစာအရ ၇ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းကြောင်းသိရသည်။

စားအုန်းဆီဈေးသည် အမြင့်ဆုံးအားဖြင့် တစ်တန်ကို ၂၈၁ဝ ရင်းဂစ်အထိ ရောက်ရှိနိုင်ပြီး ထိုထက်ကျော်လွန်ပါက ရင်းဂစ် ၂၈၈ဝအထိ ဆက်လက်မြင့်တက်နိုင်ကြောင်း ရိုက်တာသတင်း ဌာနမှ ဈေးကွက်စိစစ်ရေးမှူး ဝမ်တောင်းက ခန့်မှန်းသည်။

စားအုန်းဆီ ဈေးနှုန်းသည်အခြားဟင်းရွက်ဆီဈေးနှုန်းကြောင့် ဖြစ်ပေါ်ရသော ဂယက်ရိုက်ခတ်မှုဒဏ်ကိုလည်း ခံရသည်။ အမေရိကန်ပြည်ထောင်စုချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် ပဲပုပ်ဆီကြိုရောင်းဈေးက သုည ဒသမ ဝ၃ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံဒါလီယံ ကုန်စည်ဒိုင်တွင်စက်တင်ဘာလအတွက် စားအုန်းဆီ ကြိုရောင်းဈေးက သုညဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၃-၂ဝ၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄ဝဝဝ | ၄ဝဝဝ | □ | ၄ဝဝဝ | ၄ဝဝဝ | □ | ၂ဝဝဝ | ၁၉၅ဝ | ▽ |
| ရန်ကုန် | ၄၆ဝဝ | ၄၆ဝဝ | □ | ၃၃ဝဝ | ၃၃ဝဝ | □ | ၁၈၂ဝ | ၁၈ဝ၅ | ▽ |
| မန္တလေး | ၃ဝဝဝ | ၃ဝဝဝ | □ | ၃၂ဝဝ | ၃၂ဝဝ | □ | ၁၉၂ဝ | ၁၉၁ဝ | ▽ |
| ပဲခူး | ၄ဝဝဝ | ၄ဝဝဝ | □ | ၄၈ဝဝ | ၄၈ဝဝ | □ | ၁၉၃ဝ | ၁၉ဝဝ | ▽ |
| မကွေး | ၄ဝဝဝ | ၄ဝဝဝ | □ | ၃၈ဝဝ | ၃၈ဝဝ | □ | ၁၈ဝဝ | ၂၁ဝဝ | △ |
| မုံရွာ | ၃၉ဝဝ | ၄၁ဝဝ | △ | ၃၄ဝဝ | ၃၈ဝဝ | △ | ၁၉၆ဝ | ၂၁၅ဝ | △ |
| စစ်တွေ | ၆ဝဝဝ | ၆ဝဝဝ | □ | ၄ဝဝဝ | ၄ဝဝဝ | □ | ၂၂ဝဝ | ၂၂ဝဝ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၄-၃-၂ဝ၁၇ US$/Ton

| အမျိုးအစား | မတ်လဒုတိယပတ် | မတ်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇ဝ၂.၅ဝ | ၇ဝ၉.၅ဝ | △ |
| RBD P.Olein | ၇ဝ၈.၅ဝ | ၇၁၁.ဝဝ | △ |
| RBD P.Stearin | ၆၈၃.ဝဝ | ၆၇၉.၅ဝ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၄- ၃ -၂ဝ၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၅၇.၉၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ဝ.၁ဝ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ဝ.ဝ၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၁၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၂၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၉၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈ဝ.၁၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ဝ.ဝ၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ဝ.၆ဝ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၁၄.၆ဝ၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၄-၃-၂ဝ၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၄၅ဒေါ်လာနှင့် USD ဈေး ၁၃၆၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၄-၃-၂ဝ၁၇နေ့ ဝယ်ယူပြီးနောက် ၁ဝ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅ဝ ကျပ်နှင့် တွက်ချက်ပြီး ၂ဝ၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Vol: 17, No.13 Monday March 27 2017

# ယခုနှစ် ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၆ သိန်းကျော်တင်ပို့ပြီး ယခင်နှစ်ထက် တန်ချိန် ၁ ဒသမ ၅ သိန်း ပိုမိုတင်ပို့နိုင်



| ရှင်မင်းအုံ (တန့်ဆည်) |

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်" ဟူသော VISION ချမှတ် ဆောင်ရွက်လျက် ရှိပါတယ်။

ထို့ပြင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ရပ် အနက် စီးပွားရေးမူဝါဒအမှတ် (၆) ဖြစ်တဲ့ "ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနဲ့ စက်မှုကဏ္ဍများ ဘက်စုံညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာကိုက်ညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်"ဆိုတဲ့အချက်နဲ့အညီ မြန်မာ့ ပို့ကုန်များအနက် လယ်ယာကဏ္ဍတွင် ပိုမိုတင်ပို့နိုင်ကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ရာခိုင်နှုန်းက တောင်သူလယ်သမား စိုက်ပျိုးထုတ်လုပ်သူများဖြစ်ပြီး ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတို့ကို အဓိက စိုက်ပျိုးထုတ်လုပ် ရောင်းချလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ပို့ကုန်ကဏ္ဍအနေဖြင့်လည်း လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ အဓိက တင်ပို့နေသည့် နိုင်ငံဖြစ်သလို မြန်မာ့ဆန်နှင့်ဆန်ကွဲက လယ်ယာထွက်ကုန် ပစ္စည်းများအနက် အများဆုံးတင်ပို့သည့် ပစ္စည်းများဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ယခုဘဏ္ဍာနှစ် ၂၀၁၆-၂၀၁၇ (ဧပြီမှ မတ်လ ဒုတိယပတ်ထိ) ကုန်သွယ်မှုကို ကြည့်ပါက ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၁ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံရှိပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံကျော် ရရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယခင်နှစ်ကာလတူ ထက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃၂ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၁ သန်း ပိုမိုတင်ပို့၊ တင်သွင်းနိုင်ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၇၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

ပို့ကုန်တင်ပို့မှုပိုင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းက အမေရိကန်ဒေါ်လာ ၂၇၂၃ သန်း တင်ပို့နိုင်တဲ့အတွက် ပို့ကုန်တင်ပို့မှုရဲ့ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ လယ်ယာ ထွက်ကုန်ပစ္စည်းတင်ပို့မှုကို လေ့လာကြည့်ရင် ပဲမျိုးစုံတင်ပို့မှုက တန်ချိန် ၁၃ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၂၃ သန်း၊ ဆန်နှင့် ဆန်ကွဲတင်ပို့မှု တန်ချိန် ၁၆ သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၁၃ သန်း၊ ပြောင်းတင်ပို့မှု တန်ချိန် ၁၂ သိန်းနီးပါး၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ သန်း၊ နှမ်းတင်ပို့မှုတန်ချိန် တစ်သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၁ သန်း၊ ရော်ဘာစိမ်းတင်ပို့မှုတန်ချိန် ၁ ဒသမ ၃ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၁ သန်း တင်ပို့နိုင်ပြီး အခြား သရက်သီး၊ ဖရဲသီး၊ သခွားမွှေးစတဲ့ သစ်သီးစို တင်ပို့မှုက အမေရိကန်ဒေါ်လာ ၈၂ သန်းဖြစ်ပြီး အခြား လယ်ယာ ထွက်ကုန် ပစ္စည်းများလည်း တင်ပို့ထားကြောင်း ကုန်သွယ်ရေးဦးစီးဌာနရဲ့ ကုန်သွယ်မှုစာရင်းများအရ သိရှိရပါတယ်။

ဆန်တင်ပို့မှုနှင့်ပတ်သက်၍ ယခင်နှစ်က နိုင်ငံပေါင်း ၅၁ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်မှာ နိုင်ငံပေါင်း ၅၄ နိုင်ငံသို့ တင်ပို့နိုင်ခဲ့တာ ကိုတွေ့ရှိရပါတယ်။ ယခုနှစ်တင်ပို့ခဲ့တဲ့ ၅၄ နိုင်ငံကို လေ့လာကြည့်ပါက နိုင်ငံပေါင်း ၂၂ နိုင်ငံဟာ ယခုနှစ်မှာ အသစ်ထပ်မံတင်ပို့တဲ့နိုင်ငံ များဖြစ်ပြီး ၊ နိုင်ငံ ၃၃ နိုင်ငံဟာ နှစ်စဉ် ပုံမှန်ဈေးကွက် ရရှိထားတဲ့ နိုင်ငံတွေဖြစ်ကြောင်း တွေ့ရပါတယ်။ ယခုနှစ်မှာ ဈေးကွက်ပျောက်သွားတဲ့ နိုင်ငံ ၁၉ နိုင်ငံရှိပြီး ဈေးကွက်ပျောက်သွားတဲ့ နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ဈေးကွက်အသစ်ရရှိတဲ့နိုင်ငံတွေကဆန်ပိုမိုတင်ပို့ ရတဲ့ နိုင်ငံများဖြစ်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ ဆန်တင်ပို့မှု ဈေးကွက် အသစ်ရရှိတဲ့ နိုင်ငံတွေကတော့ ဩစတြေးလျ၊ ဘီနင်၊ ကင်မရွန်း၊ ကိုလံဘီယာ၊ ကော့စတာရီကာ၊ အိုင်ဗရီကို့စ်၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ အက်စ်တိုးနီးယား၊ ဂီနီ၊ အစ္စရေး၊ မက်ဒါဂါစကား၊ နိုက်ဂျီးရီးယား၊ ပါကစ္စတန်၊ ပါပူဝါနယူးဂီနီ၊ ဆလိုဗက်ကီးယား၊ စလိုဘေးနီးယား၊ သီရိလင်္ကာ၊ တိုဂို၊ အမေရိကန်၊ ဗင်နီဇွဲလားနဲ့ ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါတယ်။

ဆန်ကွဲတင်ပို့မှုအနေနဲ့လည်း ယခင်နှစ်က နိုင်ငံပေါင်း ၂၀ ကို တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်မှာ နိုင်ငံပေါင်း ၃၃ နိုင်ငံရဲ့ ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်တာကို တွေ့ရှိရပါတယ်။ ပုံမှန်ဈေးကွက်ရနေတဲ့ နိုင်ငံ ၁၁ နိုင်ငံ၊ ဈေးကွက်ပျောက်သွားတဲ့ နိုင်ငံ ၉ နိုင်ငံနဲ့ ယခုနှစ်မှာ ဈေးကွက်သစ်အဖြစ်ရရှိတဲ့ နိုင်ငံ ၂၂ နိုင်ငံဖြစ်တဲ့အတွက် ဆန်ကွဲတင်ပို့မှု ဈေးကွက်ဟာ ပိုမိုရရှိလာကြောင်း တွေ့ရှိရပါတယ်။

ဈေးကွက်အသစ်ရရှိတဲ့ နိုင်ငံများမှာ အာဖဂန်နစ္စတန်၊ ဘော့စ်ဆွာနာ၊ ကနေဒါ၊ အိုင်ဗရီကို့စ်၊ အီရီထရီးယား၊ ဖီဂျီ၊ ဂျာမနီ၊ ဂရိ၊ ဂီနီအာ၊ အင်ဒိုနီးရှား၊ လာအို၊ လစ်သူယေးနီးယား၊ မလေးရှား၊ နီပေါ၊ နယူးဇီလန်၊ နိုင်ဂျာ၊ ပေါ်တူဂီ၊ ဆော်ဒီအာရေးဗီးယား၊ ဆလိုဗက်ကီးယား၊ စပိန်၊ သီရိလင်္ကာနှင့် အမေရိကန်နိုင်ငံတို့ ဖြစ်ကြပါသည်။

ပြည်တွင်းစပါးဈေးနဲ့ ပတ်သက်၍ ၄၆ ပေါင် ကိုက် မနောသုခ စပါး အမျိုးအစား တင်း ၁၀၀ ဈေးနှုန်းကို ယခင်နှစ်အလားတူကာလ ဈေးနှုန်းများဖြင့် နှိုင်းယှဉ်ကြည့်ရာတွင် ပြည်တွင်း စပါးဈေးနှုန်းများမှာလည်း အောက်ပါအတိုင်း လျော့နည်းကြောင်း တွေ့ရှိရပါတယ်။

| ဈေးကွက်မြို့ | အမျိုးအစား | ၂၀၁၆ ခုနှစ် (ဈေးနှုန်း) | ယခုတစ်ပတ် ၁၇-၃-၂၀၁၇ |
|---|---|---|---|
| မြစ်ကြီးနား | ဆင်း-၃ (ဟောင်း) | ၆၀၀၀၀၀ | ၅၅၀၀၀၀ |
| လှိုင်ကော် | ညှော်မထ (မိုးသစ်) | ၇၆၆၀၀၀ | ၇၀၂၀၀၀ |
| ဘားအံ | ညှော်မထ (မိုးသစ်) | ၅၅၀၀၀၀ | ၄၀၀၀၀၀ |
| ရွှေဘို | ညှော်မထ (မိုးသစ်) | ၈၆၅၀၀၀ | ၉၀၀၀၀၀ |
| မြိတ် | ညှော်မထ (မိုးသစ်) | ၅၄၀၀၀၀ | ၃၉၀၀၀၀ |
| ပဲခူး | ညှော်မထ (မိုးသစ်) | ၅၅၀၀၀၀ | ၄၁၀၀၀၀ |
| ပြည် | ညှော်မထ (မိုးသစ်) | ၅၆၀၀၀၀ | ၄၄၅၀၀၀ |
| မကွေး | ညှော်မထ (မိုးသစ်) | ၈၀၀၀၀၀ | ၆၅၀၀၀၀ |
| မန္တလေး | ညှော်မထ (မိုးသစ်) | ၇၀၀၀၀၀ | ၆၀၀၀၀၀ |
| မော်လမြိုင် | ညှော်မထ (မိုးသစ်) | ၅၆၀၀၀၀ | ၄၇၀၀၀၀ |
| စစ်တွေ | ညှော်မထ (မိုးသစ်) | ၅၁၀၀၀၀ | ၃၈၀၀၀၀ |
| ရန်ကုန် (သန်လျင်) | ညှော်မထ (မိုးသစ်) | ၅၄၈၀၀၀ | ၄၀၀၀၀၀ |
| ပုသိမ် | ညှော်မထ (မိုးသစ်) | ၅၉၈၀၀၀ | ၄၆၀၀၀၀ |

ထို့အတူ ပြည်တွင်းဆန်ဈေးနှုန်းကို လေ့လာရာတွင် ညှော်မထ ၂၅ မှတ် ဆန်မနောသုခ လတ်စ တစ်အိတ်ဈေးနှုန်းကို ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်ကြည့်ရာတွင် ပြည်တွင်းဆန်ဈေးနှုန်းလည်း လျော့နည်းကြောင်း တွေ့ရှိရပါတယ်။

| ဈေးကွက်မြို့ | အမျိုးအစား | ၂၀၁၆ ခုနှစ် (ဈေးနှုန်း) | ယခုတစ်ပတ် ၁၇-၃-၂၀၁၇ |
|---|---|---|---|
| မြစ်ကြီးနား | ဆင်း-၃ (ဟောင်း) | ၃၀၀၀၀ | ၂၈၀၀၀ |
| လှိုင်ကော် | ညှော်မထ (မိုးသစ်) | ၂၅၀၀၀ | ၂၈၀၀၀ |
| ဘားအံ | ညှော်မထ (မိုးသစ်) | ၂၂၀၀၀ | ၁၇၀၀၀ |
| ရွှေဘို | ညှော်မထ (မိုးသစ်) | ၃၆၀၀၀ | ၃၆၀၀၀ |
| မြိတ် | ညှော်မထ (မိုးသစ်) | ၂၆၀၀၀ | ၂၀၀၀၀ |
| ပဲခူး | ညှော်မထ (မိုးသစ်) | ၂၁၀၀၀ | ၁၆၅၀၀ |
| ပြည် | ညှော်မထ (မိုးသစ်) | ၂၁၅၀၀ | ၁၇၀၀၀ |
| မကွေး | ညှော်မထ (မိုးသစ်) | ၂၅၀၀၀ | ၁၉၅၀၀ |
| မန္တလေး | ညှော်မထ (နွေ) | - | ၂၉၀၀၀ |
| | ညှော်မထ (မိုးသစ်) | ၂၅၅၀၀ | ၂၄၀၀၀ |
| မော်လမြိုင် | ညှော်မထ (မိုးသစ်) | ၂၁၀၀၀ | ၁၈၀၀၀ |
| စစ်တွေ | ညှော်မထ (မိုးသစ်) | ၂၁၀၀၀ | ၁၆၅၀၀ |
| ဝါးတန်း | ညှော်မထ (နွေရှယ်သစ်) | - | ၁၉၀၀၀ |
| | ညှော်မထ (မိုးသစ်) | ၂၁၅၀၀ | ၁၇၀၀၀ |
| တောင်ကြီး | ညှော်မထ (မိုးသစ်) | ၂၄၀၀၀ | ၂၂၀၀၀ |
| လားရှိုး | ညှော်မထ (မိုးသစ်) | ၂၈၀၀၀ | ၂၅၀၀၀ |
| ကျိုင်းတုံ | ညှော်မထ (မိုးသစ်) | ၂၉၀၀၀ | ၂၉၀၀၀ |
| ပုသိမ် | ညှော်မထ (မိုးသစ်) | ၂၃၀၀၀ | ၁၈၅၀၀ |

စာမျက်နှာ (၂၁)သို့

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံ၏ လက်မှုပစ္စည်းတင်ပို့မှုကို မြှင့်တင်မည်

ကမ္ဘာ့စီးပွားရေး ပြန်လည်ကောင်းမွန်လာခြင်း၊ လောင်စာဆီဈေးနှုန်း မြင့်တက်ခြင်း၊ ထိုင်းလက်မှုလုပ်ငန်းများ အနေဖြင့် ဖောက်သည်များ၏ လူနေမှုအဆင့်အတန်းနှင့် လိုက်လျောညီထွေစွာ ဆန်းသစ်တီထွင် ထုတ်လုပ်နိုင်ခြင်းများကြောင့် ယခုနှစ်တွင် ထိုင်းနိုင်ငံ၏ လက်မှုပစ္စည်းတင်ပို့မှုကို ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးတက်မှုရရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်တွင် ရွှေနှင့်ငွေထည်ပစ္စည်းတင်ပို့မှုမှ ဘတ် ၄၄ ဒသမ ၂ ဘီလီယံရရှိ၍ ၂၀၁၅ ခုနှစ်ထက် သုညဒသမ ၃၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အခြားလက်မှုပစ္စည်းအမျိုးမျိုးတင်ပို့မှုမှ ဘတ် ၆ ဒသမ ၆၄ ဘီလီယံရရှိခဲ့သဖြင့် သုည ဒသမ ၈၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ သို့သော် ချည်ထည်ပစ္စည်းတင်ပို့မှုမှ ဘတ် ၇ ဒသမ ၅ ဘီလီယံရရှိခဲ့ရာ ယခင်နှစ်ထက် ၄ ဒသမ ၉၉ ရာခိုင်နှုန်းကျဆင်းသကဲ့သို့ ကြွေထည်မြေထည် တင်ပို့မှုမှလည်း ဘတ် ၈၈၈ သန်းသာရရှိခဲ့သဖြင့် ၂ ဒသမ ၆၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ လက်မှုပစ္စည်းတင်ပို့သည့် အဓိကဈေးကွက်များမှာ အမေရိကန်၊ ဟောင်ကောင်နှင့်ဂျာမနီစသည့်နိုင်ငံများဖြစ်ပြီး စုစုပေါင်းတင်ပို့မှု၏ ၄၁ ဒသမ ၇ ရာခိုင်နှုန်းရှိပါသည်။ ထို့ပြင် ၂၀၁၆ ခုနှစ်အတွင်းက တရုတ်နိုင်ငံသို့ ရွှေထည်ငွေထည်နှင့်ချည်ထည်အမျိုးမျိုးတင်ပို့မှုသည် ယခင်နှစ်ထက် ၃၀ ဒသမ ၂ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသို့တင်ပို့မှုမှ ၁၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် လီချင်စတိန်းနိုင်ငံသို့တင်ပို့မှုသည် ၈ ဒသမ ၁၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံသည်လက်မှုပစ္စည်းတင်ပို့မှုမှ စုစုပေါင်းဘတ် ၅၉ ဒသမ ၂ ဘီလီယံရရှိခဲ့သော်လည်း ယခင်နှစ်ထက် သုည ဒသမ ၃၇ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

ထိုင်းအစိုးရအနေဖြင့် တိုင်းပြည်စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည့် စတုတ္ထစက်မှုတော်လှန်ရေးမူဝါဒ (Thailand 4.0) ကိုချမှတ်၍ ကဏ္ဍအလိုက် အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ကြောင့် လက်မှုပစ္စည်းထုတ်လုပ်မှုကဏ္ဍအနေဖြင့်လည်း ဆန်းသစ်တီထွင်မှုကို မြှင့်တင်၍ ခေတ်သစ်လူနေမှုစနစ်တွင် လက်တွေ့အသုံးဝင်မည့် လက်မှုပစ္စည်းများကို ဆန်းသစ်ထုတ်လုပ်မည်ဖြစ်သည်။ ထိုင်းနိုင်ငံလက်မှုအနုပညာစင်တာမှကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ လက်မှုပစ္စည်းပြပွဲ (International Innovative Craft Fair 2017) ကို ထိုင်းနိုင်ငံတွင် ယခုနှစ်မတ်လ ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက်ကြာကျင်းပမည်ဖြစ်ရာ ပြခန်းပေါင်း ၃၅၀ တွင် ဒေသတွင်း နိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံအသီးသီးမှ လက်မှုပစ္စည်းများ ပါဝင်ပြသကြမည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# E-Commerce သည် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်အတွက် အဓိကကျကြောင်း တရုတ်နိုင်ငံပြောကြား

ဖေဖော်ဝါရီလကုန်က Alibaba Group နှင့် Ant Financial Services Group တို့ ပူးပေါင်း၍ စီချွမ်ပြည်နယ်အစိုးရနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဓိက အားဖြင့် ဆင်းရဲမှုပပျောက်ရေး အထောက်အကူဖြစ်စေရန် အချက်အလက်များရရှိမှု၊ e-commerce၊ ပို့ဆောင်ဆက်သွယ်ရေးချိတ်ဆက်မှုများ၊ ခရီးသွားလာရေးနှင့် ငွေချေးကိစ္စများ ဆောင်ရွက်မည်ဖြစ်သည်။

စီချွမ်ပြည်နယ်အစိုးရက ကျေးလက်ဒေသ၌ အီးကောမတ်စ် ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းသည် ခေတ်သစ်ဆင်းရဲမှုပပျောက်ရေး၏ လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားပါသည်။ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသည့်ဒေသရှိကျေးလက်နေလယ်သမားများ အနေဖြင့် မိမိတို့လယ်ယာထွက်ကုန်များကို အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်ဖောက်ကားခြင်း၊ လိုအပ်သည့် လယ်ယာသုံး သွင်းအားစုများ၊ အိမ်သုံးပစ္စည်းများကို လည်း အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်ခြင်း ကြောင့် ဝင်ငွေများတိုးတက်ရရှိပြီး၊ လူနေမှုအဆင့်အတန်း မြင့်မားလာကြောင်း၊ ကျေးလက်လူငယ်များအနေဖြင့် မိမိတို့ဒေသရှိ အွန်လိုင်းစင်တာများ၌ အလုပ်အကိုင် ရရှိစေကြောင်း ဆက်လက် ပြောကြားထားပါသည်။

၂၀၁၆ ခုနှစ်က Alibaba Group နှင့် Ant Financial Services Group တို့သည် စီချွမ်၌ အမေရိကန်ဒေါ်လာ ၄၅၈ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း သိရပါသည်။

စီချွမ်ပြည်နယ်တွင် ကျေးလက်ပြည်သူ ၂ ဒသမ ၇၂ သန်းမှာ ဆင်းရဲနွမ်းပါးလျက်ရှိနေပြီး ယခုနှစ်ကုန်တွင် ထက်ဝက်ကျော်ခန့် အထိ လျှော့ချနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။ ယခုအခါ စီချွမ်ပြည်နယ်ရှိ ၁၈၃ မြို့တွင် Alibaba အွန်လိုင်း ဈေးဝယ်မှု tobao online shopping Platform ကို ၂၄ မြို့တွင် သုံးစွဲလျက်ရှိကြောင်း သိရှိရသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ဟောင်ကောင်နိုင်ငံတကာလေဆိပ် အဆင့် (၅)နေရာသို့ ထပ်မံကျဆင်း

ဟောင်ကောင်နိုင်ငံတကာလေဆိပ်မှာ လုပ်သားအင်အား မလုံလောက်မှုကြောင့် လုပ်ငန်းလိုအပ်ချက် ကျဆင်းခဲ့ပြီး 2017 World Airport Awards တွင် အဆင့်(၅) နေရာသို့ ထပ်မံကျဆင်းခဲ့သည်။ ဒေသတွင်း ပြိုင်ဖက်လေဆိပ်များဖြစ်သည့် စင်ကာပူချန်ဂီ လေဆိပ်မှာ ကမ္ဘာ့အကောင်းဆုံးလေဆိပ် အဖြစ် ငါးနှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့သည်။ ဟောင်ကောင် နိုင်ငံတကာ လေဆိပ်၏ အဆင့်မှာ ဂျာမနီရှိ မြူးနစ်လေဆိပ်၊ တောင်ကိုရီးယားရှိ အင်ချွန်း နိုင်ငံတကာလေဆိပ်နှင့် တိုကျိုနိုင်ငံတကာလေဆိပ်တို့၏ နောက်တွင်ရှိခဲ့သည်။

ဗြိတိသျှသုတေသနလုပ်ငန်းဖြစ်သည့် Sky Trax ၏ 2017 World Airport Awards မှာ နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ လေကြောင်းလိုင်း အသုံးပြုသူ ဖောက်သည်များအား သုတေသန လုပ်ငန်းအတွက် သတ်မှတ်ထားသော မေးခွန်းပေါင်း ၁၃ ဒသမ ၈ သန်းအပေါ် အခြေခံလျက် ယမန်နှစ် ဇူလိုင်လမှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ အထိ ကောက်ခံပြုစုခဲ့ခြင်းဖြစ်သည်။

သုတေသနအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လေဆိပ်ပေါင်း ၅၅၅ ခုအား စစ်တမ်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ check-in၊ arrivals နှင့် shopping ကဲ့သို့ လုပ်ဆောင်ချက်၏ အဓိကညွှန်ကိန်းများဖြစ်သည့် လေဆိပ်အားလုံး၏ လေဆိပ်ဝန်ဆောင်မှုနှင့် ထုတ်ကုန်များအပေါ် ခရီးသွားများ၏ အတွေ့အကြုံပေါ်တွင် အကဲဖြတ်သတ်မှတ်ခြင်း ဖြစ်သည်။

အခြားလေဆိပ်များမှာ ဝန်ဆောင်မှု အဆင့်အတန်းများအား မြှင့်တင်ခဲ့ချိန်တွင် ဟောင်ကောင်လေဆိပ်မှာ ဝန်ထမ်းအရေအတွက် မလုံလောက်သည့်အတွက် သန့်စင်ခန်းများ သန့်ရှင်းမှုနှင့် ပို့ဆောင်ရေး အဆင်ပြေလွယ်ကူစေရေးကဲ့သို့ နယ်ပယ်များတွင် တိုးတက်အောင်ဆောင်ရွက်ရန် လိုနေသေးကြောင်း၊ တတိယလေယာဉ် ပြေးလမ်း မပြီးစီးသေးသည့် အတွက် လေယာဉ်ပျံသန်းမှုများ နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ပြီး၊ ဤသို့ခရီးကြန့်ကြာမှုများကြောင့် လည်း အဆင့်ကျဆင်းရခြင်း ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းကဏ္ဍဥပဒေ ရေးဆွဲသူ Yiu Si-wing ကပြောကြားခဲ့ သည်။

ဟောင်ကောင်သို့ လာရောက်သူ ခရီးသွားဧည့်သည်များ များပြားလာသည့်အတွက် ဟောင်ကောင်လေဆိပ် အာဏာပိုင်များနှင့် လူဝင်မှုကြီးကြပ်ရေးဌာနအနေဖြင့် ခရီးသည်များ စောင့်ဆိုင်းနေချိန် သက်သာစေရန်အတွက် ဝန်ထမ်းအင်အား တိုးချဲ့သင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ ယမန်နှစ်တွင် ဟောင်ကောင်သို့ Airport control point မှတစ်ဆင့် လာရောက်လည်ပတ်ခဲ့သည့် နိုင်ငံခြား ခရီးသည်ပေါင်း ၁၄ သန်းရှိခဲ့ပြီး၊ ၂၀၁၅ ခုနှစ်ရှိ ခရီးသည်ပေါင်း ၁၃ သန်းထက် သုံးရာခိုင်နှုန်း မြင့်တက်ခဲ့ သည်။ ဟောင်ကောင်မှတစ်ဆင့်ဖြတ်သန်းသွားလာသည့်ပြည်ပခရီးသည်များအတွက် Airport control point တွင် အီလက်ထရွန်းနစ်စနစ်ဖြင့် နိုင်ငံကူးလက်မှတ်ဖတ်ခြင်းအား လာမည့် သုံးလပတ်တွင် စတင်ကျင့်သုံးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ၎င်းစနစ်မှာ checkout ပြုလုပ်ရန် ကြာချိန်တစ်ဝက်ခန့် (သို့မဟုတ်) စက္ကန့် ၂၀ ခန့် သက်သာမည်ဖြစ်သည်။

၂၀၀၀ ခုနှစ်မှစ၍ ဟောင်ကောင်နိုင်ငံတကာလေဆိပ်မှာ ၂၀၀၁ မှ ၂၀၀၅ အထိ ငါးနှစ်ဆက်တိုက်နှင့် ၂၀၀၇ နှင့် ၂၀၀၈ တို့တွင် ကမ္ဘာ့အကောင်းဆုံး လေဆိပ်အဖြစ် စုစုပေါင်းရှစ်ကြိမ် ရရှိခဲ့ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ထိုင်းနိုင်ငံ၌ ပီလောပီနံနှင့် ကြာဆန်ထုတ်လုပ်သည့် Thai Wah ကုမ္ပဏီက အာဆီယံဒေသတွင်း၌ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည်

ထိုင်းနိုင်ငံရှိ ပီလောပီနံနှင့် ကြာဆန် ထုတ်လုပ်သည့် Thai Wah အများပိုင်ကုမ္ပဏီ (TWPC) သည် အာဆီယံဒေသ၌ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်း ထိုင်းဘတ်ငွေ နှစ်ဘီလီယံခန့်ကို ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားပါသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် လက်အောက်ခံကုမ္ပဏီတစ်ခုစီကို တည်ထောင်ထားပြီး ၂၀၁၇ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် စတင်ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ပီလောပီနံထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ဘတ် ၃၅ ဘီလီယံကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံတွင် တည်ထောင်မည့် တတိယမြောက်ကြာဆန်စက်ရုံအတွက် ဘတ် ၃၅ ဘီလီယံကိုလည်း ကောင်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများရှိသည့် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင်လည်း လုပ်ငန်းတိုးချဲ့မည်ဖြစ်ရာ ၂၀၁၈ ခုနှစ်တွင် စတင်ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီမှ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ကုမ္ပဏီ အကြီးအကဲ Mr.Ho Ren Hua က ပြောကြားထားပါသည်။

TWPC သည် ၂၀၁၆ ခုနှစ်တွင် ဝင်ငွေစုစုပေါင်းဘတ် ၆ ဒသမ ၂ ဘီလီယံရရှိခဲ့ပြီး အသားတင်အမြတ် ဘတ် ၆၆၉ သန်းရရှိခဲ့သဖြင့် ယမန်နှစ်ထက် ၅၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ TWPC သည် ပြည်တွင်း၌ ပီလောပီနံနှင့် ကြာဆန်ထုတ်လုပ်သည့် စက်ရုံလေးရုံကို လည်ပတ်လျက်ရှိပါသည်။ Thai Wah ကုမ္ပဏီသည် ၂၀၂၀ ခုနှစ်တွင် စုစုပေါင်းဝင်ငွေဘတ် ၁၁ ဘီလီယံရရှိရန် မျှော်မှန်းထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၄–၃–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ရက်သတ္တနှစ်ပတ် ဆက်တိုက် ပြောင်း ၅၀ ကီလို တစ်အိတ်ကို ၆၁ ယွမ်မှ ၆၅ ယွမ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၆၄ ယွမ်မှ ၆၈ ယွမ် (တစ်တန် ၁၂၈၀ ယွမ်မှ ၁၃၆၀ ယွမ်) အထိ ဈေးမြင့်တက်ပြီး အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် အတွင်း တစ်ဖက်နိုင်ငံသို့ တန်ချိန် ၂၂၄၀၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးဆက်လက်ကျသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေး ရက်သတ္တနှစ်ပတ် ဆက်တိုက် ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၉၈ ကျပ်အထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၂၉၀ (တစ်တန် ၁၇၇၉၅၃ ကျပ်)အထိ ဆက်လက်ကျဆင်းခဲ့ပါတယ်။ စီပီပြောင်းကို ရန်ကုန်နဲ့ မန္တလေးသို့ တင်ပို့မည့်သူများ၊ အစာစပ်လုပ်ငန်းများ၊ လှော်င်လက်များနဲ့ တရုတ်သို့တင်ပို့မည့် ကုန်သည်များက ပုံမှန်ဝယ်ယူနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပိဿာချိန် ၄၈၀၀၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၅၄၀၀၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကထက် ပိဿာချိန် ၆၀၀၀၀ ကျော် ပိုမိုခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ရိပ်ပြ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ယခင်တစ်ပတ်အထိ ရက်သတ္တ လေးပတ်ဆက်တိုက် ပြောင်းဈေး တစ်ပိဿာ ကျပ် ၃၀၀ နဲ့ ဈေးငြိမ်နေခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၃၂၀ (တစ်တန် ၁၉၅၉၆၄ ကျပ်)နဲ့ တက်ရိပ်ပြခဲ့ ပါတယ်။ ယခင်တစ်ပတ်က ပိဿာချိန် ၂၁၅၄၀၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၂၁၄၈၈၅၅ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ပါတယ်။ မတ်ပဲက ယခုတစ်ပတ်မှာလည်း ဆက်လက် ဈေးတက်ခဲ့တာကြောင့် ရက်သတ္တသုံးပတ် ဆက်တိုက် ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၁၁၂၂၀၀၀ အထိ ဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကို ကျပ် ၁၁၅၁၀၀၀ ဖြစ်ခဲ့တာမို့ တစ်တန်ကို ကျပ် ၂၉၀၀၀ ကျော် ဈေးမြင့်တက်ခဲ့ပါတယ်။ မတ်ပဲ SQ (RC) ကလည်း ယခင်တစ်ပတ်က တစ်တန်ကို ကျပ် ၁၃၀၈၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၁၄၀၀၀၀၀ အထိ ဈေးမြင့်ခဲ့ကာ တစ်တန်ကို ကျပ် ၉၂၀၀၀ ကျော်အထိ ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၇၆၁၀၀၀ အထိ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်တန်ကို ကျပ် ၇၆၈၀၀၀ ဖြစ်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၇၀၀၀ ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေး တက်ရိပ်ပြသော်လည်း ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးတက်ရိပ်ပြခဲ့ပါတယ်။ မတ်ပဲဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၄၅ ကျပ်နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၈၅ ကျပ် (တစ်တန် ၁၁၅၄၃၅၅ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ ဈေးကွက်အတွင်း မတ်ပဲဝင်ရောက်မှု များပြားခဲ့သလို ရောင်းလိုအား ဝယ်လိုအားလည်း များခဲ့ပါတယ်။ အထူးသဖြင့် ရန်ကုန်တင်ပို့သူများနဲ့ ဝယ်ရောင်းကုန်သည်များက တစ်ရက်ကို မတ်ပဲ အိတ် ၇၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ရက်သတ္တနှစ်ပတ်ဆက်တိုက် တက်ရိပ်ပြခဲ့တဲ့ ပဲတီစိမ်းဈေးကတော့ ယခုတစ်ပတ်မှာ ပြန်လည်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၈၅၀ ကျပ်အထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၈၂၅ ကျပ် (တစ်တန် ၁၁၁၇၆၁၁ ကျပ်)နဲ့ ဈေးနိမ့် အရောင်းအဝယ်ဖွင့်ခဲ့ပါတယ်။ တစ်ရက်ကို ပဲတီစိမ်း အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲလွန်းဖြူနဲ့ ပဲလွန်းနီကလည်း ယခုတစ်ပတ်မှာ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲလွန်းဖြူ တစ်ပိဿာ ၁၃၅၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၃၀၀ (တစ်တန် ၇၉၆၁၀၇ ကျပ်)နဲ့ တစ်ရက် အိတ် ၂၀၀ မှ ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက် အဝယ်ရှိနေတဲ့ ပဲလွန်းနီကလည်း ယခင်တစ်ပတ်မှာ တစ်ပိဿာ ၂၀၁၀ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၅၀ ကျပ် (တစ်တန် ၁၁၃၂၉၂၀ ကျပ်) နဲ့ ဈေးနိမ့်ခဲ့ပြီး တစ်ရက် အိတ် ၂၀၀ မှ ၃၀၀ ကြားသာ အရောင်း အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲပုပ်ဆီတိုးကတော့ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၁၁၅၀ ကျပ် (တစ်တန် ၇၀၄၂၄၈ ကျပ်)နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပြီး တစ်ရက် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်မှာ တစ်ပိဿာ ၁၈၂၀ ကျပ်အထိ ဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၈၅၀ ကျပ် (တစ်တန် ၁၁၃၂၉၂၀ ကျပ်)နဲ့ ဆက်လက်ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၄၀ ကျပ်နဲ့ ဈေးကျခဲ့တဲ့ ပဲစင်းငုံနီကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၆၅ ကျပ် (တစ်တန် ၁၀၁၀၄၄ ကျပ်)နဲ့ ဈေးနှုန်းတက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေး တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်)အတိုင်း ဆက်လက် ဈေးငြိမ်နေခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းမျိုးစုံအနက် နှမ်းနီနဲ့ နှမ်းနက်စမုံတို့ ဈေးနှုန်းတက်ရိပ်ပြခဲ့ပြီး နှမ်းဖြူကတော့ ဆက်လက်ဈေးငြိမ်နေပါတယ်။ ယခင်တစ်ပတ်က နှမ်းနီ တစ်ပိဿာ ၂၁၁၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၁၅၅ ကျပ် (တစ်တန် ၁၃၁၉၇၀၀ ကျပ်)၊ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၁၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၇၃၅ ကျပ် (တစ်တန် ၁၆၇၄၈၈၆ ကျပ်)နဲ့ အသီးသီး ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၂၅၁၀ ကျပ် (တစ်တန် ၁၅၃၇၀၉၀ ကျပ်)နဲ့ ဆက်လက် ဈေးငြိမ်နေခဲ့ပါတယ်။ တစ်ပတ်အတွင်း နှမ်းမျိုးစုံ အိတ် ၄၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေး ဆက်တက်ခဲ့သော်လည်း ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲအသစ်ကို ရန်ကုန်ဝယ်လက်ကုန်သည်များ၊ မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များနဲ့ ရောင်းသူများကြား ရောင်းလိုဝယ်လိုအား များခဲ့တာကြောင့် အရောင်းအဝယ်သွက်ခဲ့သလို ဈေးနှုန်းလည်း ရက်သတ္တသုံးပတ်ဆက်တိုက် ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲ (အသစ်)ဈေးမှာ ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၁၇ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၈၆၅ ကျပ် (တစ်တန် ၁၁၄၂၁၀၇ ကျပ်)နဲ့ တစ်ရက်ကို အိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ (အသစ်) တစ်ပိဿာ ကျပ် ၁၂၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၈၇ ကျပ် (တစ်တန် ၇၂၆၉၀၆ ကျပ်)အထိ ဈေးပြန်ကျခဲ့ပြီး ရန်ကုန်ဝယ်လက်၊ လှော်င်လက်များက ဝယ်ယူခဲ့တာကြောင့် တစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါ(အသစ်)ကို တရုတ်တင်ပို့မည့် ကုန်သည်များက ဝယ်လိုအားရှိတာကြောင့် အရောင်းအဝယ် သွက်ခဲ့သလို အရည်အသွေးပေါ် မူတည်ပြီး တစ်ပိဿာကို ၁၈၃၁ ကျပ်မှ ၂၀၂၇ ကျပ် (တစ်တန်ကို ၁၁၂၁၂၈၆ ကျပ်မှ ၁၂၄၁၃၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနက်စမုံက ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက် ဈေးငြိမ်နေခဲ့ပြီး နှမ်းနက်ရိုးရိုးနဲ့ နှမ်းဖြူ(ထိပ်စ) ဈေးကျခဲ့ကြောင်း သိရပါတယ်။ နှမ်းနက်စမုံကတော့ ယခင်တစ်ပတ်က ဈေးအတိုင်း တစ်ပိဿာ ၂၈၈၉ ကျပ် (တစ်တန် ၁၇၆၉၁၉၄ ကျပ်)၊ ယခင်တစ်ပတ်က နှမ်းဖြူ(ထိပ်စ) တစ်ပိဿာ ၂၂၈၉ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၆၇ ကျပ် (တစ်တန် ၁၃၈၈၂၈၈ ကျပ်)၊ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၁၁၁ ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်)နဲ့ အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ရက်ကို နှမ်းမျိုးစုံ အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ၊ ပဲတီစိမ်း၊ နှမ်းမျိုးစုံတို့ ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲမျိုးစုံနဲ့ နှမ်းမျိုးစုံတို့ ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပဲစင်းငုံနီက ဈေးကွက်အတွင်း အဝင်နည်းလာခြင်း၊ ရန်ကုန်ဈေးကွက်မှာ ဈေးကျရိပ်ရှိနေခြင်းတို့ကြောင့် ရန်ကုန်တင်ပို့မည့်သူများက ကျဈေး မျှော်၍ အဝယ်နည်းခဲ့ပါတယ်။ ဒါကြောင့် အရောင်းအဝယ်နည်းပြီး ယခင်တစ်ပတ်ဈေး တစ်ပိဿာ ၁၁၈၅ ကျပ် (တစ်တန် ၇၂၅၆၈၂ ကျပ်)နဲ့ တစ်ရက်ကို အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အလားတူ မန္တလေးဝယ်လက်က ပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပဲတီစိမ်းကလည်း တစ်ပိဿာ ၁၆၂၅ ကျပ် (တစ်တန် ၉၉၅၁၃၃ ကျပ်)နဲ့ တစ်ရက်ကို အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံကလည်း ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေပြီး နှမ်းနီတစ်ပိဿာ ၁၈၂၀ ကျပ် (တစ်တန် ၁၁၁၄၅၄၉ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၂၁၀၀ ကျပ် (တစ်တန် ၁၂၉၂၁၄၂ ကျပ်) နဲ့ သိပ္ပံနှမ်းနက် တစ်ပိဿာ ၂၇၈၀ ကျပ် (တစ်တန် ၁၇၀၂၄၄၄ ကျပ်)နဲ့ အသီးသီး အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံ တစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲဈေး ဆက်လက်မြင့်ခဲ့ပေမယ့် ပဲစင်းငုံနီက ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များက ယခင်တစ်ပတ်ဈေးဖြစ်တဲ့ တစ်ပိဿာ ၁၈၂၅ ကျပ်ထက် ဈေးမြင့်ကာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၈၅ ကျပ် (တစ်တန် ၁၁၅၄၃၅၅ ကျပ်)နဲ့ နေ့စဉ် အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်က ပုံမှန်အဝယ်ရှိပေမယ့် ပဲစင်းငုံနီ (အသစ်)က ယခင်တစ်ပတ်ဈေး တစ်ပိဿာ ၁၁၉၀ ကျပ်ထက် ဈေးနိမ့်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၆၅ ကျပ် (တစ်တန် ၇၁၃၄၄၄ ကျပ်)နဲ့ တစ်ရက် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

# လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ပတ်သက်သည့် (Good Agricultural Practices -GAP) ဆွေးနွေးပွဲကို မုံရွာမြို့တွင် ကျင်းပ

မြန်မာ GAP Protocol နှင့် သီးနှံ ၁၅ မျိုး၏ GAP Guideline (တတိယမူကြမ်း) ဖြည့်စွက်ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မတ်လ ၂၁ ရက်က စိုက်ပျိုးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး မုံရွာမြို့တွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ တက်ရောက် အမှာစကားပြောကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များနှင့် မြို့နယ်အသီးသီးမှ စိုက်ပျိုးရေးတာဝန်ခံနှင့် တောင်သူများ စုစုပေါင်း ၉၈ ဦး တက်ရောက်ခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးလှမြင့်အောင်က GAP သည် အာဆီယံနယ်ပယ်တွင် လွန်ခဲ့သည့် ဆယ်စုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး အသိပညာပေးမှုများ လုပ်ဆောင်ခဲ့ရာမှတစ်ဆင့် ယခုအချိန်တွင် မြန်မာ GAP Guideline ထုတ်ပြန်နိုင်ရန်အတွက် ယခုကဲ့သို့ ရှင်းလင်းဆွေးနွေးရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် လွတ်လပ်စွာ ကုန်သွယ်မှုပြုနိုင်ရေးအတွက် စားသုံးသီးနှံထွက်ကုန် များကို GAP အသိအမှတ်ပြု ထောက်ခံချက်ရရှိရန် လိုအပ်လျက်ရှိပြီး GAP Guideline နှင့်အညီ စိုက်ပျိုးထုတ်လုပ်သော သီးနှံထွက်ကုန်များမှာ စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်သဖြင့် ဝင်ငွေပိုမိုရရှိနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ GAP-Guideline ဆိုသည်မှာ မြေပြုပြင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှု ကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် လိုက်နာရမည့် နည်းလမ်းများကို စုစည်းထားသည့် စံပြုရမည့် လုပ်ထုံးလုပ်နည်း လမ်းညွှန်မှုများ ဖြစ်ပါကြောင်း၊ မြန်မာ GAP တွင် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သီးနှံများ၏ အရည်အသွေးကဏ္ဍ၊ လုပ်သားများ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍဟူသည့် ကဏ္ဍလေးရပ်ပါဝင်ကြောင်း သိရှိရပါသည်။

မြန်မာ GAP နည်းစနစ်ဖြင့် ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက် ၁၆ ချက်ရှိပြီး စပါး၊ ပဲမျိုးစုံဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ကော်ဖီစသည့် အလားအလာရှိသော အဓိက သီးနှံ ၁၅ မျိုး အကြောင်းကို သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့ပြင် GAP အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ထားရှိရမည့် မှတ်တမ်းများ၊ မြန်မာ GAP အသိအမှတ်ပြုလက်မှတ် ရရှိရန်အတွက် မြို့နယ်စိုက်ပျိုးရေးရုံးများတွင် လျှောက်ထားနိုင်ပြီး အချက်အလက်များနှင့် ကိုက်ညီမှု ရှိမရှိ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးရာတွင် အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပါသည်။

စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ခဲ့သော်လည်း တောင်သူများ၏ ဝင်ငွေ အကျိုးအမြတ်ရရှိမှုသာလျှင် အောင မြင်မည်ဖြစ်ရာ အရည်အသွေးသည် အဓိကကျလျက်ရှိနေပေသည်။ ကမ္ဘာတစ်ဝန်း၌ စားသုံးသူများဘေးကင်းလုံခြုံမှုကို ပိုမိုအလေးအနက်ထားလာပြီဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍကြောင့် ဘေးထွက်ဆိုးကျိုးမဖြစ်စေရန်နှင့် အထွက်နှုန်းမြင့်ပြီး ပစ္စည်းကောင်းရရှိရေးအတွက် နည်းစနစ်မှန်ကန်စွာဖြင့် လုပ်ဆောင်ရမည်ကို စိုက်ပျိုးထုတ်လုပ်သူတိုင်း သိရှိနားလည်ပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ **ရီလင်းထွန်း (မုံရွာ)**

## ၂၀၁၇ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ကုန်စည်ပြပွဲကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှု မြှင့်တင်ရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတကာကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ကူမင်းကုန်စည်ပြပွဲများအား နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်မှစ၍ နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပနိုင်ရေးအတွက် တရုတ်ပြပွဲကော်မတီမှ စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၁၇ ခုနှစ်၊ တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် (2017 South and Southeast Asia Commodity Expo and Investment Fair- SSACEIF) ကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ Dianchi International Convention Center တွင် ဇွန်လ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယခုနှစ်အတွက် Country of Honor မှာ ဖိလစ်ပိုင်နိုင်ငံဖြစ်ပါသည်။

ပြခန်းဈေးနှုန်းများမှာ Standard booth များဖြစ်သော အဖွင့်တစ်ဖက်ရှိ စတုရန်းမီတာ ၉ မီတာ (၃ မီတာပတ်လည်) တစ်ခန်းအတွက် ယွမ် ၈၀၀၀၊ နှစ်ဖက်ဖွင့် ၉ မီတာ (၃ မီတာ ပတ်လည်) တစ်ခန်းအတွက် ယွမ် ၈၈၀၀၊ အတွင်းပိုင်းစတုရန်း ၃၆မီတာနှင့်အထက်ရှိ တစ်ခန်းအတွက် စတုရန်းတစ်မီတာလျှင် ယွမ် ၈၀၀ နှုန်း၊ အပြင်ပိုင်းအတွက် စတုရန်းတစ်မီတာ လျှင် ယွမ် ၃၀၀ နှုန်းသတ်မှတ်ထားပါကြောင်း၊ ခင်းကျင်းအလှ ဆင်မှုများအား ကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငှားရမ်းမည့်ဆိုင်ခန်းအလိုက် ငှားရမ်းခ၏ ၁၀ ရာခိုင်နှုန်းအား စရံငွေအဖြစ် ပေးသွင်းရမည်ဖြစ်ကြောင်း၊ ထိခိုက်မှုများ၊ ပျက်စီးမှုများဖြစ်ပွားပါက အဆိုပါစရန်ငွေမှ ဖြတ်တောက်သွားမည်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိပါက ပွဲအပြီးတွင် ပြန် အမ်းသွားမည်ဖြစ်ကြောင်း၊ ရရှိပြီးသောဆိုင်ခန်းများအား လွှဲပြောင်းခြင်းကို တားမြစ်ထားကြောင်းသိရှိရပါသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သည့် www.trade.gov.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး နေပြည်တော်ဖုန်း၊ ၀၆၇-၄၃၀၄၄၇၊ ဖက် (စ်) ၀၆၇-၄၃၀၁၂၈ ရန်ကုန် ဖုန်း ၀၁-၂၅၄၀၂၄၊ Email: moctradefair@gmail.com နှင့် itpic.moc@gmail.com တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။

**ဝင်းသန်းကျော် (ကုန်သွယ်/ ဖွံ့ဖြိုး)**



## ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် (၁၃) ကြိမ်မြောက် တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ (၂) တွင် (၁၃) ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို မတ်လ ၂၀ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်စွမ်းအင်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းဌေး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး၊ အတွင်းရေးမှူး ဦးခင်မောင်လှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းအဆင့်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ARCCI အသင်းဥက္ကဋ္ဌနှင့် လူမှုအထောက်အကူပြု အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းဌေးက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများ၊ FDA မှ ထုတ်ပြန်ကြေညာထားသည့် စားသောက်ကုန်များ၊ အန္တရာယ်ရှိ အစားအစာများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် အန္တရာယ်ရှိသော စားသောက်ကုန်များနှင့် ပတ်သက်၍ မကြာမီကာလအတွင်း အပြစ်ပေး အရေးယူမှုများကို ပြုလုပ်တော့မည်ဖြစ်ရာ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် စားသောက် ကုန်များအား ထုတ်လုပ်ရောင်းချရာတွင် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ဦးဝင်းဌေးက ဆက်လက်ပြောကြားခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လှိုင်က (၁၂) ကြိမ်မြောက် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု (၁၃) ကြိမ်မြောက် အစည်းအဝေးတွင်ဆွေးနွေးမည့် အချက်များနှင့် ဆုံးဖြတ်ရမည့် အချက်များကို တင်ပြဆွေးနွေး၍ တက်ရောက်လာသော အဖွဲ့ဝင် ဌာနဆိုင်ရာများမှလည်း ဝိုင်းဝန်းပူးပေါင်းအကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး (ပုသိမ်)**

# ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနတွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူ ရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ မတ်လ ၁၇ ရက်က ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးညွန့်ရွှေက အမှာစကားပြောကြားခဲ့သည်။

စားသုံးသူရေးရာ ဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာနီနီအေးက စပ်ဆေးများ၏ အန္တရာယ်ရှိပုံ အကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမင်းက ဈေးကွက်အတွင်း ရောင်းချနေသော ကုန်ပစ္စည်းများအား စနစ်တကျ အန္တရာယ်ကင်းစွာ ရောင်းချနိုင်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးကိုလည်း ကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စီးပွားရေးလုပ်ငန်းရှင် ဦးကြည်ထွန်းက ထုတ်လုပ်သူများဘက်မှဥပဒေနှင့်အညီ အများပြည်သူအန္တရာယ်ကင်းရှင်းသော ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်၍ အသိပညာများ ဖြန့်ဝေဆောင်ရွက်သွားမည့် အကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်များမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား ၆၉ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။ **ကျော်ဆန်းဝင်း(ပဲခူး)**

## ကုန်ပစ္စည်းများ ထုပ်ပိုးရာတွင် ထုပ်ပိုးမှု အညွှန်းများအား ပြည့်စုံစွာဖော်ပြနိုင်ရေးအတွက် လှိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန်ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ လှိုင်ကော်ခရိုင်ဦးစီးမှူးရုံးမှ ကြီးမှူး၍ လှိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန် ထုတ်လုပ်သူလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ကုန်ပစ္စည်းများ ထုပ်ပိုးရာတွင် ထုပ်ပိုးမှုအညွှန်းများအား ပြည့်စုံစွာ ဖော်ပြနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို မတ်လ ၂၃ ရက်က ပြည်နယ်ဦးစီးမှူးရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး ဒေါ်မြို့ရီက ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်ပါ စီးပွားရေး လုပ်ငန်းရှင်၏ တာဝန်နှင့် တားမြစ်ချက်များကိုလည်းကောင်း၊ ကုန်ပစ္စည်းထုပ်ပိုးမှုအညွှန်းတွင်ဖော်ပြရမည့်အချက်များကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ထုတ်လုပ်လိုက်သည့် စားသောက်ကုန်များနှင့် ကိုက်ညီသည့် ထုပ်ပိုးမှုဆိုင်ရာ အညွှန်းများကို ထည့်သွင်းဖော်ပြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မိမိတို့၏ လုပ်ငန်းများသည် ဒေသတွင်း၌ သုံးစွဲရန်သာ ထုတ်လုပ်ခြင်းဖြစ်သည့်အတွက် ကုန်ပစ္စည်းအညွှန်းများအား ပြည့်စုံစွာဖော်ပြရမည်ဆိုပါက ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာကာ ကုန်ပစ္စည်း၏တန်ဖိုးများလည်း မြင့်တက်လာနိုင်ကြောင်း၊ ကုန်ပစ္စည်းအညွှန်းတွင် ဖော်ပြရမည့် အချက်များမှ အမှတ်တံဆိပ်၊ အမျိုးအမည်၊ ပါဝင်ပစ္စည်း၊ ထုတ်လုပ်သူအမည်၊ လိပ်စာနှင့် ဖုန်းနံပါတ် များကိုမူ ထည့်သွင်းဖော်ပြနိုင်သော်လည်း ထုတ်လုပ်သည့် ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲများအား ထည့်သွင်းဖော်ပြရာတွင် လုပ်ငန်းငယ်များဖြစ်၍ အခက်အခဲများရှိကြောင်း၊ စားသုံးသူပြည်သူများအား လုံခြုံစိတ်ချရပြီး အာမခံချက်အပြည့်အဝပေးနိုင်သည့် ထုတ်ကုန်ပစ္စည်းဖြစ်စေရန်နှင့် မိမိတို့၏ ထုတ်ကုန်များအား လုံခြုံစိတ်ချရပြီး အရည်အသွေးများ မြှင့်တင်ရန်အတွက် မိမိတို့ထုတ်လုပ်သည့်စားသောက် ကုန်နှင့်ကိုက်ညီသည့် ကုန်ပစ္စည်းထုပ်ပိုးမှု အညွှန်းများကို ထည့်သွင်းဖော်ပြထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ လှိုင်ကော်ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ လှိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန် လုပ်ငန်းရှင်များ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## ထိုင်းနိုင်ငံသို့ ကော်ဖီစေ့တန် ၂၀ နီးပါးတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေး စခန်းမှတစ်ဆင့် မတ် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တ ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၉၆၀ တန်ဖိုးရှိ ကော်ဖီစေ့ ၁၇ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင် ရက်သတ္တပတ်က ခြောက်တန်ခွဲသာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် တာချီလိတ်မှ ကော်ဖီစေ့ ၁၀ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာ တွေ့ရ ပါတယ်။

၂၀၁၆ ခုနှစ်အတွင်း အမေရိကန်နိုင်ငံက မြန်မာနိုင်ငံမှထွက်ရှိတဲ့ အထူးတန်းဝင်ကော်ဖီတန်ချိန် ၃၆ တန်ဝယ်ယူခဲ့ပြီး၊ ပြည်ပဈေးကွက်အနေဖြင့် ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဥရောပနိုင်ငံများ၊ ဆွစ်ဇာလန်နဲ့ အာရှနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရပါတယ်။ **မော်မော်အောင်**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ မတ်လ ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၉၃ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၅၈၆၃ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၃၉၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၂၇ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ- ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်း သုံးခုလုံးမှ ရေထွက်ကုန်များ တင်ပို့မှု ကျဆင်းခဲ့ခြင်းကြောင့် ယခုကဲ့သို့ ရေထွက်ကုန်များ လျော့နည်းတင်ပို့ရတာ ဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန် တို့ကို ၆၆ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၁၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ ပုစွန်၊ ငါးအသားလွှာ၊ သဲကဏန်း တို့ကို ၂၉၂၂ တန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲတို့ကို ၂၈၇၄ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ကျဆင်း

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၇၃ သန်းတန်ဖိုးရှိ ကွမ်းသီး တန်ချိန် ၈၃၀ ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၈၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၈ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ သာမက တမူးကုန်သွယ်ရေးစခန်းကပါ ကွမ်းသီး တင်ပို့မှု လျော့နည်းခဲ့တဲ့ အတွက် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုအခြေအနေကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၆၂ သန်းတန်ဖိုးရှိ ကွမ်းသီး ၈၁၈ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၁ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၂ တန်ကို တင်ပို့နိုင်တယ်လို့ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသ မ ၀၂၈ သန်း တန်ဖိုးရှိရေချိုငါး ၁၆ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေ ရိကန်ဒေါ်လာ သုညဒသမ ၄၀၈ သန်း တန်ဖိုးရှိ စီးကရက်၊ နန့်ဖာလုံ အမယ် စုံတို့ကို ၅၆ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း ဂ၅ တန် တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ မတ်လ ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၆ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေချိုငါးမြစ်ချင်းကို တင်ပို့နိုင်ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့နိုင်တာ တွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၀ သန်းတန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးယိုထုပ်၊ ဆီးဖတ်၊ သစ်ခေါက်၊ ချင်းအစို၊ ဆီးသီးခြောက်၊ နနွင်းတက် တို့ကို တန် ၁၉၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တော ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၆ သန်း တန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ရေခန်ပုစွန်၊ ငါးကုန်းညှိခြောက်၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်၊ ငါးသလောက် တို့ကို ၈၄ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ပြည်တွင်းသို့ ဆိုင်ကယ်များ ပိုမိုတင်သွင်းလျက်ရှိ

မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးဇုန်များနှင့် ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၀၄ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၈၈၈၈ စီးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် တစ်ပတ်က ၁၂၄၂၃ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၄၆၆ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်၊ တမူးကုန်သွယ်ရေးစခန်းနဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ လျော့နည်းတင်သွင်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်မှ ပိုမိုတင်သွင်းခဲ့ ပါတယ်။



တင်သွင်းမှုကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၈၅ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၇၇၅၂ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၀၇ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၁၂၆ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၂ သန်း တန်ဖိုးရှိဆိုင်ကယ် ၁၀ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ARCCI အသင်းနှင့် ညီနောင်စီးပွားရေး အသင်းများ တွေ့ဆုံဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရန် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) နှင့် ညီနောင် စီးပွားရေး အသင်းအဖွဲ့များ၏ တွေ့ဆုံပွဲအခမ်းအနားကို ပုသိမ်ဟိုတယ်အစည်းအဝေးခန်းမတွင် မတ်လ ၁၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ စားသုံးသူ ရေးရာဦးစီးဌာနနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး၊ အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ခရိုင် CCI ဥက္ကဋ္ဌများနှင့် အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ညီနောင်စီးပွားရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီက မိမိတို့ တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (Public Private Partnership) (PPP) ဆိုသည့် အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အစိုးရအပိုင်းမှာ ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသလို ပုဂ္ဂလိကနှင့် ပြည်သူကဏ္ဍမှာလည်း ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှသာ အောင်မြင် တိုးတက်မှုများ ရရှိလာမှာဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးအသင်းအဖွဲ့များ၏ စွမ်းဆောင်ရည် မြင့်မားမှုမှာ အလွန် အရေးပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များကို အသုံးပြုကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းကဏ္ဍများအပြင် နှစ်ရှည်သီးနှံများ၊ အထည်ချုပ် လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများသာမက လက်မှုလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ နည်းပညာအကူအညီများရယူလျက် တိုင်းဒေသကြီး အစိုးရအဖွဲ့ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဝါဒတွင် ဥပဒေနှင့် စည်းမျဉ်း တိုးတက်ကောင်းမွန်စေခြင်း၊ ငွေကြေးဝန်ဆောင်မှုများ ရရှိနိုင်စေရန် ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ပေးခြင်း၊ လူ့စွမ်းအား အရင်းအမြစ်များကို မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလို ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ ညီနောင်စီးပွားရေးအသင်းများနဲ့ မကြာခဏ တွေ့ဆုံဆွေးနွေး၍ ဝိုင်းဝန်းအဖြေရှာပြီး မိမိတို့ အစိုးရအဖွဲ့မှလည်း ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က စီးပွားရေးအသင်းအဖွဲ့များ ဖွဲ့စည်းထားရှိမှုများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မင်းမင်းဦး (ပုသိမ်)**

# မုံရွာမြို့ ကျောက်စစ်ပုံကျေးရွာတွင် ဖွင့်လှစ်ခဲ့သည့် သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများပို့ချ


မုံရွာမြို့၊ ကျောက်စစ်ပုံ(မြောက်)ကျေးရွာတွင် ဖွင့်လှစ်ခဲ့သည့် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ် လုပ်နည်းသင်တန်းတွင် မုံရွာမြို့နယ် စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများကို ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မုံရွာမြို့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မတ်လ ၂၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်သည်။ သင်တန်းကို အသေးစားစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းသစ်များ ပေါ်ထွန်းလာစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ကိုယ်ပိုင်လုပ်ငန်းများထူထောင်ရေး၊ မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ပေးနေခြင်း ဖြစ်သည်။ ဒေသထွက်သဘာဝသစ်သီးဝလံများကို တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် လတ်ဆတ်သန့်ရှင်းသော စားသောက်ကုန်များ တိုးတက်ထုတ်လုပ်လာကာ ပြည်ပစားသောက်ကုန်များနေရာတွင် ပြည်တွင်းဖြစ် စားသောက်ကုန်များဖြင့် အစားထိုးနိုင်မည်ဖြစ်သည်။

သဘာဝသစ်သီးဝလံများကို အခြေခံ၍ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များ ထုတ်လုပ်နိုင်စေရန်၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဥပဒေညွှန်ကြားချက်များကို သိရှိနိုင်စေရန် ဘာသာရပ်များ သင်ကြားပို့ချရာ စားသုံးသူကာကွယ်ပေးရေး သိကောင်းစရာများကို စားသုံးသူရေးရာဦးစီးဌာနက ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်း၍ ပို့ချခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းတွင် စားသုံးသူအခွင့်အရေးများကို ပိုမိုအလေးအနက်ထားလာကြပြီဖြစ်ရာ မိမိပေးလိုက်ရသည့် တန်ဖိုးနှင့် ညီမျှသော လုံခြုံစိတ်ချရမှုရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရရှိခံစားနိုင်စေရန် နိုင်ငံတော်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေထုတ်ပြန်၍ အကာအကွယ်ပေးထားခြင်း ဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့်လည်း မိမိတို့ကို ပေးထားသည့်အခွင့်အရေးများကို နားလည်သိရှိ ရယူခံစားတတ်ပြီး လိုက်နာကျင့်သုံးကြခြင်းဖြင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြင့်မားလာသော ဈေးကွက်အတွင်း အရည်အသွေးအဆင့်အတန်းမြင့်မားသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်သုံးစွဲလာခြင်းဖြင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည်ကို သိရှိနိုင်စေရန် ယခုကဲ့သို့ သင်တန်းများနှင့် ဆွေးနွေးပွဲများတွင် စားသုံးသူရေးရာဦးစီးဌာနက ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ **ရီလင်းထွန်း (မုံရွာ)**

# ပြည်တွင်း ကျောက်မျက်လုပ်ငန်းရှင်များအား ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသား ကျောက်များရောင်းချ



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေး ဗဟိုကော်မတီက ပြည်တွင်းကျောက်မျက်လုပ်ငန်းများ ပုံမှန် လည်ပတ်နိုင်ရေး၊ ကျောက်စိမ်းအချောထည်လုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ကျောက်စိမ်းအသားကျောက်များ တရားမဝင် ရောင်းချမှုလျှော့နည်းရေး၊ ကျောက်စိမ်းအချောထည်များ ပြည်ပဈေးကွက်သို့ တိုးမြှင့်ရောင်းချနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံသား ကျောက်မျက်လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည့် ၂၀၁၇ ခုနှစ် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များရောင်းချပွဲကို မတ် ၁၉ ရက်မှ ၂၄ ရက်အထိ နေပြည်တော် မဏိရတနာ ခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါရောင်းချပွဲသို့ အမျိုးသားလွှတ်တော် သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးကျော်သီဟနှင့် အဖွဲ့ဝင်များက လာရောက်လေ့လာအားပေးကြသည်။

ကျောက်မျက်ရိုင်း ဈေးနှုန်း အဆိုပြုလွှာများကို မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် တင်သွင်းကြပြီး မတ် ၂၁ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသည်။ ကျောက်စိမ်းအသားကျောက်အတွဲများ ပြသရောင်းချရာတွင် အတွဲ ၁ မှ ၁၅၀၀အထိကို မတ် ၂၁ရက်တွင် ဈေးနှုန်းပေးသွင်းလွှာ ထည့်သွင်းပြီး ဝယ်ယူခွင့်ရသူများကို မတ် ၂၂ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၁၅၀၁ မှ ၃၀၀၀အထိကို မတ် ၂၂ရက်တွင် ဈေးနှုန်းပေးသွင်းလွှာထည့်သွင်းပြီး ဝယ်ယူခွင့်ရသူများကို မတ် ၂၃ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၃၀၀၁ မှ ၄၄၅၄ အထိကို မတ် ၂၃ ရက်တွင် ဈေးနှုန်းပေးသွင်းလွှာ ထည့်သွင်းပြီး မတ် ၂၄ ရက်တွင်လည်းကောင်း ဝယ်ယူခွင့်ရရှိသူများ၏ စာရင်းများ ထုတ်ပြန်၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း၌ ကျောက်မျက်၊ ကျောက်စိမ်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူများရှိနေပြီး ၎င်းတို့မှာ ကျောက်စိမ်းအရိုင်းတုံးများအား တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချနေသူများဖြစ်ကြောင်း၊ ထို့ကြောင့် အချောထည်လုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်ရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ မြန်မာကျပ်ငွေဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား ကုန်ကြမ်းများ ရောင်းချပေးခြင်း ဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်းအသားကျောက်များ ရောင်းချပွဲသို့ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မိုးကုတ်မြို့များရှိ ကျောက်မျက်လုပ်ငန်းရှင်များ၊ ကျောက်စိမ်းအချောထည် လုပ်ငန်းရှင်များ လာရောက် လေ့လာဝယ်ယူကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# မုံရွာမြို့ အလုံတပ်မြို့၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မုံရွာမြို့၊ အလုံတပ်မြို့ အထက(၁) ရွှေလုံခန်းမ၌ မတ်လ ၂၁ ရက်နေ့က ကျင်းပခဲ့ရာ မုံရွာမြို့နယ်အတွင်းရှိ ပညာရေးဌာန အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာ/ဆရာမ စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး မုံရွာစီးပွားရေးတက္ကသိုလ်၊ ဝါဏိဇ္ဇဗေဒဌာန၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာအောင်ကျော်က စားသုံးသူများ၏ အခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများမှ ကာကွယ်ပေးရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းကြည်က ဥပဒေရေးရာကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာခိုင်ရွှေရည်အောင်က ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

**သန်းသန်းတင် (မုံရွာ)**

MYANMAR DAIRY INDUSTRIES LTD.

# SWEETY ရေခဲမုန့်

Super Premium Ice cream







ဈ-၂၇၊ ရန်ကုန်-မန္တလေးလမ်းနှင့်ရတနာပုံတက္ကသိုလ်လမ်း

တောင်မြင့်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

09-91014683
09-256528630
09-33533328
02-51-53494
02-51-53768

Perfect Way

# Perfect Way Trading Co., ltd.




Address : No.(50), First Floor, 39th , Kyauktada Township, Yangon, Myanmar.

Phone : 01-245445,09 421025126, 09 43074688,

Email : perfectwayny@gmail.com

# J-HEIM

အသင့်ဆောက်အဆင့်မြင့် ဂျပန်နည်းပညာနေအိမ်များ
မြန်မာပြည်တွင် ဆောက်လုပ်ရောင်းချလျက်ရှိ။






MRD Co.,Ltd.
Tel : 093-1063-138, 093-1063-139


အမှတ်(၁၃)၊ သီရိမင်္ဂလာလမ်း၊ မြို့တော်ဂေါက်ကွင်းအိမ်ရာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

www.facebook.com/JHeim
www.facebook.com/JHeim Mrd
www.jheimmyanmar.com

## J-HEIM ၏ အားသာချက်များ

- ဆောက်လုပ်ချိန်တိုတောင်းခြင်း
- ရေ၊ မီး စရိမ်းလွှန်ရောင်ခြည်နှင့် သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိပြီး၊ ဆေးထပ်မံသုတ်လိမ်းစရာမလိုသော နံရံ။
- Box Structure ပြုလုပ်နည်း၏အလိုက်သင့်လိုက်ပါမှုကြောင့် အားကြီးငလျင် ထိခံနိုင်စွမ်းရှိခြင်း။
- Double Glass များအသုံးပြုထားသောကြောင့် အသံကို (၃၀)ရာခိုင်နှုန်း လုံစေခြင်း။
- Air Ventilation System ပါဝင်မှုကြောင့် တစ်အိမ်လုံး၏ Temperature ကို ထိန်းညှိပေးနိုင်ခြင်း။
- မည်သည့်လုံးခြင်းအိမ်မှ ပါဝင်မရှိသော Air Factory System နှင့် Air Tightness System များ ထည့်သွင်းပေးခြင်းကြောင့် အစိုပြန်ခြင်းလုံးဝမရှိသည့်အပြင် အိမ်ရှိအသုံးဆောင်ပစ္စည်းများ မှိုမတက်နိုင်ခြင်း။
- J-HEIM နေအိမ်များမှာ နွေ၊ မိုး၊ ဆောင်းရာသီသုံးပါးစလုံး ပြောင်းလဲမှု မရှိခြင်း။
- အိမ်အပြင် နံရံများအား ဓာတုနည်းပညာဖြင့် စနစ်တကျ စမ်းသပ်ထားသောကြောင့် ခြစားမှုမရှိခြင်း။
- J-HEIM မှ Design အမျိုးမျိုးရရှိနိုင်သည့်အပြင် Customer စိတ်ကြိုက် ဒီဇိုင်းများလည်း ရရှိနိုင်ပါသည်။

Housing Project များအတွက် အကျိုးတူဆောင်ရွက်လိုသူများ
ဆက်သွယ်နိုင်ပါသည်။






မြန်မာနိုင်ငံ၏ ချည်မျှင် နှင့် အထည်လုပ်ငန်းများအတွက်
ထူးခြားကောင်းမွန်သော အနာဂတ်ကို မြင်သာလာ စေမည့် ကုန်စည်ပြပွဲကြီး



Myanmar Expo 2017
GAR-TEX

29-31 March 2017 Rose Garden Hotel
Yangon - Myanmar

ဖွင့်ချိန် : နံနက် ၉နာရီ မှ ညနေ ၅နာရီအထိ (ဝင်ကြေးအခမဲ့)



ဆက်သွယ်ရန်

Email: info@veas.com.vn | Tel: 09420025684 ,09975895608 | www.gartex-myanmar.com

ပြပွဲစီစဉ်သူ

VEAS FIE FOREMOST

ထောက်ပံ့ပေးသော အဖွဲ့အစည်း

MGMA

မီဒီယာပံ့ပိုးပေးသူများ

TextileToday TEXTILE VALUE CHAIN Knitting Industry textile Excellence TRADEKEY Biz biztoday.vn TextileAsia ZOE THAIBIZ TIMES INTERNATIONAL textile FASHION NETWORK FASHION JOBS NONWOVEN Technical Textiles

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ・・・・ မှအဆက်**

ထို့နောက် တက်ရောက်လာသော ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်တို့က ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကဏ္ဍအလိုက် လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများက ပြန်လည်ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီး က နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၅ နာရီတွင် ပုသိမ်မြို့၊ ကျောက်ငူရပ်ကွက် ငဝန်မြစ်ကမ်းရှိ Golden Rice Co.,Ltd ၏ ပေါင်းဆန်စက်ရုံသို့ ရောက်ရှိပြီး၊ ဥရောပဈေးကွက်သို့ တင်ပို့မည့် အဆင့်မြင့်ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်မှုနှင့် ဆန်သိုလှောင်ထားရှိမှုအား စစ်ဆေးကြည့်ရှုပြီး ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ အရည်အသွေးမှန်ကန်စွာ တင်ပို့ခြင်းဖြင့် ဈေးကွက်သစ်များ ထပ်မံချိတ်ဆက်နိုင်ရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**MOC (IR)**

# သကြံ်န်နားနီးလို့ ပြည်မြေပဲဆန် အဝယ်လိုက်ပြီး ဈေးပြန်မြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မြေပဲဆန်ဈေးပြန်တက်လာတာ တွေ့ရပါတယ်။ ပြည်ဈေးကွက် ကံမမြို့နဲ့ပေါက်ခေါင်းမြို့ဘက်မှ တစ်နေ့လျှင်အိတ် ၅၀၀ ခန့် ဝင်ရောက်လျက်ရှိနေပါတယ်။ ရန်ကုန်ဝယ်လက်များက ဝယ်ယူနေသဖြင့် ဈေးအမြင့်မှာ ရှိနေပါတယ်။ လုံးဆန်(အဖြူ)ကို ရန်ကုန်ဝယ်လက်များက ဝယ်ယူမှုရှိသလို လုံးဆန်(အနီ)ကို မြေပဲလှော်သမားများက ဝယ်ယူမှုရှိခြင်း၊ ဆီကြိတ်မြေပဲဆန်ကို မြို့တွင်းဆီ စက်များက သကြံ်န်ရက်အတွက် ဆီကြိတ်ရန် ကြိုတင်ဝယ်ယူမှုရှိနေသဖြင့် ဈေးမြင့်လာတာဖြစ်ပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၁၆၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀ နှင့် လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၄၅၀ ဖြင့် ယခင် တစ်ပတ်ထက် ဈေးမြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

# မှုဆယ် ကုန်သွယ်ရေးဇုန်မှ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မတ် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၄၅ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၃ မျိုး၊ တန်ချိန်အားဖြင့် ၈၇၃ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ ပါတယ်။

ယခင် ရက်သတ္တပတ်က ၁၀၁၅ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ပရဆေး ၁၄၂ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ မာလာဉ၊ မာလာဉခေါင်း၊ နနွင်းခေါင်း၊ နနွင်းတက်၊ မုတ်ခါး၊ ချင်းခြောက်၊ တောချင်း၊ဆီးဆန်၊ ဒရင်ကောက်မြစ်၊ နေလဲစေ့၊ ကြောင်လျှာစေ့နဲ့ မိကျောင်းကွမ်းဖတ်စေ့တို့ ဖြစ်ပါတယ်။

ယခုတစ်ပတ်တွင် ဒရင်ကောက်မြစ် ပိုမိုတင်ပို့ခဲ့ပေမယ့် မာလာဉ၊ မာလာဉခေါင်းတင်ပို့မှု လျော့နည်းခဲ့တာကြောင့် သစ်တောထွက်ပစ္စည်း အုပ်စုဖြစ်တဲ့ ပရဆေးတင်ပို့မှု လျော့နည်းရတာဖြစ်ကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

**မော်မော်အောင်**

## ပြောင်း

### ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပြောင်းပိုမိုတင်ပို့

၂၀၁၇ ခုနှစ် မတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၃ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၆၃၇၀ တင်ပို့ခဲ့ရာ မြန်မာ့ပြောင်းကို ဗီယက်နမ်နိုင်ငံသို့ ၄၇၂၂ တန်၊ စင်ကာပူနိုင်ငံသို့ ၈၀၈ တန်ကျော်နဲ့ မလေးရှားနိုင်ငံသို့ တန် ၈၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၉၃၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ ၂၄၃၉ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ပြောင်းပိုမိုတင်ပို့နိုင်ရခြင်းမှာ ဗီယက်နမ်နိုင်ငံသို့ ယခင်တစ်ပတ်က ၃၀၆၉ တန်တင်ပို့ခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၇၂၂ တန် တင်ပို့ခဲ့ခြင်းနဲ့ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိတဲ့ စင်ကာပူနိုင်ငံသို့ ၈၀၈ တန် တင်ပို့နိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ယခုတစ်ပတ်မြန်မာ့ပြောင်း FOB ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၈၀ မှ ၂၀၀ ရှိကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ ဗီယက်နမ်နိုင်ငံဟာ မြန်မာ့ပြောင်းကို နှစ်စဉ်တန်ချိန် အမြောက်အမြား ဝယ်ယူလျက်ရှိတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

### မြန်မာ-တရုတ်နယ်စပ်မှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ကန်ပိုက်တီ စခန်းသုံးခုမှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၀၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၉၉၂၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၆၆၂၀ တန်၊ လွယ်ဂျယ်မှ ၃၀၇၅ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၂၃၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ တင်ပို့ခဲ့တဲ့ပြောင်းတန်ချိန် ၃၃၂၄၉ တန် ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ပြောင်း ၁၃၃၂၄ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ မတ် ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်းက ပြောင်း တစ်တန်ကို မိမိဘက်ပေါက်ဈေး ၂၁၃၃၈၅ ကျပ်ရှိရာမှ မတ် ၁၁ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်းမှာ ၂၁၃၁၇၈ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်းတစ်ပိဿာကို ၇၆-၈၀ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၇၂၃ စီးဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၀၂၃၅၅ တန်ဖိုးရှိ ပြောင်းဖူးစေ့ တန် ၄၅၀ ကို တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## သကြား

### တရုတ်နိုင်ငံသို့ သကြားလျော့နည်းတင်ပို့ပြီး ထိုင်းနိုင်ငံမှ သကြားပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်မှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၅၈ သန်းတန်ဖိုးရှိ သကြား ၃၄၆၉၂တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ Re-export သကြား ၃၄၆၅၈တန်ကျော်နဲ့ ချင်းရွှေဟော်မှ သကြားဖြူ ၃၄ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ သကြားမပို့ဘဲ မူဆယ်မှ ၃၄၈၃၁တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ သကြား ၁၃၉တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈၀သန်းတန်ဖိုးရှိ Re-export သကြား ၅၇၈၂တန်ကျော်ကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က ၅၄၀၇တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၇၅ တန် လျော့နည်းတင်သွင်းခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

## ဝါ

### မူဆယ်မှ ဝါဂွမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၃၉၉၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ ၁၅၄ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ၂၁၉ တန်ခွဲနှင့် နှိုင်းယှဉ်ပါက ၆၅ တန်လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ငွေချည်-၆-ဝါဟာ ဒေသနဲ့ကိုက်ညီပြီး သီးလုံးဖောက်တဲ့ ပိုးဒဏ်ကိုလည်း ကာကွယ်နိုင်၍ အထွက်နှုန်းကောင်းမွန်ခြင်း၊ မြေဩဇာ တုံ့ပြန်မှုရှိခြင်း၊ ဝါစိုက်တောင်သူတွေအတွက် စီးပွားရေး တွက်ခြေကိုက်လျက်ရှိတယ်လို့ မကွေးမြို့ရှိ ဝါစိုက်တောင်သူတွေထံမှ သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှု ကျဆင်း

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၁၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၉၄၄ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 ၅၅၄ တန်၊ RSS 5 ၅၉၁ တန်ကျော်၊ MSR 20 ၆၉ တန်၊ MSR 50 ၁၆၄ တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 1 ၂၈၁ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန် ၁၅၀၊ မြိတ်ကုန်သွယ်ရေးစခန်းမှ MSR 20 တန်ချိန် ၂၇၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြန်မာ-တရုတ်နယ်စပ်မှ ရော်ဘာ ၂၉၄၆ တန် တင်ပို့ပြီး မြန်မာ-ထိုင်းနယ်စပ်မှ တင်ပို့မှု မရှိခဲ့ပါဘူး။ ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှု ၁၀၀၂ တန် လျော့နည်းခဲ့ပြီး ယခုလို လျော့နည်းခဲ့ရခြင်းမှာ မူဆယ်မှ တင်ပို့မှုလျော့ကျခဲ့တဲ့အတွက် ဖြစ်ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးနှုန်း ထုတ်ပြန်ချက်အရ ဈေးပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်အတိုင်း RSS 3 တစ်တန်လျှင် ကျပ် ၂၇ ဒသမ ၁၆ သိန်းနဲ့ RSS 5 တစ်တန်လျှင် ကျပ် ၂၆ ဒသမ ၁၉၇ သိန်းရှိတယ်လို့ သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၆၁ တန်ကို တင်ပို့ခဲ့ ရာ မလေးရှားနိုင်ငံသို့ RSS 1 ၈၁ တန်၊ စင်ကာပူနိုင်ငံသို့ RSS 3 တန် ၄၀၊ ဩစတြေးလျနိုင်ငံသို့ RSS 3 တန် ၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၄၁ တန်ကျော် တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၃၈၀ ကျော် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးမြင့်တက်လာတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း တစ်တန်ကို ဒေါ်လာ ၅၀-၁၀၀ မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက် သိရှိရပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၂၁၀၀-၂၂၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၂၀၅၀-၂၁၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၂၀၀၀-၂၁၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၉၅၀-၂၀၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၉၀၀-၂၀၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၂၂၀၀-၂၃၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၉၀၀-၂၀၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၈၅၀-၁၉၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၅၀-၁၈၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀-၁၈၀၀ |

**ယဉ်ယဉ်အေး**

## စာမျက်နှာ (၁၂) ယခုနှစ် ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၆ သိန်းကျော်တင်ပို့ပြီး ……. မှ အဆက်

ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေကို လေ့လာရာတွင် ယခုတစ်ပတ် မတ်လ ၁၇ ရက်မှာ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဖြစ်ပေါ်နေတဲ့ ဆန်ဈေးနှုန်းများမှာ သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

| နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | |
|---|---|---|---|
| | | ၂၄-၂-၂၀၁၇ | ၁၇-၃-၂၀၁၇ |
| ထိုင်း | White Rice 10% | ၃၈၄ | ၃၈၁ |
| | White Rice 5% | ၃၆၉ | ၃၆၆ |
| | White Rice 10% | ၃၆၈ | ၃၆၅ |
| | White Rice 15% | ၃၆၆ | ၃၆၃ |
| | White Rice 25% | ၃၆၃ | ၃၆၀ |
| | Parboiled Rice 100 % | ၃၈၆ | ၃၈၁ |
| ဗီယက်နမ် | White Rice 5% | ၃၅၅ | ၃၆၀ |
| | White Rice 15% | ၃၄၈ | ၃၅၀ |
| | White Rice 25% | ၃၄၃ | ၃၃၈ |
| ပါကစ္စတန် | White Rice 5% | ၃၈၅ | ၃၇၅ |
| | White Rice 25% | ၃၄၈ | ၃၄၀ |
| အိန္ဒိယ | White Rice 25% | ၃၆၀ | ၃၆၅ |
| | Parboiled Rice 100 % | ၃၇၅ | ၃၇၅ |

မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲတင်ပို့မှုကို လေ့လာရာတွင် ယခုဘဏ္ဍာနှစ်မတ်လ ဒုတိယပတ်ထိ တန်ချိန် ၁၆ သိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၅၁၃ သန်း တင်ပို့နိုင်ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁ ဒသမ ၅ သိန်းခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ယခုနှစ်တွင် ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲ ပိုမိုတင်ပို့လာခြင်းဟာ အမေရိကန် ဒေါ်လာ ဈေးနှုန်း မြင့်တက်မှုအပေါ်တွင် မူတည်နေကြောင်း တွေ့ရှိရပါတယ်။ လက်ရှိပြည်တွင်း (ပုသိမ်မြို့) ဈေးအရ ဖြစ်ပေါ်နေတဲ့ ဈေးနှုန်းများဖြင့် တွက်ချက်ပါက ဧည့်မထ ၂၅ မှတ်(မိုးသစ်) ဆန်တစ်အိတ် အိတ်လွတ် ၁၇၀၀၀ ကျပ်ရရှိ၍ ဆန်တစ်တန် ၃၄၀၀၀၀ ကျပ် ကျသင့်ပြီး သယ်ယူကုန်ကျစရိတ် ၁၈၀၀၀ ကျပ် ၊ Ready Cargo ကုန်ကျစရိတ် ၁၅၀၀၀ ကျပ်၊ FOB လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၃၂၅ ၏ နှစ်ရာခိုင်နှုန်း အခွန်ကျသင့်ငွေ အမေရိကန်ဒေါ်လာ ၈၉၃၈ဖြစ်ပါတယ်။ ပို့ကုန်လုပ်ငန်းရှင်များရဲ့FOB အမှန်ရောင်းရဈေးမှာ အမေရိကန်ဒေါ်လာ ၃၂၅ ဖြစ်၍ တွက်ချက်မှုအရ အကျိုးအမြတ်ရှိ၍ တွက်ချေကိုက်သဖြင့် ပင်လယ်ရေကြောင်းမှ ဆန်များပိုမိုတင်ပို့လာကြောင်း လေ့လာတွေ့ရှိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်ပသို့ ဆန်စပါး တင်ပို့နိုင်ရန် အတွက် ဆန်စပါး ကုန်သွယ်မှု ကဏ္ဍနှင့် ပတ်သက်၍ မိမိနိုင်ငံမှ အဆင့်အတန်းမြင့်ဆန်များ ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ဝင် စံချိန်စံညွှန်းများ ရရှိရေးအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရဲ့AQSIQ မှ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများနဲ့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တို့ကို တွေ့ဆုံ ဆွေးနွေးစေပြီး နည်းပညာရရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါတယ်။

ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီးနဲ့ လာရောက်တွေ့ဆုံစဉ်က မြန်မာနိုင်ငံမှ ဆန်ကို အင်ဒိုနီးရှားနိုင်ငံမှ ပိုမိုဝယ်ယူနိုင်ရေး၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား မြန်မာနိုင်ငံမှ ဆန်တင်ပို့နိုင်ရန်အတွက် နားလည်မှု စာချွန်လွှာမူကြမ်းပြင်ဆင်ရန်နဲ့ နှစ်နိုင်ငံ ညှိနှိုင်းလျက်ရှိကြောင်း၊ ဖိလစ်ပိုင်နိုင်ငံမှလည်း ဝယ်လိုအားရှိသဖြင့် အစိုးရအချင်းချင်း ရောင်းချနိုင်ရေး ညှိနှိုင်းလျက်ရှိကြောင်း စုံစမ်းသိရှိရပါတယ်။

၂၀၁၆ ခုနှစ်နိုဝင်ဘာလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးမှာလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နဲ့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်ပစ္စည်းဖြစ်တဲ့ ဆန်၊ ပဲ၊ ကြက်သွန်နီတို့ကို ပင်လယ်ရေကြောင်း နည်းလမ်းဖြင့် တင်ပို့လိုကြောင်း ဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်ကလည်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နဲ့ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံပြီး သီရိလင်္ကာ နိုင်ငံသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ငါးသောင်း ဝယ်ယူရန်အစိုးရအချင်းချင်း နားလည်မှု စာချွန်လွှာ (MoU) ရေးထိုးလိုကြောင်း ဆွေးနွေးကြပြီး ဆန်တင်ပို့နိုင်ရေးအတွက် ဆန်စပါးလုပ်ငန်းရှင်များ၊ ဆန် စပါးအသင်းချုပ်မှ တာဝန်ရှိသူများနဲ့ဆက်လက် ဆွေးနွေးကြကြောင်း သိရှိရပါတယ်။

ထို့အပြင် ဖိလစ်ပိုင်နိုင်ငံနှင့်လည်း နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆို၍ ရောင်းချနိုင်ရန် နှစ်ဖက်နိုင်ငံမှ တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် SME လုပ်ငန်းများ တိုးတက်လာပြီး ပြည်ပသို့ အရည်အသွေး ကောင်းမွန်တဲ့ ဆန်များတင်ပို့နိုင်ရန် ဆန်စက် အဆင့်မြှင့်တင်ရေးအတွက် ဆန်စက်နှင့် ဆန်စက်အပိုပစ္စည်းများ ပြည်ပမှတင်သွင်းရာတွင် မြန်ဆန်စေရေး ဆောင်ရွက်ပေးလျက်ရှိသလို နယ်စပ်စခန်းများမှ တင်သွင်းရာတွင်လည်း လျင်မြန်ချောမွေ့စေရေး နယ်စပ်စခန်းများမှ လိုင်စင်ခွင့်ပြုတင်သွင်းခွင့်ပြုပေးလျက်ရှိပါတယ်။

လယ်ယာထွက်ကုန်များအား စိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် ရာသီဥတု သဘာဝ ဘေးအန္တရာယ်၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်၊ အရည်အသွေးမြင့် Value Added ဆောင်ရွက်နိုင်မှု၊ နိုင်ငံ တကာဈေးကွက်နှင့် ဝယ်လိုအားတို့အပေါ်မှာ မှီခိုရတဲ့အတွက် စိုက်ပျိုး ရေး ထွက်ကုန်များ တိုးမြှင့်ထုတ်လုပ် တင်ပို့နိုင်ရေးအတွက် စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေရပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်တဲ့အခါမှာ အဓိက တွေ့ကြုံရတဲ့ အခက်အခဲတွေကတော့ သွင်းအားစု ကုန်ကျစရိတ် မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိဖို့ ၊ အထွက်နှုန်းမြင့်မားဖို့၊ ခေတ်မီစိုက်ပျိုးမှုစနစ်တွေ၊ ခေတ်မီရိတ်သိမ်းချွေစက် အသုံးပြုဖို့ လိုအပ်ကြောင်း ၊ နိုင်ငံတကာ ဈေးကွက်နှင့်ယှဉ်ပြိုင်နိုင်ရန်အတွက် ထုတ်လုပ်မှု ကုန်ကျစရိတ် (Cost of Production) ကြီးမြင့်ခြင်းသည် အဓိကစိန်ခေါ်မှုများ ဖြစ်ကြောင်း၊ နိုင်ငံတကာ ဈေးကွက်နဲ့ယှဉ်ပြိုင်နိုင်ဖို့အတွက် ထုတ်လုပ်မှုတိုးမြှင့်ရန် လိုအပ်သလို (Cost of Production ) လျှော့ချရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

၎င်းအပြင် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ် လျှော့ချရန် လိုအပ်ကြောင်း၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရေး အတွက် လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေး လွယ်ကူမှု ရှိစေရန် လိုအပ်ကြောင်း၊ သို့မှသာ ပို့ကုန်သုံးဆ တိုးမြှင့်ရေးကို အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်ရာ၌ ဈေးကွက်ဝင် အရည်အသွေးမီ ကုန်ပစ္စည်းထုတ်လုပ်နိုင်ရေး အတွက် အဓိကအချက်အနေဖြင့် ပို့ကုန်အထောက်အကူပြု ပစ္စည်းထုတ်လုပ်နိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ကြောင်း၊ ဒါမှသာ လယ်ယာ ထွက်ကုန်နဲ့ သယံဇာတ ပို့ကုန်ပစ္စည်းများကို မှီခိုတင်ပို့နေခြင်းအစား စက်မှုကုန်ချောပစ္စည်းများ တင်ပို့နိုင်ပြီး ရေရှည်ခိုင်မာသည့် ဈေးကွက်ကို ရရှိနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ပြည်ပဈေးကွက် ခိုင်မာစေရန် နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရန် မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် အရည်အသွေးမီ ကြိတ်ခွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေးဟာ အဓိကအရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ သို့မှသာ မိမိတို့ရရှိထားတဲ့ ဈေးကွက်များကို ဆက်လက်တင်ပို့နိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန် သုံးဆတိုးမြှင့်တင်ပို့နိုင်ရေးအတွက် အခက်အခဲ အကျပ်အတည်း အမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးကြားမှ ပို့ကုန်ကဏ္ဍစုံမှ တိုးမြှင့်ရေးအတွက် ကုန်သွယ်မှုဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးသလို သက်ဆိုင်ရာ ဝန်ကြီးဌာန များ၊ ကုန်သည်လုပ်ငန်းရှင်များနဲ့ ပူးပေါင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ယခုကဲ့သို့ ပို့ကုန်များ ပိုမိုတင်ပို့လာနိုင်ခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။



## မူဆယ်မှရေထွက်ကုန်တင်ပို့မှု တန်ချိန်ပိုမိုသော်လည်း တန်ဖိုးလျော့နည်း



မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ် ၁၁ရက်မှ ၁၇ရက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၁၆၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါသည်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၉၀၂တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၉ သန်းလျော့နည်းခဲ့ပေမယ့် တန်ချိန်အားဖြင့် တန် ၂၆၀ကျော် ပိုမိုတင်ပို့ခဲ့ပါသည်။

ယခုသီတင်းပတ်မှာ ငါးခြောက်၊ ငါးမျိုးစုံ၊ ငါးလေးခြောက်တို့ ပိုမိုတင်ပို့နိုင်ခဲ့တဲ့အတွက် တန်ချိန်ပိုမိုခဲ့ပြီး ကဏန်းနဲ့ ငါးစီဖောင်း တင်ပို့မှုလျော့နည်းခဲ့တာကြောင့် တန်ဖိုးလျော့နည်း ရတာဖြစ်ကြောင်း၊ တစ်ဖက် တရုတ်နိုင်ငံမှာ ငါးရှဉ့်ရော ကဏန်းပါ ယခင်တစ်ပတ်ဈေးအတိုင်းရရှိကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သိရပါတယ်။**မော်မော်အောင်**

# မုံရွာ-ရန်ကုန် ကုန်ပစ္စည်းပို့ဆောင်မှု ရေလမ်းကြောင်းထက် မော်တော်ကား လမ်းကြောင်းမှ ပို့ဆောင်မှုများလာ

မုံရွာမှ ကုန်ပစ္စည်းများကို ရန်ကုန်သို့ တင်ပို့ရာတွင် ရေလမ်းကြောင်း အဖြစ် မြင်းမူ-ရန်ကုန် (ဧရာဝတီ)၊ မုံရွာ-ရန်ကုန် (ချင်းတွင်းမြစ်) (တစ်နှစ် ငါးလခန့် သွားလာနိုင်)၊ မီးရထားလမ်း၊ ကားလမ်းများစသည့် နည်းလမ်း လေးသွယ်နဲ့ တင်ပို့နိုင်ပါတယ်။

ကားလမ်းမှ တင်ပို့ပါက ကုန်ပစ္စည်း တစ်တန်လျှင် ၂၇၄၉၅ ကျပ်ခန့် ကုန်ကျပြီး၊ နှစ်ရက်အတွင်း ကုန်ပစ္စည်းများ ရန်ကုန်သို့ ရောက်ရှိပါတယ်။ ရေကြောင်းလမ်းမှ တင်ပို့ပါက ကုန်ပစ္စည်းတစ်တန်ကျပ် ၂၆၉၉၀ ခန့် ကုန် ကျပြီး ပစ္စည်းတင်ကာလ ငါးရက်ခန့်၊ တင်ပို့ကာလ ခုနစ်ရက်ခန့်ရှိပြီး၊ စုစု ပေါင်း ကြာမြင့်ချိန် ၁၂ ရက်ခန့်ရှိကြောင်း သိရပါတယ်။

ရေလမ်းကြောင်းမှ တင်ပို့ရာမှာ အတင်၊ အချ လေးကြိမ်ခန့် ဆောင် ရွက်ရသဖြင့် ပဲအိတ်များနာခြင်း၊ အလေအလွင့်များခြင်းတို့ကြောင့် ယခု ကာလတွင် မုံရွာမှ ရန်ကုန်သို့ ရေကြောင်းမှ ပို့ဆောင်မှုနည်းလာပြီး မော် တော်ကားဖြင့်သာ တင်ပို့လျက်ရှိကြောင်း ကုန်သည်များထံမှသိရပါတယ်။

**အောင်မင်း (တန့်ဆည်)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မိုးမခလမ်း | ၇၅၀ စ/ပေ | (၅)လွှာ၊ ဟောလ် | ၃၇၅ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၂။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ BR(၂) | ၁၆၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၃။ | မြေ | မှော်ဘီမြို့နယ်၊ မြေသီးသန့်၊ လမ်းမကြီးအနီး၊ | (၄၀ x ၆၀) ပေ | | ၈၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | အိမ်/မြေ | ဒဂုံမြို့သစ်(မြောက်)မြေပိုင်း၊ (၄၁) ရပ်ကွက် | မြေ (၄၀ x ၆၀)ပေ အိမ် (၂၅ x ၃၀) ပေ | RC (၂)ထပ် | ၃၅၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၅။ | မြေ | ဒဂုံမြို့သစ်(မြောက်)မြေပိုင်း၊ (၄၄) ရပ်ကွက် | မြေ (၄၀ x ၆၀) ပေ | မြေသီးသန့် | ၇၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ ၆၄၀၀ စ/ပေ | RC (၂)၊ MB (၃)၊ BR (၁)ထပ် | ၂၅ သိန်း | ပြင်ပြီး၊ အသင့်နေ၊ ၁လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၃၅ x ၄၅) ပေ | RC (၁) ထပ် | ၂၈၀၀ သိန်း | အသင့်နေ၊ ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အိမ်/မြေ | မန္တလေးမြို့နယ်၊ (၂၉) လမ်း | (၂၅ x ၆၀) ပေ | RC (၂) ထပ် | သိန်းတစ်သောင်း ရှစ်ထောင် | လမ်းမပေါ်မေးတင် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | ညောင်ဦး- ချောက်လမ်းမဘေး | ၀၉/၅၁၁၇၂၆၂ |

# သင်္ကြန်ကာလအတွင်း ပြည်တွင်းရှိ ဟိုတယ်များတွင် အခန်းဈေးနှုန်းများ နှစ်ဆခန့်မြင့်တက်

မကြာခင် ကျရောက်တော့မည့် မြန်မာ့ရိုးရာသင်္ကြန် ကာလအတွက် ပြည်တွင်းခရီးသွားဒေသများရှိ ဟိုတယ်များ တွင် အခန်းဈေးနှုန်းများ နှစ်ဆခန့်မြင့်တက်လျက်ရှိကြောင်း ပြင်သစ်အခြေစိုက်အွန်လိုင်း ဟိုတယ်ဘွတ်ကင်ဝန်ဆောင်မှု ဝက်ဘ်ဆိုဒ်ဖြစ်သည့် Jovago က သတင်းထုတ်ပြန် ခဲ့သည်။

သင်္ကြန်ကာလအတွင်း ရက်ရှည်ခရီးထွက်ရန်အတွက် ပြည်တွင်းမှအခန်း ကြိုတင်ဘွတ်ကင်ပြုလုပ်မှု များပြားလျက် ရှိပြီး ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ ၊ ငပလီကမ်း ခြေ၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ ပြင်ဦးလွင်နှင့် မော်လ မြိုင်မြို့တို့တွင် အခန်းဈေးနှုန်းများမှာ ပုံမှန်အချိန်များထက် အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှစတင်ကာ ၂၅ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်းနှင့် အချို့ဟိုတယ်များမှာ အများဆုံး နှစ်ဆအထိ အသီးသီး မြင့်တက်လျက်ရှိကြောင်း Jovago ၏ သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

ထို့သို့ သင်္ကြန်ရုံးပိတ်ရက်အတွင်း မြန်မာနိုင်ငံရှိ ခရီး သွားဒေသများတွင် ဟိုတယ်အခန်းဈေးနှုန်းများ နှစ်ဆနီးပါး အထိ မြင့်တက်လာသော်လည်း ချောင်းသာ၊ ငွေဆောင်၊ ငပလီ၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း စသည့်ဒေသများတွင် အခန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းမှာ ကြိုတင်ဘွတ်ကင်ပြု လုပ်ပြီးဖြစ်သောကြောင့် ယခုလက်ရှိအချိန်တွင် ခရီးသွားများ အနေဖြင့် အခန်းမရရှိခြင်းပြဿနာများကိုလည်း ကြုံတွေ့ နေရသည်ဟု ဆိုသည်။

"နွေရာသီဆိုတော့ ကမ်းခြေတွေမှာ ဈေးနှစ်ဆဖြစ်နေ တယ်။ ဒါပေမယ့် ဒီကာလမှာ လိုအပ်ချက် အရမ်းများတဲ့ အတွက် ကျွန်တော်တို့ Jovago ဝက်ဘ်ဆိုဒ်မှာဆို ကမ်းခြေ တွေနဲ့ မြိတ်၊ ထားဝယ်ဘက်တွေမှာ သင်္ကြန်အတွက် အခန်း တော်တော်များများက fully booked ဖြစ်နေပါပြီ။ တချို့ ဟိုတယ်တွေဆို အခန်းတွေတောင် ပိတ်လိုက်ပါပြီ"ဟု Jovago.com.mm ၏ မန်နေဂျင်းဒါရိုက်တာ Mr.Frans Mass က ပြောကြားသည်။

သို့ရာတွင် ထင်ရှားကျော်ကြားသည့် ပြည်တွင်းခရီးသွား ဒေသများဖြစ်သည့် ပုဂံ၊ အင်းလေး၊ တောင်ကြီး၊ ကလော၊ တောင်ငူ စသည့်ဒေသများမှာမူ သင်္ကြန်ကာလအတွင်း အခန်းဈေးနှုန်း သိသိသာသာ မြင့်တက်မှုမရှိဘဲ ပုံမှန်နှုန်း ထားအတိုင်းသာဖြစ်ကြောင်း Jovago ဝက်ဘ်ဆိုဒ်၏ အချက် အလက်များအရသိရသည်။

ယခုလက်ရှိအချိန်တွင် Jovago.com.mm ဝက်ဘ်ဆိုဒ်၌ ကြိုတင်လက်မှတ်ဝယ်လိုပါက မြန်မာနိုင်ငံတစ်ဝန်းရှိ Jovago နှင့် ချိတ်ဆက်ထားသည့် ခရီးသွားဒေသများရှိ ဟိုတယ်များ တွင် ၅၀ ရာခိုင်နှုန်းကျော်အထိ အထူးဈေးနှုန်းများဖြင့် မတ်လကုန် သင်္ကြန်မတိုင်ခင်အထိ တည်းခိုနိုင်မည်ဖြစ် သည်။

Jovago အနေဖြင့် ခရီးသွားများအဆင်ပြေသက်သာစွာ ခရီးသွားလာနိုင်ရေးအတွက် ဟိုတယ်အခန်းငှား ဝန်ဆောင် မှုကိုပေးရုံသာမက မြန်မာနိုင်ငံတစ်ဝန်း ပြေးဆွဲနေသည့် မန္တလာမင်းယာဉ်လိုင်းအပါအဝင် နာမည်ကြီး စားသောက် ဆိုင်အချို့နှင့်ပါ ချိတ်ဆက်ထားရှိကြောင်း သိရသည်။

**မယ်သီတာ**



# Mitsubishi Motors Myanmar က 2016 Pajero Sport နှင့် 2016 L200 မော်ဒယ်လ်များအတွက် Road Show ကျင်းပ

Mitsubishi Motors Myanmar က တင်သွင်းရောင်းချလျက်ရှိသော 2016 Mitsubishi Pajero Sport နှင့် 2016 Mitsubishi L200 မော်ဒယ်လ်များအတွက် Road Show အခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာပလာဇာ၌ မတ် ၁၀ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပခဲ့သည်။

အဆိုပါ ကားမော်ဒယ်လ်သစ် နှစ်မျိုးနှင့်ပတ်သက်၍ motors.com.mm မှ Mitsubishi Motors Myanmar ၏ Marketing Manager ဖြစ်သူ ဦးစိုးထွဋ်အောင်က "Pajero Sport ကို အရမ်းလူကြိုက်များပါတယ်။ တင်သွင်း ရောင်းချသမျှ နိုင်ငံတွေက အကောင်းဆုံး Feedback တွေပြန်ရပြီး ပြိုင်ဘက်တွေကြားမှာ မျက်နှာပန်းလှတယ်လို့ ပြောလို့ရပါတယ်။ Pajero Sport ကို ဒီမှာ လူသိနည်းနေသေးပေမယ့် လာကြည့်တဲ့ ကားဝယ်သူတိုင်းက ကားကိုမြင်ပြီး သိပ်မကြာခင်မှာပဲ ဝယ်သွားလေ့ရှိပါတယ်။ ပြီးတော့ 2015 Pajero Sport နဲ့ 2016 Pajero Sport တို့က အရမ်းကွာခြားပါတယ်။ 2015 Pajero Sport က 5-speed Automatic ဖြစ်ပေမယ့် ၂၀၁၆ မော်ဒယ်လ်မှာ 8-speed ဖြစ်သွားတယ်"ဟု ပြောကြားခဲ့သည်။

ထို့အပြင် ယခု Road Show အစီအစဉ်တွင် မော်တော်ကားဝယ်ယူသူများ အတွက် လျှော့ဈေးအစီအစဉ်များအပြင် သုံးနှစ်အထိ ပစ္စည်း၊ လက်ခမဲ့ဝန်ဆောင်မှုများလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပစ္စည်း၊ လက်ခမဲ့ ဝန်ဆောင်မှုနှင့်ပတ်သက်၍ "ကားတွေက ကီလိုငါးထောင်မောင်းပြီးတိုင်း ဆားဗစ် လုပ်ဖို့လိုတယ်၊ အဲဒီအချိန်မှာ ကျွန်တော်တို့က အင်ဂျင်ဝိုင်၊ လေစစ်၊ ဆီစစ် စတာတွေကို ပစ္စည်းဖိုး အခမဲ့၊ လက်ခပေးစရာမလိုဘဲ သုံးနှစ်တိတိ ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်"ဟု ဦးစိုးထွဋ်အောင်က ဆက်လက်ရှင်းပြခဲ့သည်။

2016 Pajero Sport ကို 2WD နှင့် 4WD မော်ဒယ်လ်နှစ်မျိုး ရွေးချယ်နိုင်ပြီး ဈေးနှုန်းများမှာ အမေရိကန်ဒေါ်လာ ၇၄,၉၀၀ (GLS 2WD 2016 MY) နှင့် အမေရိကန်ဒေါ်လာ ၇၉,၉၀၀ (GLS Automatic Transmission 4WD 2016) တို့ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | နယ်လိုင်စင် |
| ၂။ | ဟွန်ဒါဖစ်/ရှပ်တဲ (၂၀၁၁) | ယာယီ | ၂၁၅ သိန်း | နယ်လိုင်စင် |
| ၃။ | အာဗီအာ (၂၀၁၀) | ယာယီ | ၃၂၅ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | အက်ဇီယို (၂၀၀၉) | 3I | ၂၂၅ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | ဒီမီယို (၂၀၁၀) | ယာယီ | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဟွန်ဒါအင်ဆိုက် (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | နယ်လိုင်စင် |
| ၇။ | စီအာဗီ (၂၀၀၃) | ယာယီ | ၂၅၅ သိန်း | 2.0 ဓာတ်ဆီ၊ |
| ၈။ | မတ်(ခ်)တူး (၂၀၀၃) | 2K | ၂၅၀ သိန်း | 2.0 ဓာတ်ဆီ |
| ၉။ | နှစ်(၂၀) အပ်ကား | ၇ ခ | ၁၁၈ သိန်း | |

# မန္တလေးမြို့တွင် Handmade Textile and Design to Promote Myanmar Products to Japan အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်း၍ Handmade Textile and Design to Promote Myanmar Products to Japan အလုပ်ရုံဆွေးနွေးပွဲကိုမန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တွင် မတ်လ ၁၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌဦးအောင်ဆန်းဝင်း၊ ဂျပန်နိုင်ငံ (ASEAN-Japan Center) မှ စီမံကိန်းဒါရိုက်တာ မစ္စကာမီအိုကာမီချိအိုနှင့် ကျွမ်းကျင်သူပညာရှင် မစ္စနိုရီကိုအိုကီ (Okura)၊ ဌာနဆိုင်ရာများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ လုပ်ငန်းရှင်စုစုပေါင်း ၈၀ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံမှ ကျွမ်းကျင်သူပညာရှင် မစ္စနိုရီကိုအိုကီ (Okura) က လက်မှုအနုပညာပစ္စည်းများ တင်ပို့ခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များက ၎င်းတို့ယူဆောင်လာသော လက်မှုပစ္စည်းများ၏အရည်အသွေး၊ ဒီဇိုင်းများနှင့် သိလိုသည်များကို တစ်ဦးချင်း မေးမြန်းရာပညာရှင်များက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။ MYANTRADE**(ကုန်သွယ်/ဖွံ့ဖြိုး)**






## ကန္တရဝတီကုန်သွယ်မှုဗဟိုဌာနတွင် ဒေသထွက်ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကန္တရဝတီကုန်သွယ်မှုဗဟိုဌာနမှ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မြို့ပတ်လမ်းရှိ ကယားပြည်နယ်နေ့ကျင်းပရေးကွင်းအတွင်း ဒေသထွက်ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲအား မတ်လ ၁၉ရက်က ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ဖွင့်ပွဲအခမ်းအနားကို ကယားပြည်နယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေး၊ ကယားပြည်နယ်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးမော်မော်နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကယားပြည်နယ် အစိုးရအဖွဲ့စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ဦးအောင်စိုးတို့က အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကယားပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့ဝင်များ၊ ITC မှ စီမံကိန်းမန်နေဂျာနှင့်တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များဖိတ်ကြားထားသူများ စုစုပေါင်း၁၅၀ခန့်တက်ရောက်ခဲ့ပါသည်။ အဆိုပါကုန်စည်ပြပွဲအား ၂၀၁၇ခုနှစ် မတ်လ ၁၉ရက်မှ ၂၁ရက်အထိကျင်းပခဲ့ကြောင်းသတင်းရရှိပါသည်။**Kayah**

# ပုလဲမြို့တွင် ကျင်းပခဲ့သည့် လယ်ယာကဏ္ဍစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းပါဝင်ဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်ဦးစီးမှူး ဦးသန်းပိုနှင့်တာဝန်ရှိသူများသည် ပုလဲမြို့နှင့်ယင်းမာပင်မြို့တို့တွင် ကျင်းပခဲ့သည့် လယ်ယာကဏ္ဍစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းများကို ပါဝင်ဆွေးနွေးခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲများကို မတ် ၁၈ရက်နှင့် ၁၉ရက်တို့တွင် ယင်းမာပင်မြို့၌လည်းကောင်း၊မတ် ၂၀ရက်နှင့် ၂၁ရက်တို့တွင် ပုလဲမြို့၌လည်းကောင်း ကျင်းပခဲ့ခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တောင်သူများက မျိုးစေ့များ၊သွင်းအားစုများ၊ ပိုးသတ်ဆေးများ လိမ်လည်ခံရခြင်းတို့ဖြစ်ပေါ်လျက်ရှိရာ အရောင်းကိုယ်စားလှယ်များနှင့်ကုမ္ပဏီများက တာဝန်ယူဖြေရှင်းခြင်း မရှိသဖြင့် အခက်အခဲများရှိနေကြောင်း တင်ပြခဲ့ကြသည်။

ထို့ကြောင့် ခရိုင်ဦးစီးမှူးဦးသန်းပိုက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းတာဝန်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များ၊ ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် ပြဿနာဖြစ်ပေါ်လာပါက နစ်နာမှုများကို ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ လာရောက်တိုင်ကြားနိုင်ပါကြောင်း အသေးစိတ်ဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များနှင့် ဥပဒေစာအုပ်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **သူဇာကျော်(ပုလဲ)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**


## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၂၇-၃-၂၀၁၇ မှ ၂-၄-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းသစ်များ မတိုးချဲ့သင့်သေးပါ။ လုပ်ငန်းဟောင်းများကိုသာ ကြိုးစားလုပ်ကိုင်သင့်သည်။ မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှုကြောင့် လုပ်ငန်းများ အဆင်ပြေ တိုးတက်အောင်မြင်မည်။ လူမျိုးခြားနှင့်ဆက်ဆံလုပ်ကိုင်ရတတ်သည်။ ကျန်းမာရေးတိုးတက်ကောင်းမွန်မည်။ ကျောင်းသား၊ ကျောင်းသူများ ပညာရေးတိုးတက်၍ အောင်မြင်မှုများရတတ်သည်။ အိမ်တွင်းရေး ပူပန်သောကရှိတတ်သည်။ မိသားစုဆက်ဆံရေးများ အဆင်မပြေမှုများ ကြုံရတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင်ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** ငွေကြေး အကုန်အကျများမည်။ လုပ်ငန်းခွင်တွင် စကားအခြေအတင်ပြောရကိန်းရှိသည်။ စေတနာ့ဝန်ထမ်းလုပ်ငန်းများ လုပ်ရတတ်သည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှုများလျော့နည်းနေ၍ အဆင့်မကောင်းဖြစ်တတ်သည်။ စီးပွားကုန်သွယ်မှု တိုးတက်မှုရှိမည်။ ကျန်းမာရေးကောင်းမွန်နေမည်။ စိတ်ပျက်စရာ၊ အားငယ်စရာများ ကြုံတွေ့ရတတ်သည်။ အိမ်ထောင်ဖက်နှင့် ခွဲခွာနေရတတ်သည်။ ကောင်းကောင်း အိပ်စက်အနားယူရန် လိုအပ်ပါသည်။ **ယတြာ။ ။ဘုရားတွင် အောင်သပြေပန်းကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်များ တိုးတက် အောင်မြင်မည်။ စပ်တူလုပ်ငန်းလုပ်ကိုင်ရတတ်သည်။ လူမှုရေးအဆင့်အတန်းမြင့်မား၍ ထင်ပေါ်ကျော်စောမည်။ ပညာရေးအောင်မြင်မှုရမည်။ ရေမြေခြား၊ ခရီးဝေးသွားရကိန်းရှိသည်။ ကံကြမ္မာ အထောက်အပံ့ရမည်။ မမျှော်လင့်ဘဲ ဝင်ငွေတိုးတက်မည်။ ကျန်းမာရေးကောင်းမွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး အသင့်အတင့်ရှိနေမည်။ အိမ်၊ မြေ၊ ယာဉ်ကားနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက်ကြုံရတတ်သည်။ **ယတြာ။ ။ ဘုရားတွင် ဂြိုလ်ရှစ်ခွင်တံခွန်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရေခြားမြေခြား၊ ခရီးသွားရကိန်းရှိသည်။ ကံကြမ္မာအထောက်အပံ့ရမည်။ မမျှော်လင့်ဘဲ ဝင်ငွေတိုးတက်မည်။ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည့်ကာလဖြစ်သည်။ ပျော်ရွှင်ငြိမ်းချမ်းမှုများရမည်။ ပညာရေးကောင်းမည်။ ကျန်းမာရေးချို့တဲ့တတ်သည်။ စိတ်ပိုင်းဆိုင်ရာလည်း ပူပင်သောက ရောက်ရတတ်သည်။ စိတ်ဖိစီးမှုဖြစ်ရတတ်သည်။ အိမ်ထောင်ဖက်ကောင်းရတတ်သည်။ လူပျို၊ အပျိုဖြစ်လျှင် အိမ်ထောင်ပြုရကိန်းကြုံမည်။ အိမ်ထောင်ဖက်နှင့်အဆင်ပြေမည်။ ဆက်ဆံရေးပြေလည်မည်။

**ယတြာ။ ။ စတော်ဘယ်ရီသီးဖျော်ရည်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** မျှော်မှန်းလုပ်ကိုင်ရသောလုပ်ငန်းတို့မှ ငွေကြေးအကျိုးခံစားရတတ်သည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် ထင်ပေါ်ကျော်စောမည်။ လုပ်ငန်းများ တိုးတက်အောင်မြင်မည်။ သစ္စာရှိသော မိတ်ဆွေကောင်းများ၏ ပံ့ပိုးမှုကြောင့် လုပ်ငန်းများ တိုးတက်အောင်မြင်မည်။ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးတိုးတက်ကောင်းမွန်မည်။ လူကြီး၊ လူကောင်းများ ဩဇာရှိသူများနှင့်ဆက်ဆံရတတ်သည်။ ကျန်းမာရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ ရောဂါထွေထူးမရှိနိုင်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေမည်။ **ယတြာ။ ။နေကြာပန်းဘုရားလှူပါ။**



**သောကြာသားသမီးများအတွက်** ငွေကြေး၊ အသုံးအဆောင်ပစ္စည်း အခိုးခံရတတ်သည်။ ပျောက်ဆုံးတတ်သည်။ လူမျိုးခြားနှင့် ဆက်ဆံလုပ်ကိုင်ရတတ်သည်။ ငွေအကုန်အကျများမည်။ သွေးထွက်သံယိုဖြစ်ကိန်းရှိသည်။ သားသမီးများနှင့် ပတ်သက်၍ သတင်းကောင်း ကြားရတတ်သည်။ မမျှော်လင့်သော အခက်အခဲ ဝမ်းနည်းစရာများ ကြုံရတတ်သည်။ ကျန်းမာရေး၊ အချစ်ရေးကောင်းမွန်ပြီး ဖြောင့်ဖြူးမှုရှိနေမည်။

**ယတြာ။ ။သာကူဆန္ဒင်းမကင်းဘုရားလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန် ဝီရိယစိုက်ထုတ်ရမည်။ ကြိုးစားအားထုတ်မှုများ အရာမထင်ဖြစ်တတ်သည်။ ဘာသာရေး၊ လူမှုရေးလုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ ပညာရေး တိုးတက်မည်။ ဆရာကောင်းများ၏ စောင့်ရှောက်မှုရတတ်သည်။ မလိုသူများ၏ ရန်ရှာခြင်းခံရတတ်သည်။ ကျန်းမာရေး ဂရုပြုရန် လိုအပ်ပါသည်။

**ယတြာ။ ။ထန်းသီးလှူဒါန်းပါ။**

## ရွှေပိတောက် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်က မော်တင်စွန်း-ပုသိမ်-ရန်ကုန်မြို့ ခရီးစဉ်အား ပြေးဆွဲပေးမည်

ရွှေပိတောက် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်သည် ငပုတောမြို့နယ် မော်တင်စွန်းကမ်းခြေမှ ရန်ကုန်မြို့သို့ တိုက်ရိုက်ခရီးစဉ်အဖြစ် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ ရွှေပိတောက် ယာဉ်လိုင်းသစ်သည် မော်တင်စွန်း၊ ပုသိမ်-ရန်ကုန်ခရီးစဉ်အား ၄၅ ယောက်စီး လေအိတ်ကားများဖြင့် မတ်လမှစတင်ကာ ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

ယခင်ပင်လယ်ပိုင်း ဒေသများဖြစ်သည့် ဇီးချိုင်၊ ကံချိုင်၊ စံပြ၊ ကျောက်ချောင်း၊ ဟိုင်းကြီး၊ ခမောက်မော့် ကျေးရွာများနှင့် ဆက်စပ်လျက်ရှိသည့် မော်တင်စွန်းပင်လယ်ကမ်းခြေဒေသမှ ရန်ကုန်မြို့သို့ သွားလာရာတွင် ပုသိမ်မြို့သို့ သင်္ဘောဖြင့် တစ်ဆင့် တစ်ညအိပ် သွားလာရပြီး အချိန်ကုန် ငွေကြေးကုန်ကျမှု ပိုများခဲ့သော်လည်း ယခုအခါ မော်တင်စွန်း-ပုသိမ်-ရန်ကုန်မြို့သို့ တိုက်ရိုက်ခရီးစဉ် ပြေးဆွဲပေးသည့်အတွက် ခရီးသွားများ ယခင်ကထက် အဆင်ပြေစွာ သွားလာနိုင်သည့်အပြင် အချိန်ကုန်၊ ငွေကြေးကုန်ကျမှုများလည်း လျော့ကျနိုင်မှာဖြစ်ကြောင်း၊ မော်တင်စွန်းမှ ညနေခြောက် နာရီထွက်ရှိပြီး ရန်ကုန်မြို့သို့ နံနက် (၄၊ ၅) နာရီဝန်းကျင်ရောက်ရှိ၍ ရန်ကုန်မြို့မှ ညစဉ် ခုနစ်နာရီ ပုံမှန်ထွက်ရှိကာ အဲယားကွန်း၊ တီဗွီ ဖျော်ဖြေရေး၊ ရေသန့်ဘူး၊ မျက်နှာသစ် ပစ္စည်းများလည်း ဝန်ဆောင်မှုပေးမှာဖြစ်ကြောင်း မော်တင်စွန်းကားဂိတ် ဖုန်းနံပါတ် ၀၉-၄၉၀၀၀၅၂၈၊ ပုသိမ်ကားဂိတ် ဖုန်းနံပါတ် ၀၉-၄၅၀၈၀၉၃၀၂ နှင့် ရန်ကုန်ကားဂိတ် ဖုန်းနံပါတ် ၀၉-၄၅၀၈၀၉၃၀၄ သို့လည်း ဆက်သွယ်၍ ကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ကားဂိတ်တာဝန်ခံမှ ပြောကြားပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## ပုသိမ်မြို့တွင် ရောင်းချနေသည့် Energy Plus အချိုရည်နှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေး



ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် ပုသိမ်မြို့တွင် ရောင်းချလျက်ရှိသည့် Energy Plus တံဆိပ်အချိုရည်နှင့်ပတ်သက်၍ သတင်းများ ထွက်ပေါ်နေမှုအပေါ် မတ် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပုသိမ်မြို့တွင် ထုတ်လုပ်ရောင်းချလျက်ရှိသည့် Energy Plus တံဆိပ်အချိုရည်သည် အနံ့အသက်များ မကောင်းဟု သိရှိရသဖြင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ရွှေဝါထွန်းရပ်ကွက်အတွင်းရှိ အဆိုပါအချိုရည်ထုတ်လုပ်ရာ နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။ ယင်းကဲ့သို့ ကွင်းဆင်းစစ်ဆေးရာ၌ ယခုအခါ အဆိုပါ အချိုရည်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားပြီးဖြစ်သကဲ့သို့ ဆက်လက်ထုတ်လုပ်ခြင်းလည်း မရှိသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် Energy Plus အချိုရည်အနေဖြင့် မူလလုပ်ငန်းအား ပြန်လည်လုပ်ကိုင်မည်ဆိုပါက တည်ဆဲဥပဒေများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ပြင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းလိုင်စင်၊ စည်ပင်သာယာရေးဦးစီးဌာန၏ ခွင့်ပြုလိုင်စင်များ ရယူ၍ GMP, GHP စနစ်များဖြင့် စားသုံးသူများ ဘေးအန္တရာယ် မဖြစ်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရေးတို့ကို ဦးတည်ပြီး ထုတ်လုပ်စေလိုကြောင်း မှာကြားခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ (က) အရ သတိပေးခဲ့ကြောင်း သတင်းရရှိသည်။

**မောင်ပုသိမ်**

## ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၃ ရက်က စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး၊ အတွင်းရေးမှူးက မတ်လအတွင်း ဌာန၏လုပ်ငန်းလမ်းညွှန်ချက်များ၊ ယခင်စတုတ္ထအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိမှု၊ ယခုအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ အဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသော စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းများအား တစ်ဦးချင်း ဖြည့်စွက်ပေါင်းစပ်ဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပြီး ပညာပေးစာစောင်များ ဖြန့်ဝေ

ရွှေဘိုခရိုင်၊ ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးအောင်ညွှန့်နှင့် မိတ်ဖက်အဖွဲ့များ ပါဝင်သောအဖွဲ့သည် မတ် ၂၀ ရက်က ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ သာဘုံကျောင်းတိုက်တွင် ဖွင့်လှစ်ထားသော နွေရာသီ ဗုဒ္ဓစာပေယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်တန်းသို့ သွားရောက်ကာ သင်တန်းသား/သူနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အပါအဝင် လေ့လာသူများ စုစုပေါင်း ၁၆၅ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရှိရပါသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ ဓာတုဆိုးဆေးပါ မုန့်များအကြောင်း၊ အချိုရည်၊ ဂျယ်လီနှင့် ပင်လယ်စာများ၏ အန္တရာယ်များ အကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါ်သဇင်နွယ်က ကောင်းသော အမူအကျင့်များ ပြောင်းလဲကျင့်သုံးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘက်စုံသားဖွား ဆရာမက သန့်လေးသန့်အကြောင်းများကိုလည်းကောင်း အသီးသီး ပညာပေးဟောပြောကြပြီးနောက် စားသုံးသူရေးရာဦးစီးဌာနမှ ပညာပေးလက်ကမ်းစာစောင်များနှင့် ကျန်းမာရေးဦးစီးဌာနမှ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွှန့်(ရေဦး)**



## မြို့ကြီးများ၏ ၂၇-၃-၂၀၁၇ မှ ၃၁-၃-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၇-၃-၂၀၁၇) | အင်္ဂါ(၂၈-၃-၂၀၁၇) | ဗုဒ္ဓဟူး(၂၉-၃-၂၀၁၇) | ကြာသပတေး(၃၀-၃-၂၀၁၇) | သောကြာ(၃၁-၃-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၁°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| မန္တလေးမြို့ | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | တိမ်အသင့်တင့် ၃၁°C/၈၇°F |
| လားရှိုး | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| ကျိုင်းတုံ | ၄၀% ၃၀°C/၈၆°F | ၄၀% ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| လွိုင်ကော် | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| တောင်ကြီး | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| ဘားအံ | နေသာ ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| တောင်ငူ | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၀°F |
| မုံရွာ | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F |
| ပုသိမ် | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F |
| မြိတ် | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| စစ်တွေ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၃°C/၉၃°F |
| မကွေး | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၀°C/၁၀၄°F |
| ဖလမ်း | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |

# အင်ဒိုနီးရှားနိုင်ငံတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင် မတ် ၂၁ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

ဘာလီကျွန်းသည် နိုင်ငံခြားသား ခရီးသွားများ အများဆုံး လာရောက်လည်ပတ်သည့်ဒေသတစ်ခုဖြစ်ရာ ယခုကဲ့သို့ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံခြားသားခရီးသွားများ ထိတ်လန့်တုန်လှုပ်ခဲ့ရကြောင်း သိရသည်။

အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် လူများ သေကျေခြင်း၊ ဒဏ်ရာ ရရှိခြင်းများ မရှိခဲ့သဖြင့် အံ့ဩခဲ့ရသည်ဟုဆိုသည်။

အင်အားပြင်းငလျင်ကြောင့် ရှေးဟောင်းအဆောက်အဦများ အနည်းငယ်ပျက်စီးခဲ့ရသည်မှအပ ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်ချိန်တွင် ဒေသခံများနှင့် နိုင်ငံခြားသား ခရီးသွားများသည် နေအိမ်များနှင့် ဟိုတယ်များပေါ်မှ ထွက်ပြေးခဲ့ကြကြောင်း မျက်မြင်ကြုံတွေ့ခဲ့သူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ငလျင်သည် ဘာလီမြို့၊ ဒီပင်ဆာဒေသ၏ ၁၀ ကီလိုမီတာအကွာကို မြေအောက် ၁၁၈ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗဟိုပြုသည့်နေရာမှာ အလွန်ကွာဝေးသည့်နေရာဖြစ်သည့်အတွက် ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

စက္ကန့် ၂၀ ကျော် ကြာမြင့်ခဲ့သည့် အဆိုပါ ငလျင်လှုပ်ခတ်မှုကို ဒေသခံများနှင့် နိုင်ငံခြားသား ခရီးသွားများ ခံစားသိရှိခဲ့ရသည်ဟုဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးမှု လုံးဝမရှိဟု ဒေသဆိုင်ရာအစိုးရ အာဏာပိုင်များက ထုတ်ဖော်ကြေညာခဲ့သော်လည်း ဘင်္ဂလီအရပ်ရှိ ကီဟန်ဘုရားရှိခိုးကျောင်း၏ ဂိတ်တံခါး ပြိုကျပျက်စီးခဲ့ရကြောင်း အင်ဒိုဆာ့ဖ်လိုက်ဖ်သတင်းတွင် ဖော်ပြထားသည်။

မတ် ၂၁ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ပြီးနောက် အင်အား ၅ ဒသမ ၅ အဆင့်ရှိ နောက်ဆက်တွဲငလျင်များ ထပ်မံလှုပ်ခတ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ဘာလီကျွန်းတွင် ဒေသခံပြည်သူပေါင်း သုံးသန်းကျော်ရှိသည်။

**မယ်သီတာ**



# အိန္ဒိယနိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် အပူလှိုင်းများ ဖြတ်သန်းလာဖွယ်ရာရှိ

ယခုနှစ် နွေရာသီအတွင်း အိန္ဒိယနိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့ရှိ ဒေသများတွင် အပူလှိုင်းများ ဖြတ်သန်းလာဖွယ်ရာရှိကြောင်း economictimes သတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် မတ်လနှောင်းပိုင်း၌ အပူချိန်မှာ ၄၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိလာပြီဖြစ်သဖြင့် အလယ်ပိုင်းနှင့်မြောက်ပိုင်းဒေသတို့တွင် အပူလှိုင်းများ ဖြတ်သန်းလာဖွယ်ရှိသည်ဟု ခန့်မှန်းရခြင်းဖြစ်ကြောင်း အိန္ဒိယမိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။

ယခုလက်ရှိအချိန်တွင် မြို့တော် ဒေလီ၌ အပူချိန်သည် ၇ ဒီဂရီဆဲလ်ဆီးယပ်စ်မြင့်တက်ခဲ့ကာ ၃၇ ဒီဂရီဆဲလ်ဆီးယပ်သို့ ရောက်ရှိခဲ့ကြောင်း၊ အဆိုပါအပူချိန်သည် ၂၀၁၆ခုနှစ်အတွင်းက အပူဆုံးအချိန်သည် ၃၇ဒီဂရီဆဲလ်ဆီးယပ်စ်ရှိခဲ့သဖြင့် ယခုနှစ်၏ အပူဆုံးအချိန်တွင် ယခုထက်အပူချိန်များ ပိုမိုမြင့်တက်လာနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာန၏ ခန့်မှန်းချက်ကို အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"နေရောင်ကြောင့် ထွက်ပေါ်လာမယ့် အပူလှိုင်းတွေကို ကာကွယ်ပေးမယ့် မိုးတိမ်ရိပ်တွေ ကင်းစင်နေတဲ့အတွက် ဒီနှစ်မှာ အပူချိန်က တော်တော်လေးကို မြင့်တက်လာမယ့် အနေအထားမှာ ရှိနေပါတယ်"ဟု နယူးဒေလီမြို့ရှိ အိန္ဒိယမိုးလေဝသဌာန၊ အမျိုးသား မိုးလေဝသခန့်မှန်းရေး ဗဟိုဌာနမှ အကြီးအကဲဖြစ်သူ ကေစာသီဒေဝီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်က မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည့်သတင်းများအရ အပူဆုံးဒေသများသည် အပူချိန် ၄၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရှိခဲ့ပြီး တောင်ကုန်းတောင်တန်းဒေသများတွင် အပူချိန် ၃၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထိရှိခဲ့ကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်များကို ကိုးကား၍ အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"အိန္ဒိယ မိုးလေဝသဌာနအနေနဲ့ တစ်နှစ်စာ မိုးလေဝသ အခြေအနေတွေကို ကြိုတင်ခန့်မှန်းထားပြီးဖြစ်ပါတယ်။ ဒီနှစ်ကတော့ အပူချိန်တွေ မြင့်တက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ နေ့စဉ်တိုင်းတာလို့ရရှိတဲ့အခြေခံအချက်တွေကို စံထားပြီး ခန့်မှန်းထားတာ ဖြစ်ပါတယ်"ဟု ဒေဝီက ထပ်မံပြောကြားခဲ့သည်။

အပူလှိုင်းဖြတ်သန်းသွားဖွယ်ရာရှိသည့် မြို့များမှာ မြို့တော်ဒေလီ၊ ဟာရာနာ၊ ပန်ဂျပ်၊ ချန်ဒီဂရာ၊ ရာဂျတ်စသန်၊ ဥတ္တရာပရာဒေ့ရှ်၊ အနောက်ဘင်ဂေါလ်နှင့် တီလန်ဂါနာဒေသတို့ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

Vol: 17, No.13 Monday March 27 2017



# Security Software တစ်ခုဖြစ်သည့် Bitdefender App ကို မြန်မာနိုင်ငံတွင် တရားဝင် ဝယ်ယူသုံးစွဲနိုင်ပြီ

ကွန်ပျူတာများနှင့်ဖုန်းများအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် Security Software တစ်ခုဖြစ်သည့် Bitdefender App ကို မြန်မာနိုင်ငံတွင် တရားဝင် ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း အဆိုပါ Software ကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင်ဖြန့်ချိလျက်ရှိသည့် Computer Technical Team Co., Ltd. မှ ဦးခွန်ဦးက ပြောကြားခဲ့သည်။

အဆိုပါ Security Software ကိုရောင်းချရာတွင် လိုင်စင်တစ်နှစ်စာအတွက် 1 User လျှင် ကျပ် ၉၉၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး Internet Security အတွက် ကျပ် ၁၅၅၀၀ ဖြင့် လည်းကောင်း၊ Total Security အတွက် ကျပ် ၂၀၀၀၀ဖြင့် လည်းကောင်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Software ကို ဝယ်ယူအသုံးပြုရာတွင် 1 User အတွက် ဝယ်ယူပါက ကွန်ပျူတာသုံးလုံးအထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် ကွန်ပျူတာများ၊ Android ဖုန်းများ၊ အင်တာနက်များကို လွယ်လွယ်ကူကူ အသုံးပြု၍ရနေသဖြင့် ၎င်းတို့ကို အသုံးပြုရာတွင် Malware များက အနှောင့်အယှက် ပေးလျက်ရှိကြောင်း၊ အဆိုပါ Malware များသည် တစ်နေ့လျှင် လေးသိန်းခန့်ရှိနေရာ ယင်း Malware များကို ရှင်းထုတ်ရန်အတွက် bitdefender Software ကိုအသုံးပြုပါက ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်း CTT ကုမ္ပဏီမှ ဦးခွန်ဦးက ပြောကြားခဲ့သည်။

**မယ်သီတာ**

# MPT က 4G စမတ်ဖုန်းအသစ်ကို ကျပ် ၈၉၀၀၀ ဖြင့် စတင်ရောင်းချ




MPT သည် 4G စနစ်ပါဝင်သည့် စမတ်ဖုန်းအသစ် M50A ကို ကျပ် ၈၉၀၀၀ ဖြင့် စတင်ရောင်းချပေးနေပြီ ဖြစ်ကြောင်း သိရသည်။

MPT ၏ အဆိုပါစမတ်ဖုန်းအသစ် မိတ်ဆက်ပွဲ အခမ်းအနားကို မတ် ၂၂ ရက်က မြန်မာပလာဇာတွင် ကျင်းပခဲ့သည်။

အဆိုပါစမတ်ဖုန်းကို ဝယ်ယူသုံးစွဲသူများအနေဖြင့် ဝယ်ယူပြီးသည့်နေ့မှ ခြောက်လတိုင်တိုင် လစဉ်သုံး ဒေတာအပိုဆု2.5 GB ရရှိနိုင်မည့် MPT ဆင်းကတ်တစ်ကတ်ကို လက်ဆောင်ရရှိမည်ဖြစ်သည်။

ထို့ပြင် ဖုန်းဘေလ်အနည်းဆုံး ကျပ် ၃၀၀၀ ဖိုးဖြည့်သွင်းရုံဖြင့် အဆိုပါဒေတာအပိုဆိုကို ရရှိနိုင်မည်ဖြစ်ပြီး MPT ၏ ဆွေသဟာအစီအစဉ်ကိုလည်း ရယူသုံးစွဲနိုင်မည်ဖြစ်သည်။

အဆိုပါ MPT ၏ M 50A ဖုန်းအမျိုးအစားကို ဝယ်ယူပါက တစ်နှစ်အာမခံပေးထားမည်ဖြစ်ပြီး ရွှေရောင်၊ အနက်ရောင်နှင့် အဖြူရောင်ဟူ၍ အရောင်သုံးမျိုး ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ ထို့ပြင် အထူးစီမံထားသော လက်ဆောင်ဘူးတစ်ဘူးနှင့် အာမခံတစ်နှစ်ကိုလည်းရရှိမည်ဖြစ်သည်။

MPT-KGSM Joint Operation ၏ Chief Commercial Officer ဖြစ်သူ မစ္စတာကိုအိချိကာဝါဆဲက "MPT အမှတ်တံဆိပ် စမတ်ဖုန်းစီးရီးထဲကို နောက်ထပ် မော်ဒယ်တစ်မျိုး ထပ်မံထည့်သွင်းလိုက်နိုင်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ စိတ်လှုပ်ရှားမိပါတယ်။ M50A က ဈေးနှုန်းအားဖြင့် အတော်လေး သက်သာရုံမက အရည်အသွေးမြင့်မားတဲ့ စမတ်ဖုန်းပဲဖြစ်ပါတယ်။ အခုရော နောင်မှာပါ MPT ရဲ့ ကျယ်ပြန့်ပြီး မြန်ဆန်တဲ့ 4G ကွန်ရက်နဲ့ချိန်ဆက်ပြီး အသုံးပြုနိုင်ဦးမှာပါ။ ဒေတာအပိုဆုအနေနဲ့လည်း တစ်လကို 2.5G ရရှိမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့သုံးစွဲသူတွေဟာ ထူးခြားစုံလင်လှတဲ့ ဝန်ဆောင်မှုအမျိုးမျိုးကို ရယူသုံးစွဲပြီး ဆက်သွယ်မှု ပိုမိုကောင်းမွန်တဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ချီတက်နိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

# တောင်ကြီးမြို့တွင် Taunggyi Business Center ဖွင့်ပွဲနှင့် 1st Myanmar's Smart Living Expo 2017 ပြပွဲ ပြသမည်

iMyanmarHouse.com နှင့် Taunggyi Business Center တို့ ပူးပေါင်း၍ Taunggyi Business Center ဖွင့်ပွဲ အခမ်းအနားနှင့် 1st Myanmar's Smart Living Expo 2017 (အိမ်ခြံမြေ၊ ကားနှင့် လူသုံးကုန် ပစ္စည်းအရောင်းပြပွဲ)ကို မတ် ၃၁ ရက်မှ ဧပြီ ၂ ရက် အထိကျင်းပမည်ဖြစ်ကြောင်း သိရသည်။




မတ် ၃၁ ရက်တွင် တောင်ကြီးစီးပွားရေးစင်တာ (Taunggyi Business Center) ဖွင့်ပွဲကို ကျင်းပပြီး အိမ်ခြံမြေ၊ ကားနှင့် လူသုံးကုန်ပစ္စည်းအရောင်းပြပွဲကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

တောင်ကြီး စီးပွားရေးစင်တာသည် တောင်ကြီးမြို့မှ လေးမိုင်အကွာ တောင်ကြီး-ဟိုပုန်း ကားလမ်းဘေးတွင် တည်ရှိပြီး မြေဧက ၄၅ ဧက ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

တောင်ကြီး စီးပွားရေးစင်တာကို ဝမင်းကုမ္ပဏီနှင့် ဖြူစင်ကုမ္ပဏီတို့က အကျိုးတူ ပူးပေါင်းတည်ဆောက်ထားခြင်းဖြစ်ပြီး တောင်ကြီးမြို့၏အထူးဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

တောင်ကြီးစီးပွားရေးစင်တာတွင် ပြုလုပ်မည့် အိမ်ခြံမြေ၊ ကားနှင့်လူသုံးကုန်ပစ္စည်း အရောင်းပြပွဲကြီးတွင် ဆောက်လုပ်ရေး ကုမ္ပဏီ ၁၁ ခုမှ တောင်ကြီး၊ မန္တလေးနှင့် ရန်ကုန်တို့ရှိ တိုက်ခန်းနှင့် အဆင့်မြင့်ကွန်ဒိုအခန်းပေါင်း ၂၀၀၀ ကျော်ကို အထူးဈေးနှုန်းများ၊ အရစ်ကျစနစ်များဖြင့် ပါဝင်ပြသ ရောင်းချသွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါပြပွဲတွင် နာမည်ကြီး ကားကုမ္ပဏီများဖြစ်သည့် တိုယိုတာ၊ နစ်ဆန်း၊ ဖို့ဒ် ကားကုမ္ပဏီများက လာရောက်ပြသ ရောင်းချကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲတွင် စာပေဟောပြောပွဲများ၊ မော်ဒယ်ရှိုးပွဲများ၊ အဆိုတော်များ၏ ဖျော်ဖြေပွဲများ၊ ရှမ်းယူနိုက်တက်အသင်းမှ လက်ရွေးစင်ဘောလုံးသမားများ၏ အလှပြကစားပွဲနှင့်တွေ့ဆုံပွဲများ၊ ကံစမ်းမဲအစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

**မယ်သီတာ**

# Colgate က သွားနှင့် ခံတွင်း ကျန်းမာရေးအစီအစဉ်တွင် မြန်မာနိုင်ငံ အနှံ့အပြားမှ လူပေါင်းခုနစ်သောင်းကျော်အား အခမဲ့ သွားကျန်းမာရေးစစ်ဆေးပေးခဲ့

Colgate-Palmolive ၏ ပဉ္စမအကြိမ်မြောက် သွားနှင့် ခံတွင်းကျန်းမာရေးအစီအစဉ်အရ မြန်မာနိုင်ငံ အနှံ့အပြားမှ ပြည်သူပေါင်း ခုနစ်သောင်းကျော်အား သွားကျန်းမာရေး အခမဲ့စစ်ဆေးပေးခဲ့ကြောင်း Colgate ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Colgate ၏ အဆိုပါအစီအစဉ်ကို ဖေဖော်ဝါရီလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အနှံ့အပြားရှိ မြို့နယ်ပေါင်း ၈၂ မြို့နယ်မှ သွားဆေးခန်းနှင့် ဆေးရုံပေါင်း ၄၇၄ ခုတို့တွင် သွားကျန်းမာရေးနှင့်ပတ်သက်သည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းကြူက Colgate ၏ သွားနှင့်ခံတွင်း ကျန်းမာရေးလ အစီအစဉ်၏ ငါးနှစ်တာကာလအတွင်း တဖြည်းဖြည်း တိုးတက်လာသည့် အခြေအနေများအရ မြန်မာနိုင်ငံအတွင်း တစ်နေ့လျှင် နှစ်ကြိမ် ပုံမှန်သွားတိုက်ခြင်း၊ သွားဆရာဝန်နှင့် သွားကျန်းမာရေးကို ပုံမှန်စစ်ဆေးမှုများခံယူခြင်း စသည့် အသိပညာများ တိုးတက်လာကြောင်း၊ သွားကျန်းမာရေးကို ဂရုစိုက်ခြင်းသည် တစ်ကိုယ်ရည်ကျန်းမာရေးကောင်းမွန်မှုအတွက် အကျိုးဖြစ်စေကြောင်း ပြောကြားခဲ့သည်။

Colgate သည် အဆိုပါ အစီအစဉ်ကို ၂၀၁၃ ခုနှစ်အတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး ယနေ့အချိန်အထိ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူပေါင်း ၂၁၅၀၀၀ ကျော်ကို သွားကျန်းမာရေးစစ်ဆေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အိန္ဒိယအသင်းအား အနိုင်ယူပြီး အာရှခြေစစ်ပွဲအောင်နိုင်ရေးအတွက် ကြိုးပမ်းရန် မြန်မာ့လက်ရွေးစင်အသင်းကို ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တွေ့ဆုံတိုက်တွန်း



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်သည် မတ် ၂၂ ရက်က မြန်မာ့လက်ရွေးစင်အသင်း တည်းခိုနေထိုင်ရာ အင်းလျားလိတ်ဟိုတယ်သို့ သွားရောက်၍ မတ် ၂၈ ရက်တွင် သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည့် အိန္ဒိယလက်ရွေးစင်အသင်းနှင့် အာရှဖလား ၂၀၁၉ ခြေစစ်ပွဲစဉ်အား အကောင်းဆုံး ယှဉ်ပြိုင်ကြိုးစားပြီး အာရှခြေစစ်ပွဲအောင်မြင်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့သည်။

"မြန်မာ့လက်ရွေးစင် အသင်းအနေနဲ့ လက်ရှိအချိန်မှာ ကြံ့ခိုင်မှုအပိုင်းရော၊ စုစည်းညီညွတ်မှုအရပါ အကောင်းဆုံး အနေအထားရှိတယ်ဆိုတာ ယုံကြည်ပါတယ်။ ပြီးခဲ့တဲ့အင်ဒိုနီးရှားနဲ့ ခြေစစ်ပွဲကိုလည်း အကောင်းဆုံးကြိုးစားပြီး ပရိသတ်ကို ရလဒ်ကောင်းရော၊ လှပတဲ့ကစားဟန်ရော ပေးနိုင်တာကိုလည်း အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့အဓိကပစ်မှတ်က အိန္ဒိယအသင်းနဲ့ကစားမယ့် ခြေစစ်ပွဲကို အနိုင်ရဖို့ပါ။ နှစ်ပေါင်းများစွာဝေးကွာနေတဲ့ ဆုဖလားကို ခြေစစ်ပွဲအောင်မြင်ရုံမက ဆီမီးဖိုင်နယ်အထိပါ တက်လှမ်းနိုင်ခဲ့သလို အခုလာမယ့် အာရှဖလားကိုလည်း ခြေစစ်ပွဲအောင်မြင်ဖို့ ပစ်မှတ်ထားပါတယ်။ ဒါကြောင့်အိန္ဒိယအသင်းကို ပွဲဦးထွက်အနိုင်ရထားဖို့ လိုပါတယ်။ နိုင်ငံ့ဂုဏ်သိက္ခာအတွက် အကောင်းဆုံးပေးဆပ်ပါ"ဟု လက်ရွေးစင်အသင်းအား ဥက္ကဋ္ဌ ဦးဇော်ဇော်က တိုက်တွန်းပြောကြားခဲ့သည်။

ယခုကဲ့သို့ မြန်မာ့လက်ရွေးစင်အသင်း၏ စွမ်းဆောင်ရည်များ ယခင်ကထက် ပိုမိုမြင့်မားလာရခြင်းမှာ ပရိသတ်များအားလုံး၏ စိတ်ဝင်တစားအားပေးမှုကြောင့်ဖြစ်ကြောင်း၊ အဓိကကျေးဇူးတင်ရမည်မှာ မြန်မာနေရှင်နယ်လိဂ်အသင်းများနှင့် အသင်းပိုင်ရှင်များ၏ ငွေကြေးစိုက်ထုတ်ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်း၊ ကလပ်အသင်းများမရှိလျှင် လက်ရွေးစင်အသင်း ဖြစ်လာစရာအကြောင်းမရှိကြောင်း၊ လက်ရွေးစင်အသင်းအတွက် အကောင်းဆုံးကြိုးစားပေးဆပ်ပြီး မိမိတို့ ကလပ်အသင်းများ၏ ဂုဏ်သိက္ခာကိုပါ မြှင့်တင်ပေးစေလိုကြောင်းလည်း ဦးဇော်ဇော်က ထပ်မံပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အာရှဖလား ခြေစစ်ပွဲအောင်မြင်ရေးအတွက် အိန္ဒိယ၊ကာဂျစ္စတန်၊မကာအိုအသင်းများနှင့် အိမ်ကွင်း အဝေးကွင်း ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် မတ် ၂၂ ရက်က အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

# စပါး ကွင်းလယ်ကစားသမား ဒဲလီအာလီ သုံးပွဲ အပယ်ခံရ

စပါးအသင်း၏ကွင်းလယ်ကစားသမား ဒဲလီအာလီကိုဥရောပဘောလုံးအဖွဲ့ချုပ်က ဥရောပဘောလုံးပွဲများတွင် သုံးပွဲပါဝင်ကစားခြင်းမပြုရန် ပိတ်ပင်လိုက်ကြောင်း သိရသည်။

အာလီသည် ၎င်း၏အသင်းနှင့် ဘယ်လ်ဂျီယံကလပ် Gent အသင်းတို့ ဖေဖော်ဝါရီလအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် အနီကတ်ပြ၍ ထုတ်ပယ်ခံခဲ့ရသည်။

အာလီသည် ၎င်း၏အသင်းနှင့် Gent အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျနေချိန်တွင် အာလီက Gent အသင်းမှ Brecht Dejaegere ကို စိန်ခေါ်ခဲ့သဖြင့် အနီကတ်ပြ၍ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ အဆင့်နှစ်နေရာ၌ ရောက်ရှိနေချိန်တွင် ယခုကဲ့သို့ ကွင်းလယ်ကစားသမား အာလီကို နိုင်ငံတကာပြိုင်ပွဲ သုံးပွဲတွင် ပါဝင်ကစားခြင်းမပြုရန် အမိန့်ထုတ်ခဲ့သဖြင့် စပါးအသင်းအနေဖြင့် ထိပ်ဆုံးသုံးသင်းစာရင်းမှ အောက်သို့ရောက်သွားမည်ကို စိုးရိမ်လျက်ရှိသည်ဟု ဆိုသည်။ စပါးအသင်းသည် ထိပ်ဆုံးမှ ချဲလ်ဆီးအသင်းနှင့် ရမှတ် ၁၀ မှတ် ကွာဟနေသော်လည်း တတိယနေရာမှ မန်စီးတီးအသင်းနှင့် နှစ်မှတ်သာ ကွာလျက်လျက်ရှိသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ) သည် ဖေဖော်ဝါရီလအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ဘောလုံးပွဲများနှင့် ပတ်သက်၍ ပြစ်ဒဏ်များ ချမှတ်လျက်ရှိရာ အာဆင်နယ်အသင်းကိုလည်း ဒဏ်ငွေပေါင် ၄၃၀၀ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။

အာဆင်နယ်အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ၏ ဘေယန်မြူးနစ်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပရိသတ်များက ဘောလုံးကွင်းအတွင်းသို့ ပြေးဝင်ကာ ကစားသမားများနှင့် ဒိုင်လူကြီးများအား ရန်မူခဲ့သဖြင့် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ယူအီးအက်ဖ်အေသည် ဘေယန်မြူးနစ်အသင်းကိုလည်း အာဆင်နယ်အသင်း၏ အိမ်ကွင်းတွင် ဘေယန်မြူးနစ်ပရိသတ်များက လက်မှတ်ရောင်းချမှုနှင့် ပတ်သက်၍ ဘောလုံးကွင်းအတွင်းသို့ စက္ကူလိပ်များကိုလွှင့်ပစ်ခဲ့သဖြင့် ဒဏ်ငွေ ပေါင် ၂၆၀၀ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။

# ရှမ်းယူနိုက်တက်အသင်းနှင့် Winner Sport အားကစားကုမ္ပဏီတို့ စပွန်ဆာစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

ရှမ်းယူနိုက်တက် အသင်း၏ ၂၀၁၇ ဘောလုံးရာသီ ဂျာစီ မိတ်ဆက်ခြင်းနှင့် Winner Sport နှင့် ရှမ်းယူနိုက်တက်အသင်းတို့ စပွန်ဆာစာချုပ် ချုပ်ဆိုခြင်း အခမ်းအနားကို မတ် ၂၄ ရက်က နိုဗိုတယ်ဟိုတယ်၌ကျင်းပခဲ့သည်။

Winner Sport ကုမ္ပဏီသည် Pro Sport အမှတ်တံဆိပ် အားကစားအသုံးအဆောင်များကို ရှမ်းယူနိုက်တက် စီနီယာအသင်းနှင့် ယူ-၂၁ အသင်းတို့ကို တစ်ရာသီစာချုပ်ဖြင့် ထောက်ပံ့ကူညီခြင်းဖြစ်သည်။

Winner Sport အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးပိုင်ချစ်က ရှမ်းယူနိုက်တက်အသင်းကဲ့သို့ ချန်ပီယံဆုကို စိန်ခေါ်နိုင်ပြီး ပြင်ဆင်မှုအားကောင်းကောင်းဖြင့် ပြိုင်ပွဲဝင်သည့်အသင်းနှင့် လက်တွဲခွင့်ရသောကြောင့် ဝမ်းသာဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရှမ်းယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဦးစောလုလုထော်ကလည်း Pro Sport နှင့်လက်တွဲခွင့်ရခြင်းသည် မိမိတို့အသင်းအတွက် ခွန်အားတစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားလူငယ်လုပ်ငန်းရှင်တစ်ဦးနှင့် လက်တွဲခွင့်ရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ မိမိတို့အသင်းများဘက်မှလည်း ချန်ပီယံဆုကိုအရယူကာ စပွန်ဆာများ၏ ဂုဏ်သိက္ခာမြင့်မားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီနီယာအသင်း၊ ယူ-၂၁အသင်း၊ ယူ-၁၉ အသင်း သုံးသင်းအနက်မှအနည်းဆုံးတစ်သင်း ချန်ပီယံဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ရှမ်းအသင်း အမှုဆောင်အရာရှိချုပ် ဦးစောလုလုထော်နှင့် Winner Sport အုပ်ချုပ်မှု ဒါရိုက်တာ ဦးမျိုးပိုင်ချစ်တို့က စပွန်ဆာစာချုပ်တွင် လက်မှတ်ရေးထိုးကြသည်။

# အီတလီဂိုးသမား ဘတ်ဖွန် ပွဲပေါင်း တစ်ထောင်ပြည့်ပြီ



အီတလီဂိုးသမား ဂီယန်လျူဂီဘတ်ဖွန်သည် ၎င်း၏ပရော်ဖက်ရှင်နယ်ဂိုးသမားဘဝတွင် ပွဲပေါင်း ၁၀၀၀ ပြည့်ခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ ဘတ်ဖွန်သည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မတ် ၂၄ ရက်တွင် အယ်လ်ဘေးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ၎င်း၏ပရော်ဖက်ရှင်နယ်ပွဲပေါင်း ၁၀၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲသည် အီတလီအသင်းတွင် ဘတ်ဖွန်ပါဝင်ကစားခဲ့သည့် ၁၆၈ ပွဲမြောက်ပွဲဖြစ်ပြီး ဥရောပကစားသမားများအနက် လက်ရွေးစင်အသင်းတွင် အများဆုံးပါဝင်ကစားခဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အသက် ၃၉နှစ်အရွယ်ရှိ ဘတ်ဖွန်သည် ကလပ်အသင်းနှင့် လက်ရွေးစင်အသင်းတို့၏ ပွဲပေါင်း ၁၀၀၀ ၌ ပါဝင်ကစားခဲ့ရာတွင် ဂိုးပေါက်ဝင်ရောက်ခြိမ်းခြောက်မှုပေါင်း ၇၉၉ ကြိမ် ကာကွယ်နိုင်ခဲ့သည်။ ဘတ်ဖွန်သည် အသက် ၁၇နှစ် အရွယ် ၁၉၉၅ ခုနှစ်မှစတင်ကာ အီတလီစီးရီးအေကလပ် ပါးမားအသင်းတွင် ၎င်း၏ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို စတင်ခဲ့ပြီး ၁၉၉၇ခုနှစ်တွင် နိုင်ငံတကာပွဲများ၌ ပါဝင်ကစားခဲ့သည်။

၂၀၀၁ ခုနှစ်တွင် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အဆိုပါအသင်း၏ပထမဆုံးပွဲသည် ၎င်း၏ ၆၂၁ ကြိမ်မြောက်ပွဲဖြစ်ခဲ့သည်။ ဘတ်ဖွန်သည် ၂၀၁၈ခုနှစ်က ကျင်းပခဲ့သည့် ရုရှားအသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲယှဉ်ပြိုင်ခဲ့ပြီးနောက် ဘောလုံးသမားဘဝမှ အနားယူမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

# THK Myanmar ကုမ္ပဏီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ အမှိုက်သိမ်းဆည်းသည့်ပစ္စည်းများလှူဒါန်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်လက်အောက်ရှိ ဘောလုံးကွင်းရုံများတွင်အသုံးပြုရန်အတွက် အမေရိကန်နိုင်ငံထုတ် အမှိုက်သိမ်း လေမှုတ်စက်၊ အမှိုက်သိမ်း လေစုပ်စက်များနှင့် ဆက်စပ်ပစ္စည်းများကို THK Myanmar ကုမ္ပဏီမှ ဦးဉာဏ်ထွန်းက မတ်လ ၂၃ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

"အခုလို ကျွန်တော်တို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ တကယ်လိုအပ်တဲ့ပစ္စည်းတွေကို လာရောက်လှူဒါန်းလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ အလုပ်သမားတွေလည်း ဒီစက်ပစ္စည်း တွေကြောင့် သက်သက်သာသာ အလုပ်လုပ်နိုင်တော့မှာပါ။ လှူဒါန်းပေးတဲ့ THK Myanmar မိသားစုကော၊ ဆက်သွယ်ပေးတဲ့ ဦးအောင်ထွန်းဦး (ကျန်စစ်သားဖူဆယ်ကွင်း)ကိုပါ ကျေးဇူးတင်ပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ဆိုသည်။

လှူဒါန်းသည့်ပစ္စည်းများမှာ BR 500 (low noise professional 4-Mix backpack power (အမှိုက်သိမ်းလေစုပ်စက်တစ်လုံး)၊ BR 50 (The lightest gasoline-powered handheld blower in the STIHL Linup (အမှိုက်သိမ်းလေမှုတ်စက်တစ်လုံး)၊ BG 86 - အမှိုက်သိမ်း လေမှုတ်စက်ကြီးတစ်လုံး၊ ဂျာမနီနိုင်ငံထုတ် 2Tဆီတစ်ဘူးတို့ဖြစ်ကြောင်း သိရသည်။ အဆိုပါအမှိုက်သိမ်းပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၁၃ သိန်းဖြစ်ကြောင်း သိရသည်။

# တောင်ကြီးမြို့၌ ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ကမ္ဘောဇကုန်သွယ်မှု ဗဟိုဌာနခန်းမ၌ "ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချရေး အလုပ်ရုံဆွေးနွေးပွဲ"ကို မတ် ၂၀ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးရဲမြင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးခင်စိုးက ဆီစက်လုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များနှင့် စားသုံးဆီများအကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းက စည်ပင်သာယာရေး ဥပဒေနှင့် စည်းကမ်းများ၊ ပြည်နယ်ဥပဒေရုံး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါ်အေးအေးမြင့်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ၊ အကောက်ခွန်မြို့နယ်မှူး၊ ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက ကုန်စည်တင်ပို့/တင်သွင်းမှု လုပ်ထုံးလုပ်နည်းများ၊ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလှဲ့က အပင်ပိုးမွှားကာကွယ်ရေးနှင့် ပိုးသတ်ဆေးဥပဒေ၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ဦးက စက်မှုလုပ်ငန်း ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဝေဖြိုးဆွေက အမျိုးသားအစားအသောက် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ရှမ်း(တောင်) စားသောက်ကုန် ထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ ဦးစိုင်းဇော်ဇော်က နယ်စပ်ဒေသမှဝင်လာသော အစားအသောက်များအကြောင်း၊ ရှမ်း(တောင်) ဆီစက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးနိုင်က ကွင်းဆင်းတွေ့ရှိချက်များအား ထိရောက်စွာ ဆောင်ရွက်သွားရေး၊ ရှမ်း(တောင်)ဝိုင်လုပ်ငန်းရှင် ဒေါက်တာတင်မာကြည်က စပျစ်ဝိုင် ထုတ်လုပ်မှုနှင့် အခက်အခဲများ၊ ရှမ်း(တောင်)ဆီကြော်လုပ်ငန်းရှင် ဦးတင်ထွန်းအောင်က ထုတ်လုပ်သူများကို လက်တွဲခေါ်ယူရေး၊ စားသုံးဆီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သော ပွင့်ဦးဆီစက်ပိုင်ရှင် ဦးအေးချိုက ကုန်ကြမ်းကောင်းမှကုန်ချောကောင်းမည် စသည့် ခေါင်းစဉ်များဖြင့် အသီးသီးဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းက ပညာပေးမှု၊ ကွင်းဆင်းစစ်ဆေးမှုများကို အဖွဲ့စုံဖြင့် ဆက်လက်ပြုလုပ်သွားရင်း ဈေးကွက်အတွင်းမှ သုံးစွဲရန်မသင့်သည့် ကုန်စည်များကို အလုပ်ရုံ၊ စက်ရုံမှထုတ်လုပ်ထားသည့် ကုန်စည်နှင့် ကိုက်ညီမှု ရှိ/မရှိ လိုက်လံစစ်ဆေးသွားမည့်အကြောင်းကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တွင်ပါဝင်သူများ၊ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့အသီးသီးမှ လုပ်ငန်းရှင်များ၊ စားသောက်ကုန်နှင့် စတိုးဆိုင်ပိုင်ရှင်များ အပါအဝင် စုစုပေါင်းအင်အား ၇၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

## ထားဝယ်မြို့ ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စားသုံးသူအကာအကွယ်ပေးရေးနှင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ကြီးမှူး၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စားသုံးသူအကာအကွယ်ပေးရေးနှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၃ ရက်က ထားဝယ်မြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အဖွင့်အမှာစကားပြော ကြားသည်။

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သက်ဦးက အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းက တနင်္သာရီတိုင်းဒေသကြီးအတွင်း စားသုံးသူ အကာအကွယ်ပေးရေးနှင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး တာဝန်ခံဒေါက်တာဟိန်းမင်းထက်အောင်က အစားအသောက်နှင့် ဆေးဝါး များဆိုင်ရာကိုလည်းကောင်း အသီးသီး တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ရွှေဝယ်သား**

## ဖျာပုံမြို့နယ် စံပြကျေးရွာတွင် စားသုံးသူအသိပညာပေး ဟောပြောပြီး ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့နှင့် စားသုံးသူရေးရာအဖွဲ့ တို့အား စားသုံးသူရေးရာသင်တန်းဖွင့်လှစ်

ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးမင်းဇော်နှင့် တာဝန်ရှိသူများသည် စံပြကျေးရွာရှိ အောင်ပင်လယ်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်တွင် မတ် ၈ ရက်က ကျေးရွာသူကျေးရွာသား စုစုပေါင်း ၃၄ ဦးအား စားသုံးသူ အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက စားသုံးသူနှင့် စားသုံးသူအကာအကွယ်ပေးရေး အဓိပ္ပာယ်သတ်မှတ်ချက်၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ ဌာနမှ လအလိုက် ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဒုတိယမြို့နယ်ဦးစီးမှူးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တားမြစ်ထားသောအစားအသောက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်တားမြစ်ထားသော အစားအသောက်များ၊ သက်တမ်းလွန် အစားအသောက်များ၊ စားသုံးရန်မသင့် အန္တရာယ်ရှိနိုင်သည်ဟုယူဆရသော အစားအစာများအား မစားသောက်ရန်နှင့် ရွေးချယ် စားသောက်စေရန် စသည့်အချက်တို့ကို ဟောပြောခဲ့ပါသည်။

ထို့ပြင် မတ် ၂၀ နှင့် ၂၁ ရက်တို့တွင် ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနက ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့နှင့် စားသုံးသူရေးရာအဖွဲ့များအား စားသုံးသူရေးရာ သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့ဝင်များက စားသုံးသူရေးရာနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုများကို လည်းကောင်း ဘေးအန္တရာယ်ရှိ စားသောက်ကုန်များအကြောင်းကိုလည်းကောင်း ဟောပြောပို့ချခဲ့ကြသည်။

သင်တန်းသို့ သင်တန်းသား/သူ ၆၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များအား စားသုံးသူရေးရာနှင့်ပတ်သက်၍ လိုက်နာရှောင်ကြဉ်ရမည့်အချက်များပါဝင်သည့် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ဈေးများအတွင်း ကွင်းဆင်းစစ်ဆေး

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများသည် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စမ်းချောင်းမြို့နယ်ရှိ ရှမ်းလမ်းဈေးနှင့် ဗဟန်းမြို့နယ်ရှိ ဗဟန်းဈေးတို့တွင် မတ် ၁၇ ရက်၌ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ပူးပေါင်းအဖွဲ့ဝင်များသည် ရှမ်းလမ်းဈေးရှိ ကုန်စုံဆိုင်ပေါင်း ၁၆ ဆိုင်၊ ဗဟန်းဈေးရှိ ကုန်စုံဆိုင်ပေါင်း ၁၄ ဆိုင်တို့အား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး FDA မှ တရားဝင်ထုတ်ပြန်ထားသော တားမြစ်စားသောက်ကုန်များ ရောင်းချခြင်းရှိ၊ မရှိ၊ အစားအသောက်၊ လူသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်း၊ လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များ ရောင်းချခြင်းမပြုရန်၊ သက်တမ်းကုန်စားသောက်ကုန်များကို သတိထားဝယ်ယူရောင်းချရန်၊ အရည်အသွေးမမီသော စားသောက်ကုန်၊ လူသုံးကုန်၊ FDA ထောက်ခံချက်မပါသော ကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုရန် အသိပေးပြောကြားခဲ့ပါသည်။ ထို့ပြင် တားမြစ်ထားသော ဆင်ဖြူကျွန်းငရုတ်သီးမှုန့်ထုပ်များအား သိမ်းဆည်း၍ စည်ပင်ဥပဒေအရ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သန်းအေး(စားသုံးသူ)**

## စစ်ကိုင်းမြို့လေးကျွန်းမြေအုတ်ကျောင်းတွင် ဖွင့်လှစ်ပို့ချနေသည့် ယဉ်ကျေးလိမ္မာသင်တန်းနှင့် ဆင်တပ်ကျေးရွာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင် ဦးစီးမှူး ဦးမြင့်စိုးနှင့် မိတ်ဖက်အဖွဲ့ဝင်များ စစ်ကိုင်းမြို့၊ မြို့နယ်တာဝန်ခံ ဦးခင်မောင်ဝင်းနှင့် မိတ်ဖက်အဖွဲ့ဝင်များသည် မတ် ၁၇ ရက်က စစ်ကိုင်းမြို့ ဆင်တပ်ကျေးရွာ၌လည်းကောင်း၊ မတ် ၂၁ ရက်တွင် စစ်ကိုင်းမြို့ရှိ လေးကျွန်းမြေအုတ်ကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ယဉ်ကျေးလိမ္မာသင်တန်း၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောဆွေးနွေးပွဲများတွင် သက်ဆိုင်ရာ တာဝန်ရှိသူက ဟောပြောဆွေးနွေးခဲ့ကြရာ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် အန္တရာယ်ရှိ စားသောက်ကုန်များအား ဝယ်ယူစားသုံးခြင်း မပြုကြရန်နှင့် ဆိုးဆေးများ၊ အချိုမှုန့်များ ပြန်ကြော်ဆီများ၏ အန္တရာယ်များ အကြောင်းကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆင်တပ်ကျေးရွာတွင် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ ကျေးရွာသူ/သား စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြပြီး၊ လေးကျွန်းမြေအုတ်ကျောင်းတွင်ပြုလုပ်သည့် ဟောပြောပွဲသို့ သင်တန်းသား/သူ ၇၅၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ထွန်းလှိုင် (မုံရွာ)**



## ထားဝယ်မြို့ ကျောက္ကညှာကျေးရွာနှင့် မောင်မယ်ရှောင်ကျေးရွာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ထားဝယ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းလတ်နှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာဟိန်းမင်းထက်အောင်၊ ဌာနဆိုင်ရာများနှင့်လူမှုအဖွဲ့အစည်းများ ပါဝင်လျက် မတ် ၁၇ ရက်တွင် ရေဖြူမြို့နယ် ကျောက္ကညှာကျေးရွာနှင့် ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာများရှိ ကျေးရွာသား/သူ စုစုပေါင်း ၁၀၀ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင်အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံဒေါက်တာ ဟိန်းမင်းထက်အောင်က အစားအသောက်၊ ဆေးဝါး၊ အလှကုန်များဝယ်ယူသုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်း အသိပညာပေးဆွေးနွေးပြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူးဦးဇော်မင်းလတ်က နေ့စဉ်ဝယ်ယူ သုံးစွဲနေသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများတွင် အခွင့်အရေးနှင့်အညီ ရွေးချယ်ဝယ်ယူအသုံးပြုရန်လိုကြောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ညွှန်ကြားချက်ပါအတိုင်း အသုံးပြုရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## လားရှိုးမြို့ရှိ ခေးနင်း၊ ဖာလှုံ၊ ခါချဉ်နှင့် နမ့်စမ်ကျေးရွာတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပ

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် ဒုတိယကြီးကြပ်ရေးမှူး ဦးညွန့်ခင်နှင့်အဖွဲ့သည် လားရှိုးမြို့နယ် အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ရာ မတ် ၇ ရက်တွင် ဟန့်တိုက်ကျေးရွာ၊ မတ် ၈ ရက်တွင် ခေးနင်းကျေးရွာ၊ မတ် ၁၂ ရက်တွင် ဖာလှုံကျေးရွာ၊ မတ် ၁၆ ရက်တွင် ခါချဉ်ကျေးရွာနှင့် မတ် ၂၂ ရက်တွင် နမ့်စမ်ကျေးရွာတို့သို့ သွားရောက်ဟောပြောခဲ့ကြောင်း သိရပါသည်။

ဟောပြောပွဲတွင် စာရင်းကိုင်-၃ ဦးဆန်းထွန်းလှိုင်က စားသုံးသူအကာအကွယ်ပေးရေးနှင့် ဥပဒေအကြောင်းကိုလည်းကောင်း၊ ဒုတိယကြီးကြပ်ရေးမှူး ဦးညွန့်ခင်က ဟင်းချိုမှုန့်၊ ကွမ်းယာ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အကြောင်း၊ အငယ်တန်းစာရေး ဦးအောင်ကျော်မြင့်က ဓာတုဆေး(ဖော်မလင်)နှင့် ဓာတုဆိုးဆေး/သဘာဝဆိုးဆေးများ အကြောင်းကိုလည်းကောင်း၊ အငယ်တန်းစာရေး ဦးဇော်ဝင်းဌေးက စားသုံးရန်မသင့်မြောင်းဆီ၊ ဝက်ဆီများအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

## ရန်ကင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စီးပွားရေး လုပ်ငန်းရှင်များကို စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၂၃ ရက်က ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းရှိ မြို့နယ်သာသနာ့ဗိမာန်၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။

ဟောပြောပွဲတွင် ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာစုမြတ်ဖြူက အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ အရည်အသွေး စစ်မှန်ကောင်းမွန်စေရန်နှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန် ဌာနမှဈေးကွက်မတင်မီ စစ်ဆေးခြင်း၊ ဈေးကွက်အတွင်း ရှောင်တခင်ကွင်းဆင်းစစ်ဆေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြဇင်ရွှေက ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်း၊ မြို့နယ်အတွင်း ကျန်းမာရေးအထောက်အကူပြုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကျောင်း၊ ဈေး၊ စက်မှုဇုန်များသို့ သွားရောက်၍ အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အသိပညာပေးမှုများအပြင် စားသုံးသူပြည်သူများ၏ တယ်လီဖုန်း၊ စာတို့ဖြင့် တိုင်ကြားလာသည့် တိုင်ကြားမှုများကိုလက်ခံပြီး ကွင်းဆင်းစစ်ဆေးခြင်း၊ အမှန်တကယ်ဆုံးရှုံးနစ်နာမှုရှိလျှင် အရေးယူဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည့်အခြေအနေများ၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်သည့် ကြော်ငြာများဖြင့် ရောင်းချခြင်းမပြုရန် လိုက်နာပေးရမည့် အခြေအနေများ၊ ဥပဒေပါပြဋ္ဌာန်းချက်များတွင်ပါရှိသည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အရေးယူ ပိုင်ခွင့်နှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၏အခြေအနေများကို အကျယ်တဝင့် ဟောပြောဆွေးနွေး ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲများသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ၊ ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အလိုက် တာဝန်ခံ သူနာပြုဆရာမများ၊ မြို့နယ်အတွင်းရှိ အ. ထ. က၊ အ. လ. က၊ အ. မ. က၊ ပုဂ္ဂလိက မူကြိုကျောင်းတို့မှ ဆရာ၊ ဆရာမများ၊ ကံဘဲ့ဘူတာဈေး၊ ရန်ကင်းမြို့မဈေး၊ ဘောက်ထော်ဈေး၊ စံပြရန်ကင်းဈေးတို့မှ ဈေးတာဝန်ခံနှင့် ဈေးရောင်းချသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် (၁၃) ခုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ စုစုပေါင်း ၁၅၁ ဦး တက်ရောက်ခဲ့ကြပါတယ်။

အလားတူ မတ်လတတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ငါးနေရာ၊ အနောက်ပိုင်းခရိုင်တွင် သုံးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၅ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၀ နေရာတို့၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ)ရန်ကုန်**

## ကသာမြို့ (၆) ရပ်ကွက်နှင့် (၁၀) ရပ်ကွက်ရှိ ကုန်စုံဆိုင်များတွင် စားသုံးရန်မသင့်သော သက်တမ်းလွန်ကုန်ပစ္စည်းများနှင့် တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း ရှိ/ မရှိ ကွင်းဆင်းစစ်ဆေး

ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မတ် ၂၀ ရက်က ကသာမြို့ (၆) ရပ်ကွက်နှင့် (၁၀) ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များတွင် စားသုံးရန်မသင့်သော သက်တမ်းလွန် ကုန်ပစ္စည်းများနှင့် တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိ ဝင်ရောက်စစ်ဆေးခဲ့ပြီး ရက်လွန်နေသော အချိုရည်များနှင့် အစပ်ပြား၊ အစပ်ချောင်းများအား ရောင်းချနေသည်ကို တွေ့ရှိခဲ့ရသဖြင့် မရောင်းချရန် တားမြစ်ခဲ့သည်။ ထို့ပြင် FDA မှ ရောင်းချခြင်းမပြုရန် တားမြစ်ထားသော တရုတ်စာတမ်းပါ ခေါက်ဆွဲအစိမ်းထုပ် ခုနစ်ထုပ်ကို ရောင်းချနေသဖြင့် သိမ်းဆည်းခဲ့ပါသည်။ ထို့ပြင် ထုတ်လုပ်သည့်ပစ္စည်းများတွင် ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ ပါဝင်ပစ္စည်းများ ဖော်ပြရန် တော်ဝင်မုန့်တိုက်ပိုင်ရှင်အား အသိပညာပေးခြင်း၊ ဆေးဆိုင်တွင် တရားဝင်ထုတ်ပြန်ထားသော တားမြစ်ဆေးများရှိမရှိ တို့ ဝင်ရောက်စစ်ဆေးခဲ့ပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် နမူနာစစ်ဆေးရန် ငရုတ်သီးမှုန့် နမူနာ ၁၀ ထုပ်၊ ပြည်လုံးကျော် ငါးပိ ငါးထုပ်၊ မွေးစပ်ပုဇွန်ငါးပိခြောက်ထုပ်၊ ကွမ်းစား နှပ်ဆေးရည်နှစ်ဘူးတို့ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ဝယ်ယူခဲ့ပါသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့တွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များပါဝင်ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**

## ဘားအံမြို့တွင် “စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ” ကျင်းပ

ဘားအံမြို့ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ မတ် ၁၆ ရက်က “စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း များ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ”ကို ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းနိုင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဌာန၏ ဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးပါသည်။

ထို့နောက် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်လင်းက အစားအသောက်များတွင် ပါဝင်သော Aflatoxin အန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း၊ ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးရဲထွန်းက ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့် သက်ဆိုင်သော အကြောင်းအရာများကိုလည်းကောင်း၊ ကရင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဒေါက်တာ မေနိုင်ဝင်းက ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော လုပ်ငန်းရှင်များ၊ မိတ်ဖက်ဌာနမှ တာဝန်ရှိသူများက အသေးစိတ် အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**



# ထိရောက်သော ပြောင်းလဲမှုအတွက် အဖွဲ့အစည်းကို ပြင်ဆင်ခြင်း

## သို့မဟုတ်

# Intel

◆ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

၁၉၈၀ ခုနှစ်များ၏ အစောပိုင်းကာလများတွင် Intel ကုမ္ပဏီက လုပ်ငန်းစတင်ခဲ့ရာတွင် Memory စျေးကွက်၏ ရှယ်ယာ ၁၀၀ ရာခိုင်နှုန်းနီးပါးရရှိခဲ့သည်။ ဂျပန်တို့သည် အရည်အသွေးသာလွန်မှု မရှိဘဲစျေးပေါသော chips များကို ထုတ်လုပ်ခြင်းဖြင့် Intel ၏ ခိုင်မာသော စျေးကွက်ကို ပြိုကွဲစေခဲ့သည်။ ယင်း chips များသည် ကုန်ကျစရိတ်လည်း အလွန်နည်းပါးသည်။ Intel သည် ဂျပန်တို့နှင့် ယှဉ်ပြိုင်နိုင်ရန် အမျိုးမျိုးကြိုးစားခဲ့သော်လည်း အလုပ်မဖြစ်ခဲ့ချေ။ Intel ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဂရုပ်(ဗ်) (Grove) သည် Intel ၏ကံမကောင်း အကြောင်းမလှသည့် ဖြစ်ရပ်များကို ဖြည့်ဆည်းပံ့ပိုး ပေးနိုင်သည့် အချက်များစွာကို ဖော်ပြခဲ့သည်။ Intel ကုမ္ပဏီသည် ထုတ်ကုန်ပစ္စည်းများ၏ မျိုးဆက်များနှင့် စျေးကွက်တွင် နောက်ကျနေ ခဲ့သည်။ စောစောပိုင်းစက်ရုံသစ်များတွင် လုံလောက်သော ရင်းနှီး မြှုပ်နှံမှုမရှိခဲ့ချေ။ အဆုံးစွန်ဆိုရလျှင် ပြဿနာ၏ အကြောင်းရင်းသည် မှားယွင်းသော မဟာဗျူဟာနှင့် ညံ့ဖျင်းသော လုပ်ဆောင်မှုဆီသို့ ထိုးကျလာသည်ဟု Intel ၏ အကျပ်အတည်းနှင့် ပတ်သက်၍ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဂရု(ဗ်) က သုံးသပ်ပြသည်။

**"မှားယွင်းသော မဟာဗျူဟာချမှတ်ပြီး သင်လုပ်ဆောင်ကြည့်ပါ။ သင်နစ်မြုပ်သွားမည်။ သင်သည်မှန်ကန်သော မဟာဗျူဟာပေါ်တွင် မလုပ်ဆောင်လျှင် သင်နစ်မြုပ်သွားမည်။ အမှန်အားဖြင့် ၁၉၈၀ ခုနှစ်များ၏ စောစောပိုင်းတွင်** Memory **နှင့်ပတ်သက်၍ ဆောင်ရွက်မှု၏ ပြည့်စုံသော ဥပမာတစ်ခုရရှိခဲ့သည်။ ကျွန်တော်တို့၏ လုပ်ဆောင်မှုနှင့် မဟာဗျူဟာသည် အပြစ်အနာအဆာများရှိပြီး ချွတ်ယွင်းနေခဲ့သည်။ "**

Intel သည် ယင်းအကျပ်အတည်းကို ဖြေရှင်းရန် တစ်ခုခုလုပ်ရတော့မည်။ Intel ၏ memory chips များ ဝယ်လိုအား သိသိသာသာ ကျဆင်းခဲ့သဖြင့် Intel ကုမ္ပဏီသည် ငွေကြေးဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရသည်။ ဂရု(ဗ်) သည် ယင်းဖိအားကို ခံစားနေရသည်။ ယင်းဖိအားကား ကွဲပြားခြားနားသော memory မဟာဗျူဟာအတွက် လိုအပ်မှုဖြစ်သည်။ ယင်းအကျပ်အတည်းကို ဖြေရှင်းရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

၁၉၈၅ ခုနှစ်၏ နေ့တစ်နေ့ Intel ၏ပြဿနာများ တစ်နှစ်နီးပါး ကြာ ပြင်းပြင်းထန်ထန် ဖြစ်ပွားပြီးနောက် ဂရု(ဗ်)သည် ကုမ္ပဏီ၏ ဒုက္ခများနှင့် ပတ်သက်၍ ဂေါ်ဒင်မိုးနှင့် ဆွေးနွေးခဲ့သည်။ ယင်းကဲ့သို့ ဆွေးနွေးပြောဆိုမှုများကို Only the Paranoid Survive အမည်ရှိ ဂရု(ဗ်)၏ မှတ်တမ်းတွင် အသေးစိတ်ဖော်ပြခဲ့သည်။

ယင်းဇာတ်လမ်းသည် လုပ်ငန်း၏ ဒဏ္ဍာရီတစ်ခုဖြစ်လာခဲ့သည်။ ယင်းသည် ဂရု(ဗ်) အတွက် စံချိန်တင်စေသော ကာလဖြစ်စေခဲ့သည်။ ဂျပန်တို့၏ ယှဉ်ပြိုင်မှုသည် သာမန်ခြိမ်းခြောက်မှု မဟုတ်ကြောင်း သူသိရှိနားလည်ခဲ့သည်။ Intel သည် memory chips များ၏ အခြေခံကို တည်ဆောက်ခဲ့သော်လည်း ကုမ္ပဏီတွင် ရွေးချယ်စရာ လမ်းမရှိချေ။ ဤစျေးကွက်မှ မောင်းထုတ်ခြင်းခံရတော့မည်။ ယင်း၏ လက်ရှိလမ်းကြောင်းကို ဆက်လက် မသွားနိုင်တော့ချေ။ သို့သော် ကုမ္ပဏီ၏ အမွေအနှစ်ကို စွန့်လွှတ်ရတော့မည်မှန်း ဂရု(ဗ်) သိခဲ့သည်။ အချိန်ကြာမြင့်ပြီး ခက်ခဲသော ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ရတော့မည်။

ဂရု(ဗ်) က ဤသို့ရေးသားခဲ့သည်။

"ကျွန်တော်တို့၏ ယှဉ်ပြိုင်ဖက်ဂျပန်များကြောင့် ကျွန်တော်တို့သည် ဘေးဖယ်ခြင်းခံခဲ့ရသည်။ ကျွန်တော်တို့၏ ထွက်ပေါက်လမ်းကို လုပ်ဆောင်ရန် ကျွန်တော်တို့အတွက် အလားအလာရှိသော ရွေးချယ်မှုအမှန်တကယ် မရှိခဲ့ချေ။ ကုမ္ပဏီတစ်ခု၏ စီးပွားရေး လုပ်ငန်းအဓိပ္ပာယ်သတ်မှတ်မှုသည် ကျောက်ဂလိုဏ်ချိုင့်ကို ထိခြင်းမဟုတ်ချေ။ နောက်ဆုံးနံရံကိုထိခြင်းဖြစ်သည်။ ကျွန်တော်တို့သည် အလွန်အမင်း အရေးကြီးသော ရွေ့လျားမှုကို ပြုလုပ်ရတော့မည် ဖြစ်သည်။"

အမှန်တရားသည် တဖြည်းဖြည်း ဆိုးရွားလာခဲ့သည်။ နောက်ပိုင်းတွင် Intel ကုမ္ပဏီ၏ သုံးပုံတစ်ပုံမှာ လုပ်ငန်းရပ်ဆိုင်းခဲ့ရသည်။ ဝန်ထမ်းများကို အလုပ်ဖြုတ်ခဲ့ရသည်။ Intel သည် ကြောက်မက်ဖွယ်ရာ သုံးနှစ်တာကာလကို ဖြတ်သန်းခဲ့သည်။ ကုမ္ပဏီသည် memory စျေးကွက်မှ ထွက်ခွာခဲ့ရသော်လည်း ယင်း၏အရင်းအမြစ်များကို နည်းပညာသစ်တစ်ခုဖြစ်သော မိုက်ခရိုပရိုဆက်ဆာများ (Mircoprocessors) တွင် ထည့်သွင်းခဲ့သည်။ Memory chips များကို memory တွင်သာ သိမ်းဆည်းနေစဉ် mircoprocessors များသည် ကွန်ပျူတာတစ်လုံး၏ တွေးခေါ်မှုအစိတ်အပိုင်းအဖြစ် ရပ်တည်ခဲ့ သည်။ မိုက်ခရိုပရိုဆက်ဆာများသည် တွက်ချက်မှုများကို အမှန်တကယ် ဆောင်ရွက်သော အစိတ်အပိုင်းဖြစ်ခဲ့သည်။

ဂရု(ဗ်)က ကုမ္ပဏီ၏ အတိတ်ကာလက ထုတ်လုပ်ခဲ့သည့် chips များ ထုတ်လုပ်မှုရပ်ဆိုင်းလိုက်ခဲ့ခြင်းသည် သူ၏ ခက်ခက်ခဲခဲ ဆုံးဖြတ်ချက်တစ်ခုဖြစ်သည်ဟု ဝန်ခံခဲ့သည်။ memory ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ပြီးနောက် Intel ကုမ္ပဏီအနေဖြင့် Mircoprocessors လုပ်ငန်းပေါ်တွင် အာရုံစိုက်ခြင်းအားဖြင့် ဂရု(ဗ်)၏ မျိုးစေ့ကို ပြန်လည်စိုက်ပျိုးခဲ့သည်။ ၎င်းသည် ကုမ္ပဏီ၏ စက်မှုလုပ်ငန်းသစ်တွင် အင်အားအကြီးမားဆုံး ဖြစ်ခဲ့သည်။ ဂရု(ဗ်)၏ အတွေ့အကြုံများမှ အောက်ပါသင်ခန်းစာများကို Intel တွင် လေ့လာတွေ့ရှိနိုင်ပါသည်။

**ပြင်ပလူ၏ရှုထောင့်အမြင်ကို ဖွံ့ဖြိုးတိုးတက်ပါစေ**

သင်၏ အဖွဲ့အစည်းကို အမှန်တကယ် လေ့လာရန် ပြင်ပလူတစ်ဦးအနေဖြင့် သင့်ကုမ္ပဏီ၏ အကောင်းရောအဆိုးပါ အားလုံးကို ကြည့်ပါ။ ယင်းသည် ယုတ္တိတန်သော ဆုံးဖြတ်ချက်များ ချမှတ်ရန် အလို့ငှာ သင်လိုအပ်သော ရှုထောင့်အမြင်ဖြစ်သည်။ သူတို့၏ အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းဖို့ ပြင်ပ တာဝန်ရှိသူတစ်ဦးက ဘာလုပ်ရမည်ကို မေးသောအခါ ဂရု(ဗ်) သည် Intel အတွက် သက်ဝင်ယုံကြည်မှုကို အသုံးချနေသည်ဟုဆိုခဲ့သည်။ နောက်ဆုံးတွင် သူသည် ကုမ္ပဏီကိုကယ်တင်နိုင်ခဲ့ပြီး အမြင့်မားဆုံးနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

**ကုမ္ပဏီ၏ ပျက်စီးရာပျက်စီးကြောင်းများပြားနေသည့် ကုမ္ပဏီကို ဘယ်တော့မှ မတားဆီးပါနှင့်**

တစ်ပါးသူအပေါ် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ယုံမှားသံသယလွန်ကဲခြင်းသည် ကုမ္ပဏီတစ်ခုအတွက် ကောင်းမွန် လှသည်ဟု ဂရု(ဗ်)က ယုံကြည်ထားသည်။ မန်နေဂျာများနှင့်ဝန်ထမ်းများကို ထိန်းသိမ်းထားခြင်းဖြင့် ယှဉ်ပြိုင်ဖက်များက ဝင်ရောက် နှောင့်ယှက်ခြင်းကို ကာကွယ်စောင့်ရှောက်ပါ။ သူတို့သည် ကြောက်ရွံ့မှုနှင့် တုန်လှုပ်ခြောက်ခြားမှုရှိရန်မလိုချေ။ လူတိုင်းသည် ကုမ္ပဏီ၏ ထိန်းသိမ်းစောင့်ရှောက်မှုလမ်းကြောင်းပေါ်တွင် အာရုံစိုက်ခြင်းခံနေရသည်။

**(Ref: What the best CEOS know by Jeffrey A-krames)**

# အိန္ဒိယနိုင်ငံမှ ပိုးမွှားကင်းစင်သည့် လယ်ယာထွက်ကုန်ပစ္စည်းများအား ဗီယက်နမ်က ပြန်လည်တင်သွင်းခွင့်ပြုတော့မည်

ဗီယက်နမ်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ တင်သွင်းခဲ့သည့် လယ်ယာထွက်ကုန်ပစ္စည်းများအနက် ပိုးမွှား ပါဝင်သည့် လယ်ယာထွက်ကုန်အမယ်များကို အိန္ဒိယနိုင်ငံသို့ ပြန်လည်တင်ပို့သွားမည်ဖြစ်ပြီး၊ ပိုးမွှားကင်းစင်သည့် အလားတူ လယ်ယာထွက်ကုန် အမယ်များကို တင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန (MARD) က ထုတ်ပြန်ကြေညာခဲ့သည်။

ထိုကဲ့သို့တင်သွင်းခွင့်ပြုမှုကို MARD နှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတို့ပူးတွဲ ကျင်းပခဲ့သည့် အစည်းအဝေးအပြီးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံပိုင် သတင်းဌာန (VNA)က ထုတ်ပြန်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း အမယ် ငါးမျိုးတင်သွင်းမှုအပေါ် ဆိုင်းငံ့ ထားမှုကို ညှိနှိုင်းပြင်ဆင်သွားမည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် အိန္ဒိယနိုင်ငံကလည်း ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်း၊ ပီလောပီနံ၊ သစ်ဂျပိုးခေါက်နှင့် နဂါးမောက်သီးများအား ပြန်လည်တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်မတ်လ ၁ ရက်တွင် အိန္ဒိယနိုင်ငံမှ တင်သွင်းသည့် မြေပဲ၊ Cassia Seeds ၊ ကိုကိုး ၊ ဘိုစားပဲနှင့် မန်ကျည်းသီးတို့တွင် Caryedon Serratus (Olivier) ပိုးပါဝင်နေခြင်းကြောင့် အဆိုပါ ပစ္စည်းများတင်သွင်းမှုကို ဗီယက်နမ်နိုင်ငံက ဆိုင်းငံ့ခဲ့သည်။ အပြန်အလှန်အားဖြင့် မတ်လ ၇ ရက်နေ့တွင် အိန္ဒိယနိုင်ငံကလည်း ဗီယက်နမ်လယ်ယာထွက်ကုန် အမယ်အချို့ တင်သွင်းမှုကို ရပ်ဆိုင်းခဲ့သည်။

နိုင်ငံတကာလုပ်ထုံး လုပ်နည်းများကို လိုက်နာရန်နှင့် ဗီယက်နမ် လယ်ယာထွက်ကုန်အမယ်အချို့ တင်သွင်းမှုအပေါ် ဆိုင်းငံ့ထားမှုအား ရုပ်သိမ်းပေးရန်အတွက် တောင်းဆိုထားသည့် တရားဝင်အကြောင်းကြားစာကို ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနက မတ်လ ၁၅ ရက်က အိန္ဒိယနိုင်ငံသို့ ပေးပို့ခဲ့ကြောင်း သိရှိရသည်။

**Source: Xinhua**

**စန္ဒာထွန်း (TTI)**

# အိန္ဒိယပဲရက်သတ္တပတ်

ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်နေ သည့် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ရောင်းဝယ်မှု အခြေအနေကို ဖော်ပြသော အင်္ဂလိပ်ဝဘ်ဆိုက်၏ Pulses Weekly Report ကို မတ် ၂၀ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် ပဲမျိုးစုံထုတ်လုပ်မှုနှင့် ပတ်သက်သည့် အစိုးရ၏ ခန့်မှန်းချက်၊ အိန္ဒိယ ဆိပ်ကမ်းများသို့ ပဲမျိုးစုံကုန်သေတ္တာ ရောက်ရှိမှု စသည့် ကိန်းဂဏန်း များမှာ ယခင်ရက်သတ္တပတ်ကအတိုင်း အပြောင်းအလဲမရှိ ဆက်လက်ဖော်ပြထားသည်ကို တွေ့ရသည်။

ယခုရက်သတ္တပတ်တွင်မူ အစိုးရ၏ ဝယ်ယူဖြည့်တင်းမှုနှင့် ပဲမျိုးစုံဈေးနှုန်း အခြေအနေများနှင့် သက်ဆိုင်သော ကိန်းဂဏန်းများမှာ အပြောင်းအလဲရှိသည်ကို တွေ့ရသည်။

**အစိုးရ၏ ဝယ်ယူဖြည့်တင်းမှု**

ယခုနှစ်အတွက် ကြားခံသိုလှောင်မှုအဖြစ် အစိုးရက ပဲမျိုးစုံတန်ချိန် သိန်း ၂၀ ဝယ်ယူ ဖြည့်တင်းရန် စီစဉ်လျက်ရှိသည်။ ၂၀၁၇ ခုနှစ် မတ် ၈ ရက်အထိ ကောက်ခံရရှိထားသော ကိန်းဂဏန်းများအရ ပြည်တွင်းဈေးကွက်နှင့် ပြည်ပမှ တင်သွင်း၍ ဝယ်ယူဖြည့်တင်းပြီးသော ပဲမျိုးစုံ တန်ချိန် စုစုပေါင်းမှာ ၁၄ ဒသမ ၆၆ သိန်းရှိသည်။ ထိုတန်ချိန် ၁၄ ဒသမ ၆၆ သိန်း အနက် ပြည်ပမှ တင်သွင်းသော တန်ချိန် စုစုပေါင်းမှာ ၄ ဒသမ ၀၆ သိန်း ဖြစ်သည်။ အစိုးရသည် ကျွမ်းကျင်သူ ကြားခံသိုလှောင်ရေး စီမံခန့်ခွဲမှု အေဂျင်စီကို ဖွဲ့စည်းပြီး ပဲမျိုးစုံ ဝယ်ယူ ဖြည့်တင်းရေး၊ သိုလှောင်ရေး၊ ထိန်းသိမ်းရေးနှင့် အစိုးရ၏ ညွှန်ကြားချက်နှင့်အညီ သိုလှောင်ပစ္စည်းများ ထုခွဲဖျက်သိမ်းရေးကို ထိထိရောက်ရောက် စီမံခန့်ခွဲရန် တာဝန်ပေးအပ်ခဲ့သည်။ သိုလှောင်ထားသော ပဲမျိုးစုံကို ပြန်လည်ရောင်းချရာတွင် အစိုးရက တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ ပဲမျိုးစုံထုတ်လုပ်မှု အခြေအနေကို ကြည့်ပါက ၂၀၁၅-၁၆ ခုနှစ်အတွက် တန်ချိန် ၁၆ ဒသမ ၅ သန်းရှိပြီး ၂၀၁၆-၁၇ ခုနှစ်တွင် တန်ချိန် ၂၂ ဒသမ ၁၄ သန်းရှိမည်ဟု ခန့်မှန်းထားသည်။

**ပဲမျိုးစုံဈေးနှုန်း**

အိန္ဒိယအစိုးရသည် သွင်းကုန်ခွန်ကို ပြဌာန်းရန် စဉ်းစားလျက်ရှိပြီး ယခုလကုန်တွင် အခွန်ပြဌာန်းချက်ကို ကြေညာနိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။ အကယ်၍ သွင်းကုန်ခွန်ကို သတ်မှတ်ကြေညာမည်ဆိုပါက ပဲမျိုးစုံဈေးနှုန်းမှာ လက်ရှိပေါက်ဈေးအဆင့်ထက် တစ်ကွင်တယ်ကို ရူပီး ၃၀၀ မှ ၄၀၀ အထိ မြင့်တက်လာနိုင်သည်။ ပဲစင်းငုံကို သွင်းကုန် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ သတ်မှတ်ပြဌာန်းမည်ဟု ခန့်မှန်းထားရာ ဈေးကွက်က မျှော်လင့်ထားသည်နှင့် ကိုက်ညီသည်ကို တွေ့ရသည်။ ယခုရာသီတွင် အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံပြည်ပ တင်ပို့မှုကို ခွင့်ပြုဦးမည်မဟုတ်ပေ။ ယခုလကုန်တွင် ပဲမျိုးစုံဈေးနှုန်းများ ပြန်လည် တည်ငြိမ်လာလိမ့်မည်ဟု အင်္ဂလိပ်ဝဘ်ဆိုက်က ခန့်မှန်းထားသည်။ အားလုံးခြုံငုံသုံးသပ်မည်ဆိုပါက ရေတိုတွင် ပဲမျိုးစုံဈေးကွက်မှာ တည်ငြိမ်ရာမှ ဈေးနှုန်း အနည်းငယ်မာလိမ့်မည်ဟု ခန့်မှန်းထားသည်။

မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံနီဈေးက တစ်ကွင်တယ်ကို ရူပီး ၄၂၀၀ မှ ၄၂၅၀ ကြားတွင်ရှိသည်။ ယခုလကုန်တွင် သွင်းကုန်ခွန် ကောက်ခံမည်ဟု ယုံကြည်ထားကြသည့် အတွက် ဈေးနှုန်းက တက်ရိပ်ပြနေသည်။ မတ်ပဲ FAQ က တစ်ကွင်တယ်ကို ရူပီး ၅၉၅၀ မှ ၆၀၀၀ ကြားနှင့် SQ က ရူပီး ၆၉၀၀ မှ ၆၉၅၀ ကြားတွင် ရှိသည်။

ပြည်ပမှ တင်သွင်းသော ကုလားပဲသည် မွမ်ဘိုင်းဈေးကွက်တွင် တစ်ကွင်တယ်ကို ရူပီး ၁၀၀ နှုန်းမြင့်တက်ပြီး ၅၀၇၅ ရူပီးမှ ရူပီး ၅၁၀၀ အကြားတွင် အတက်အကျရှိသည်။ အပျက်အစီး အနည်းငယ်ရှိကြောင်း သတင်း များထွက်ပေါ်နေပြီး ပဲတောင်သူများ အရောင်းထိုင်းနေသဖြင့် အဝယ်လိုက်လာသည့်အတွက် ကုလားပဲဈေးတက်ရိပ်ပြနေသည်။ မွမ်ဘိုင်းဈေးကွက်တွင် ကုလားပဲဈေး၏ အလားအလာမှာ တစ်ကွင်တယ်ကို ရူပီး ၄၉၀၀ မှ ၅၃၀၀ ကြားရှိမည်ဟု ခန့်မှန်းကြသည်။ မန္တရာဆိပ်ကမ်းတွင်မူ တစ်ကွင်တယ်ကို ရူပီး ၅၁၀၀ ရှိသည်။ တန်ဇန်နီးယား ကုလားပဲ ဈေး မှာ တစ်ကွင်တယ်ကို ရူပီး ၅၀၅၀ မှ ၅၁၅၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကနေဒါပဲနီလေးဈေးမှာ တစ်ကွင် တယ်ကို ရူပီး ၄၁၀၀ မှ ၄၁၅၀ အကြားပေါက် ဈေးရှိပြီး ဩစတြေးလျ ပဲနီလေးက တစ်ကွင်တယ်ကို ရူပီး ၄၂၀၀ မှ ၄၂၅၀ အကြားရှိသည်။ မတ်လအတွင်းတွင် ပဲနီလေးမှာ ဈေးမှန်နေရာမှ အနည်းငယ် ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

**နိုင်ငံတကာပဲဈေးကွက်**

ကနေဒါနိုင်ငံတွင် ကုလားပဲထုတ်လုပ်မှု မှာ ယခုနှစ်တွင် တန်ချိန် ၈၂၀၀၀ ရှိရာမှ လာမည့် ၂၀၁၇-၁၈ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၄၅ သိန်း ထွက်ရှိလာနိုင်ပြီး စိုက်ဧရိယာမှာ လက်ရှိ ၆၈၀၀၀ ရှိရာမှ ၇၅၀၀၀ အထိ တိုးတက်လာ လိမ့်မည်ဟု ကနေဒါ ဈေးကွက်ကျွမ်းကျင် သူတို့က ခန့်မှန်းထားသည်။ ကနေဒါနိုင်ငံ၏ ကုလားပဲတင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၁၅ သိန်းရှိမည်ဟု ခန့်မှန်းထားသည်။ လာမည့် သီးနှံနှစ်တွင် ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၆၃၀၀၀ ရှိမည် ဟု ခန့်မှန်းထားသည်။ မတ် ပထမ ရက်သတ္တ ပတ်တွင် ပြည်ပသို့ တန်ချိန် ၂၀၀၀ တင်ပို့ခဲ့ရာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၆၀၀ ကျဆင်းခဲ့သည်။ အိန္ဒိယမှ ဝယ်လိုအား ကျဆင်းသည့်အတွက် ကနေဒါ ပြည်တွင်းဈေးကွက်တွင် ကုလားပဲဈေးက အတက်အကျအမျိုးမျိုး ရှိခဲ့သည်။

သို့သော်လည်း အိန္ဒိယနိုင်ငံသို့ဩစတြေးလျ နိုင်ငံ၏ ကုလားပဲ တင်ပို့မှုမှာ မြင့်တက်လျက်ရှိသည်။ ယခုအချိန်ထိ ဩစတြေးလျနိုင်ငံ၏ ကုလားပဲပြည်ပတင်ပို့မှုမှာတန်ချိန် ၃ ဒသမ ၀၃ သိန်း ရှိသည့်အနက် ၉၀ ရာခိုင်နှုန်းမှာ အိန္ဒိယနိုင်ငံသို့ တင်ပို့ခြင်းဖြစ်သည်။

အလုံးအရင်းဖြင့် ဝယ်ယူလေ့ရှိသော အိန္ဒိယနှင့် ပါကစ္စတန်ဈေးကွက်များမှ ဝယ်လိုအား ကျဆင်းသည့်အတွက် ကနေဒါပဲနီလေး ဈေးကွက်တွင် ရောင်းဝယ်နေသော ဈေးနှုန်းကို ဂယက်ရိုက်ခတ်ခဲ့သည်။ ပို့ကုန်သမားများမှာ အမှာစာ လက်ကျန်ဟောင်းများကိုသာ တင်ပို့နေရသည်။ သို့သော်လည်း ပဲအရည်အသွေးနှင့် အဆင့်ကောင်းမွန်မှုကြောင့် ပုံမှန်ဈေးအတိုင်း ထိန်းထားနိုင်ခဲ့သည်။ ယခုနှစ်တွင် ပဲနီလေး စိုက်ဧရိယာကို ၃၃ ရာခိုင်နှုန်း လျှော့ချစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသော်လည်း ဈေးနှုန်းကျဆင်းစေရန် ဂယက်ရိုက်ခတ်မှုများက ဆက်လက်တည်ရှိနေသည်။ ❑

## ပဲမျိုးစုံ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အိန္ဒိယနိုင်ငံက ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှုကို ဆက်လက်အားထား

ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှု စံချိန်တင်မြင့်တက်မည်ဟု ခန့်မှန်းထားသော်လည်း ပြည်တွင်းပဲမျိုးစုံ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အိန္ဒိယနိုင်ငံသည် ပြည်ပမှ ပဲတင်သွင်းမှုကို မှီခိုအားထားနေရဦးမည်ဟု ခန့်မှန်းထားကြောင်း ကွန်မိုဒီတီအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအတွင်း၌ ပြည်တွင်းပဲမျိုးစုံဈေးနှုန်းမှာ ကျဆင်းနေပြီး ပဲမျိုးစုံ ဈေးနှုန်းကျဆင်းမှုကြောင့် ပြည်တွင်း ပဲမျိုးစုံ ဝယ်လိုအားမြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံ၏ တစ်နှစ်တာ ပဲမျိုးစုံထုတ်လုပ်မှုမှာ တန်ချိန် ၂၂ ဒသမ ၁ သန်းရှိသည်။ ၂၀၁၆ ခုနှစ်က ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၂၃ သန်းရှိပြီး ယခုနှစ်တွင် တန်ချိန် ၂၄ သန်း ကျော်မည်ဟု ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုမှာ တန်ချိန် ၁၇ ဒသမ ၁ သန်းရှိခဲ့ပြီး ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်ပမှ တင်သွင်းလာသော ပဲမျိုးစုံကို မှီခိုအားထားခဲ့ရသည်။ ယခုနှစ်မှာလည်း ပြည်တွင်း ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် ပြည်ပမှ ပဲမျိုးစုံတန်ချိန် ငါးသန်း တင်သွင်းရလိမ့်မည်ဟု ခန့်မှန်းထားသည်။

# အိန္ဒိယ သရက်သီးများအတွက် တောင်ကိုရီးယားဈေးကွက်ကို ဖွင့်ပေး

ပိုးမွှား အန္တရာယ်စစ်ဆေးမှု (Pest Risk Analysis)ကို ပြုလုပ်ပြီးနောက် သစ်သီး တင်ပို့မှုများကို တောင်ကိုရီးယားနိုင်ငံက ခွင့်ပြုပေးလိုက်ပြီးနောက်ပိုင်း ယခုနှစ်အတွင်း တောင်ကိုရီးယားဈေးကွက်သို့ အိန္ဒိယသရက်သီးတင်ပို့မှု ထူးထူးခြားခြား မြင့်တက်လာမည် ဖြစ်ကြောင်း ဘိဇနက်စတန်းဒတ်သတင်းတွင် ဖော်ပြသည်။



တောင်ကိုရီးယား နိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၈ သန်းဖိုးရှိ သရက်သီးများ တင်သွင်းခဲ့သည်။ သရက်သီးများကို ထိုင်း၊ ဖိလစ်ပိုင်၊ တရုတ် (တိုင်ပေ)၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ဩစတြေးလျ၊ ပီရူးနှင့် အမေရိကန်ပြည်ထောင်စုတို့မှ အများဆုံး တင်သွင်းခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံမှထွက်သော သရက်သီးများကို အရှေ့အလယ်ပိုင်း၊ အရှေ့ဖျားဒေသ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပဒေသတို့တွင် လူကြိုက်များလျက်ရှိရာ တောင်ကိုရီးယားနိုင်ငံအတွင်းသို့ အိန္ဒိယသရက်သီးများ ဝင်လာခြင်းအားဖြင့် ယှဉ်ပြိုင်မှုကို မြင့်တက်လာစေနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်ပသို့ လတ်ဆတ်သော သရက်သီး တင်ပို့မှုသည် ၂၀၁၆ ခုနှစ်က ၁၅ ရာခိုင်နှုန်း ကျဆင်းလျက်ရှိသဖြင့် ဈေးကွက်အသစ်တစ်ခု ရလိုက်ခြင်းသည် အိန္ဒိယနိုင်ငံအတွက် ထူးခြားသော ဖြစ်စဉ်တစ်ခုဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ သရက်သီးတင်ပို့မှုသည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က ၃၆၃၂၉ တန် ရှိခဲ့ရာမှ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ၄၂၉၉၈ တန်အထိ ရောက်ရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ပြုပြင်ပြီး အစားအစာထုတ်ကုန်ပြည်ပ တင်ပို့မှု ဖွံ့ဖြိုးရေးအဖွဲ့ (Agricultural and Processed Food Products Export Development Authority-Apeda) ၏ မတ်လ ၁၄ ရက်က ထုတ်ပြန်ချက်အရ သိရသည်။ သို့သော်လည်း သရက်သီး ပို့ကုန်တန်ဖိုးအရကြည့်ပါက ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၉ သန်းရှိခဲ့ရာမှ ၂၀၁၆-၁၇ ဘဏ္ဍာ နှစ်တွင် ၅၀ ဒသမ ၂၆ သန်းရှိခဲ့သည်။ အိန္ဒိယသရက်သီးကို အာရပ်စော်ဘွားများပြည်ထောင်စုသို့ တင်သွင်းမှုမှာ ပမာဏအရ ၅၀ ရာခိုင်နှုန်းကျော်နှင့် တန်ဖိုးအားဖြင့် ၆၀ ရာခိုင်နှုန်း ရှိသည်။ အိန္ဒိယနိုင်ငံမှ သရက်သီးကို ဒုတိယ အများဆုံးတင်သွင်းသော နိုင်ငံမှာ ဗြိတိန်နိုင်ငံဖြစ်သည်။

အိန္ဒိယနိုင်ငံမှ တင်ပို့သော သရက်သီးများကို တင်သွင်းရာတွင် ပြဌာန်းထားသော စံနှုန်းသတ်မှတ်ချက်များကို ဩစတြေးလျ နိုင်ငံကလည်း ဖြေလျှော့ပေးထားကြောင်း အခြားကြေညာချက်တစ်စောင်အရ သိရသည်။

သရက်သီးထုတ်လုပ်မှုမှာ ယခင်နှစ်က တန်ချိန် ၁၈ ဒသမ ၆၄ သန်းရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၉ ဒသမ ၂၂ သန်းရှိမည်ဟု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ဖေဖော်ဝါရီတွင် ထုတ်ပြန်သော ပထမအကြိမ် ကြိုတင်ခန့်မှန်းချက်အရ သိရသည်။

ဘဏ်တင်-စုစည်းတင်ပြသည်

# တရုတ်နိုင်ငံနှင့် ဆက်ဆံရေးဆိုးရွားမှုကြောင့် တောင်ကိုရီးယားအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ဆုံးရှုံးနိုင်




တရုတ်နိုင်ငံနှင့်ဆက်ဆံရေး ပိုမိုဆိုးရွားလာမည်ဆိုပါက တောင်ကိုရီးယားနိုင်ငံအတွက် စီးပွားရေးအရ ဆုံးရှုံးမှုများမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ အထိရောက်ရှိလာနိုင်ကြောင်း မတ် ၂၁ ရက်က စီးပွားရေးလုပ်ငန်းအစီရင်ခံစာတစ်စောင်၏ ဖော်ပြချက်ကို ကိုရီးယားဟာရယ်သတင်းတွင် ဖော်ပြသည်။

ကိုရီးယားကျွန်းဆွယ်တွင် အမေရိကန်ပြည်ထောင်စု၏ ဒုံးခွင်းစနစ်နေရာချထားမှုက တရုတ်နိုင်ငံ၏ နယ်မြေတည်တံ့မှုကို ခြိမ်းခြောက်လျက်ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် တရုတ်နိုင်ငံက စီးပွားရေးအရ လက်တုံ့ပြန်မှုများကို ဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံခြားခရီးသည်များကို တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ခြင်းကို ပိတ်ပင်ခြင်းနှင့် တောင်ကိုရီးယား ကုန်ပစ္စည်းများကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ တင်းကျပ်ခြင်း စသည့် စီးပွားရေးအရ လက်တုံ့ပြန်အရေးယူမှုများကြောင့် တောင်ကိုရီးယားနိုင်ငံတွင် စီးပွားရေးအရ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။

တောင်ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံမှုများ လက်ရှိအတိုင်း ဆက်လက်သွားမည်ဆိုပါက တရုတ် နိုင်ငံခြားခရီးသွားများထံမှ တောင်ကိုရီးယားနိုင်ငံရရှိသော ဝင်ငွေမှာ ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံကျဆင်းပြီး တရုတ်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံ၏ တင်ပို့ကုန်မှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ကျဆင်းနိုင်ကြောင်း တောင်ကိုရီးယား ဖွံ့ဖြိုးရေးဘဏ်၏ စီးပွားရေး သုတေသနသိပ္ပံမှ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ဆက်ဆံရေးပိုမိုဆိုးရွားပြီး လက်တုံ့ပြန်မှုများကို ပိုမိုဆောင်ရွက်လာမည်ဆိုပါက ခရီးသွားလုပ်ငန်းကဏ္ဍမှ ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံကျဆင်းပြီး တရုတ် နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်လုပ်ငန်းမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဒေါ်လာကျဆင်းနိုင်သည့်အတွက် စုစုပေါင်းစီးပွားရေးအရ ဆုံးရှုံးမှု သည် အမေရိကန်ဒေါ်လာဘီလီယံ ၂၀ အထိရှိလာနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ခရီးသွားလုပ်ငန်းရှိ အခွန်လွတ်ဆိုင်များမှ ဝင်ငွေများအနက် ၆၈ ရာခိုင်နှုန်းမှာ တရုတ်ခရီးသွားများထံမှ ရရှိခြင်းဖြစ်ပြီး တရုတ်နိုင်ငံမှ တောင်ကိုရီးယားနိုင်ငံအတွက် အကြီးမားဆုံးပို့ကုန်နိုင်ငံဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံပြည်ပပို့ကုန်စုစုပေါင်း၏ လေးပုံတစ်ပုံရှိသည်။

ကဏ္ဍအလိုက်ကြည့်ပါက တောင်ကိုရီးယားနိုင်ငံ၏ အလှကုန်ပစ္စည်း၊ အခွန်လွတ်ဆိုင်များနှင့် ခရီးသွားကဏ္ဍတို့မှာ တရုတ်နိုင်ငံ၏ လက် တုံ့ပြန်မှုကြောင့် ထိခိုက်နစ်နာမှု အများဆုံးခံရပြီး မော်တော်ကား၊ မိုဘိုင်းဖုန်း၊ အထည်ချုပ်၊ ရေနံဓာတုနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းတို့ကိုလည်း ထိခိုက်မှုရှိနိုင်သည်။ ■

## ထိုင်းနိုင်ငံကုမ္ပဏီကြီးများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအုပ်စုများက ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုအစီအစဉ်ကို ကူညီ

"ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု" (One Tambon,One Product-Otop) အစီအစဉ်အရ အသေးစား စီးပွားရေးလုပ်ငန်းကလေးများက ဖောက်သည်များနှင့် ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်နိုင်အောင် မဟာဗျူဟာများချမှတ် ဆောင်ရွက်ရာတွင် ကုမ္ပဏီ ကြီးများနှင့် ပုဂ္ဂလိကကဏ္ဍအသင်းများက ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေးရှင်းသတင်းတွင်ဖော်ပြသည်။

ဝန်ကြီးဌာနအား အကူအညီပေးသွားမည့် ကုမ္ပဏီကြီးများတွင် စင်ထရယ်ဂရု၊ ထိုင်းအဲဝေးအင်တာနေရှင်နယ်၊ ကင်းပါဝါ၊ စီပီအော၊ ဗဟိုအစားအစာလက်လီရောင်းချရေး လုပ်ငန်း၊ The Mall Group, ထိုင်းနိုင်ငံဈေးကွက်ရှာဖွေရေးအသင်းနှင့် ထိုင်းနိုင်ငံ လက်ဆောင်ပစ္စည်းရောင်းချရေး အသင်းတို့ ပါဝင်သည်။

Otop ထုတ်ကုန်များကို ရောင်းချရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤပုဂ္ဂလိကလုပ်ငန်းကြီးများက အကူအညီပေးရန် သဘောတူထားပြီးဖြစ်ကြောင်းနှင့် ဈေးကွက်များအတွင်းသို့ ဝင်ရောက်ခြင်းမပြုမီ အသေးစားစီးပွားရေး လုပ်ငန်းများ၏ ထုတ်ကုန် အရည်အသွေးများနှင့်စံနှုန်းများကို စဉ်ဆက်မပြတ် ကောင်းမွန်နေအောင် ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးဌာနလက်အောက်ရှိ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးရေးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဘန်ဂျွန်းဂျစ်အန်းစုဆင်းက ပြောသည်။ တစ်ခါတစ်ရံ Otop ထုတ်လုပ်သူများက ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည်ကို တွေ့ရသည့်အတွက် ဖောက်သည်များအတွက် စိတ်ပျက်စရာဖြစ်ရပြီး ထုတ်ကုန်များအတွက် အနာဂတ်ဈေးကွက်ကို ပျက်စီးစေနိုင်ကြောင်း သူမကပြောသည်။

"ထုတ်လုပ်သူတွေက ဈေးကွက်ယန္တရားကို နားလည်ဖို့လိုပါတယ်။ ဖောက်သည်များရဲ့ လျင်မြန်စွာပြောင်းလဲနေတဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ ထုတ်ကုန်တွေကို ဖန်တီးပေးနိုင်ဖို့ လိုအပ်ပါတယ် " ဟု သူမကပြောသည်။

အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုအရ ယခင်နှစ်က အဆင့်သတ်မှတ်ချက်အရ ကြယ်သုံးပွင့်မှ ငါးပွင့်အထိ အဆင့်မီသော Otop ထုတ်ကုန်များကို စိစစ်ရွေးချယ်ခဲ့ရကြောင်း၊ ထိုသို့ရွေးချယ်ပြီးနောက် Business Matching အစီအစဉ်ဖြင့် နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများကို အွန်လိုင်းအပါအဝင် နည်းလမ်းများသုံး၍ စီစဉ်ကူညီပေးခဲ့ကြောင်း သူမကပြောသည်။

ရွေးချယ်ထားပြီး ထုတ်ကုန်များအတွက် ချိတ်ဆက်ပေးခဲ့ရသော လုပ်ငန်းများတွင်ကုန်တိုက်ကြီးများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ လေဆိပ်များနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများ ပါဝင်ကြောင်း သူမကပြောသည်။

## အစေ့မဲ့လိမ္မော်သီးများကို အင်ဒိုနီးရှားတောင်သူတို့ စိုက်ပျိုး

အင်ဒိုနီးရှားနိုင်ငံ တောင်ပိုင်း ကလီမန်တန်ပြည်နယ်၊ တာပင်ခရိုင်ရှိ လယ်သမားများက ခရိုင်အတွင်းရှိ အချို့သောဒေသများတွင် အစေ့မဲ့လိမ္မော်သီးများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း အင်တာရာနယူးစ်သတင်းတွင် ဖော်ပြသည်။

ဤလိမ္မော်သီးအမျိုးအစားကို ပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် လေ့လာထားရန် ခရိုင်အုပ်ချုပ်ရေးအဖွဲ့က အရှေ့ဂျာဗားပြည်နယ်၊ ဘာတူးခရိုင်ရှိ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ သုတေသနအေဂျင်စီကို တိုက်တွန်းထားကြောင်း ခရိုင်လက်ထောက်အုပ်ချုပ်ရေးမှူး ဆူဖီရင်ဒူးက ပြောသည်။

ယခုနှစ်အတွက်အစိုးရကချမှတ်ထားသော အဓိကရည်မှန်းချက်မှာ နည်းပညာသစ်နှင့် တီထွင်ဆန်းသစ်မှုများကို အသုံးပြုပြီး လယ်ယာစိုက်ပျိုးရေးနှင့် သစ်သီးဝလံ ပန်းမန်စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ လိမ္မော်သီးများကို လယ်သမားများက ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ခရိုင်လယ်ယာ စိုက်ပျိုးရေးဗျူရိုက အစုအဖွဲ့စနစ်ကို စတင်ဆောင်ရွက်ရန် စီစဉ်ထားသည်။

" ဒီအစေ့မဲ့လိမ္မော်သီး ထုတ်လုပ်မှုကနေ ကျွန်တော်တို့ လယ်သမားတွေ အကျိုးခံစားခွင့်တွေ ရရှိနိုင်မှာဖြစ်ပါတယ်" ဟု ဒူးက ပြောသည်။

အစိုးရကလည်း ဤအမျိုးအစား လိမ္မော်သီးများကို ၁၂ ဟက်တာရှိမြေနေရာတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနလက်အောက်ရှိ သုတေသနအေဂျင်စီအကြီးအကဲ အာနန်ထရီဝီရန်တိုက ပြောသည်။ ပြည်နယ်အတွင်း အစေ့မဲ့လိမ္မော်သီး စိုက်ပျိုးရေးလုပ်ငန်းများကို စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း အေဂျင်စီကအကူအညီပေးသွားမည်ဖြစ်ကြောင်း သူက ပြောသည်။

မြောက်ပိုင်းကန်ဒီလာရပ်နှင့် တောင်ပိုင်းကန်ဒီလာရပ် ခရိုင်တို့တွင် လိမ္မော်သီးစိုက်ပျိုးရေးအတွက် ခရိုင်အစိုးရအဖွဲ့များက ဟက်တာ ၃၀၀ ကို စောစောပိုင်းက စီစဉ်ပေးထားပြီးဖြစ်သည်။

ဤခရိုင်များမှ ထွက်ရှိသော လိမ္မော်သီးများမှာ ဘန်ဂျားသို့မဟုတ် မီယာဂါဆာရီဟု လူသိများပြီး အင်ဒိုနီးရှားမြို့တော်ဂျကာတာတွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ကျင်းပသော အမျိုးသားအဆင့်ပြိုင်ပွဲတွင် ဤလိမ္မော်သီးများက ဒုတိယ အချိုဆုံးဆုကိုရရှိခဲ့သည်။ ထို့ကြောင့် ယခုနှစ်တွင် မီယာဂါဆာရီ လိမ္မော်သီးမျိုးအပင် ၂၀၀ ကို မြေဧက ၁၉ ဧကတွင် စိုက်ပျိုးရန် အစိုးရက စီစဉ်လျက်ရှိသည်။

## အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဖိလစ်ပိုင်နိုင်ငံက ဘဏ်လုပ်ငန်းကဏ္ဍစတင်ဖွင့်လှစ်

ဘဏ်လုပ်ငန်းများဖွင့်လှစ်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံသည် နောက်ထပ် နိုင်ငံနှစ်နိုင်ငံနှင့် သဘောတူစာချုပ်ကို ယခုလအတွင်း ချုပ်ဆိုမည် ဖြစ်ကြောင်းနှင့် ယခုလုပ်ငန်းမှာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် ပါဝင်သော နိုင်ငံများ အချင်းချင်း ဘဏ္ဍာရေးပိုမိုပေါင်းစည်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုပိုမိုရရှိရေးကို ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖိလစ်ပင်းစတားသတင်းတွင် ဖော်ပြသည်။

၂၀၁၆ ခုနှစ်မတ်လအတွင်းက မလေးရှားဗဟိုဘဏ် (Bank Negara Malaysia) နှင့် သဘောတူစာချုပ်ချုပ်ဆိုပြီးနောက်ပိုင်း ဖိလစ်ပိုင်နိုင်ငံက နောက်ထပ်အာဆီယံနှစ်နိုင်ငံနှင့် သဘောတူစာချုပ်ချုပ်ဆိုရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ဖိလစ်ပိုင် ဗဟိုဘဏ် (Bangko Sentral ng Pilipinas) အုပ်ချုပ်ရေးမှူး အာမန်ဒို တဲတန်ကိုက ပြောသည်။

ဖိလစ်ပိုင်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးနှင့် မလေးရှားဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဇက်တီအက်ကထာအဇစ်တို့သည် ယခင်နှစ်မတ်လ ၁၄ ရက်က ကွာလာလမ်ပူ မြို့တွင် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ဤသဘောတူစာချုပ်မှာ ဖိလစ်ပိုင်နှင့် မလေးရှားတို့ အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework-ABIF) အရ ပထမဆုံးချုပ်ဆိုသော နှစ်နိုင်ငံအပြန်အလှန်သဘောတူ စာချုပ်ဖြစ်သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)အရပေါင်းစည်းရေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့နှင့် စေ့စပ်ညှိနှိုင်းမှုများကို စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း တဲတန်ကိုက ၂၀၁၆ ခုနှစ် နိုဝင်ဘာအတွင်းက ကြေညာခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အေအီးစီကို စတင်အကောင်အထည်ဖော်ပြီး နောက်ပိုင်း အာဆီယံ ၁၀ နိုင်ငံကို တစ်ခုတည်းသော ဈေးကွက်အဖြစ် ဖော်ဆောင်နိုင်ရေးအတွက် ပေါင်းစည်းမှုရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်ကောင်းသော ဒေသတွင်း ဘဏ္ဍာရေးစနစ်ကို ရရှိရန်ရှိကြောင်း တဲတန်ကိုက ပြောသည်။

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စုက ကျန်းမာရေးစောင့်ရှောက်မှုဥပဒေမူကြမ်းကို မဲခွဲဆုံးဖြတ်မှုမတိုင်မီ မတ် ၂၄ ရက်က အာရှဒေသရှိငွေကြေးအများစု၏ တန်ဖိုးက အတက်အကျမရှိတန့်နေရာမှ အနည်းငယ်ကျဆင်းခဲ့သည်။ ယခုကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို ကြည့်၍ ဒေါ်နယ်ထရမ့်ဆောင်ရွက်လျက်ရှိသော အခွန်လျှော့ချမှုနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုမူဝါဒများကို အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိလာမည်ကို ရင်းနှီးမြှုပ်နှံသူတို့က စိုးရိမ်လျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က ယခင်ရက်သတ္တပတ်အတွင်းက အတိုးနှုန်းများမြှင့်တင်ပေးပြီး တဖြည်းဖြည်းချင်းလည်း ထပ်မံတိုးမြှင့်ပေးသွားဦးမည်ဖြစ်ကြောင်း ကြေညာပြီးနောက်ပိုင်း အာရှငွေကြေးများ၏ တန်ဖိုးမြင့်တက်ခဲ့သည်။ သို့သော်လည်း ယခုဖြစ်ပေါ်နေသော မရေရာမှုများက စွန့်စားမှုများသော ထွန်းသစ်စငွေကြေးများအား ရင်းနှီးမြှုပ်နှံသူတို့၏ စိတ်ဝင်စားမှုကို ကျဆင်းစေခဲ့သည်။

**တရုတ်ယွမ်**

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာအညွှန်းကိန်းမြင့်တက်လာမှုကြောင့် ဒေါ်လာနှင့်ဖလှယ်ရာတွင် မတ် ၂၄ ရက်က ယွမ်ငွေတန်ဖိုးကျဆင်းခဲ့သည်။

တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ်၏ ရည်ညွှန်းဖလှယ်နှုန်းကို မတ် ၂၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၈၄၅ ယွမ်နှုန်းသတ်မှတ်ခဲ့ရာ ယခင်နေ့ကရှိခဲ့သော ဖလှယ်နှုန်းဖြစ်သော အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၈၅၆ ယွမ်နှုန်းထက် ယွမ်ငွေတန်ဖိုးမြင့်တက်ခဲ့သည်။ သို့သော်လည်း လက်ငင်း ဈေးကွက်တွင် အဖွင့်ဈေးမှာ အမေ ရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၈၇၅ ယွမ်နှုန်းရှိပြီး နေ့လယ်ပိုင်းတွင် ၆ ဒသမ ၈၉၂၄ ယွမ်နှုန်းအထိ ယွမ်တန်ဖိုး ကျဆင်းခဲ့သည်။ ဟောင်ကောင်တွင် ရောင်းဝယ်လျက်ရှိသော Offshore ယွမ်တန်ဖိုးမှာ သုည ဒသမ ၁၉ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၈၇၉၆ ယွမ်နှုန်းရှိခဲ့သည်။

**အိန္ဒိယရူပီး**

ရှယ်ယာဈေးကွက်၌ ပြည်တွင်းအိကွိတီရှယ်ယာများခိုင်မာနေချိန်တွင် အမေရိကန်ဒေါ်လာကို ပို့ကုန်လုပ်ငန်းရှင်များနှင့် ဘဏ်များက ပြန်လည်ရောင်းချလာသည့်အတွက် မတ် ၂၄ ရက်ဈေးကွက်တွင် ရူပီးတန်ဖိုးက သုည ဒသမ ဝ၅ ရူပီးနှုန်းမြင့်တက်ပြီး၊ အမေရိကန်တစ်ဒေါ်လာကို ၆၅ ဒသမ ၄၇ ရူပီးနှုန်းရှိခဲ့သည်။

သို့သော်လည်း ပြည်ပဈေးကွက်တွင်ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။

**ဂျပန်ယန်း**

တိုကျိုဈေးကွက်တွင် မတ် ၂၄ ရက်က ယန်းငွေနှင့် ဖလှယ်ရာတွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၁ ယန်းဝန်းကျင်တွင်ရှိခဲ့သည်။

အမေရိကန်ဒေါ်လာနှင့်ယန်းငွေဖလှယ်နှုန်းမှာ မတ် ၂၃ ရက်ညနေ ၅ နာရီကနယူးယောက်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၀ ဒသမ ၉၀ ယန်းနှင့်တိုကျိုတွင် ၁၁၁ ဒသမ ၂၃ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တိုကျိုဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၀ ဒသမ ၉၉ ယန်းနှုန်းရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာ မတ်လ ၂၃ ရက် ညနေက တစ်ယူရိုကို နယူးယောက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၇၇၈ နှင့် ၁၁၉ ဒသမ ၅၅ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၇၉၃ နှင့် ၁၂ ဒသမ ဝ၅ ယန်းနှုန်းရှိခဲ့ရာမှ မတ် ၂၄ ရက်တွင် တိုကျိုဈေးကွက်၌ တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၇၈၃ နှင့် ၁၁၉ ဒသမ ၆၈ ယန်းနှုန်းရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

မလေးရှားဗဟိုဘဏ်က ယခုနှစ်အတွက်စီးပွားရေးတိုးတက်မှုနှုန်းကို ၄ ဒသမ ၃ ရာခိုင်နှုန်းမှ ၄ ဒသမ ၈ ရာခိုင်နှုန်းအထိရှိမည်ဟု ခန့်မှန်းသည်ကို ရင်းနှီးမြှုပ်နှံသူတို့က အပြုသဘောဆောင်သော အလားအလာတစ်ခုအဖြစ် ခံယူကြသည့်အတွက် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် မတ် ၂၄ ရက်က ရင်းဂစ်တန်ဖိုးပြန်လည် မြင့်တက်ခဲ့သည်။

ရင်းဂစ်တန်ဖိုးသည် မတ် ၂၃ ရက် ဈေးပိတ်ချိန်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၂၇၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ကိုးနာရီတွင် အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၂၅၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မှုနှင့် ရေနံဈေးနှုန်း ကာလရှည်ကြာစွာကျဆင်းနေမှုတို့က ဈေးကွက်ကို ဖိစီးနေဆဲဖြစ်သည်။

အခြားငွေကြေးများနှင့်ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့သည်။

**တောင်ကိုရီးယားဝမ်**

လောလောဆယ်တွင် ဆမ်ဆောင်းအီလက်ထရွန်းနစ် ကုမ္ပဏီက ဦးပိုင်ကုမ္ပဏီအဖြစ် ရပ်တည်ရန် အခက်အခဲရှိကြောင်းပြောကြားပြီး နောက်ပိုင်းဆမ်ဆောင်းလက်အောက်ခံကုမ္ပဏီများတွင် ကြုံတွေ့ရသော အကျပ်အတည်းကြောင့် တောင်ကိုရီးယားရှယ်ယာများသည် မတ် ၂၄ ရက်တွင် တန်ဖိုးကျဆင်းခဲ့သည်။ ဝမ်ငွေကြေး တန်ဖိုးမှာလည်း မတ် ၂၃ ရက်ကထက် ၁ ဒသမ ၄ ဝမ်ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၂၃ ဒသမ ၈ဝ ဝမ်နှုန်းသို့ ရောက်ရှိခဲ့သည်။

**ထိုင်းဘတ်**

ထိုင်းနိုင်ငံရှိ ရေနံကုမ္ပဏီများက အမေရိကန်ဒေါ်လာကို ဝယ်ယူမှုကြောင့် ထိုင်းဘတ်ငွေတန်ဖိုးသည် မတ် ၂၃ရက်က တန်ဖိုးကျဆင်းခဲ့သည်။ ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ ဘတ်ငွေတန်ဖိုးသည် ထိုနေ့က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် သုည ဒသမ ၁၇ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ် ဒေါ်လာကို ၃၄ ဒသမ ၆၆ဝ ဘတ်နှုန်း ရှိခဲ့သည်။

## စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်ကို ရုပ်သိမ်းရန် အကြောင်းမရှိသေးကြောင်း ဂျပန်ဗဟိုဘဏ် အကြီးအကဲပြော

ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ရည်မှန်းထားသည့်အတိုင်း နှစ်ရာခိုင်နှုန်းကို ပြည့်မီခြင်းမရှိသည့်အတွက် ယခုအခါ ဗဟိုဘဏ် ဘွန်းစာချုပ်များ၏ အတိုးနှုန်းကို တိုးမြှင့်ပေးရန် အကြောင်းမရှိသေးကြောင်း ဂျပန်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဟာရုဟိကိုကူရိုဒါက ပြောကြားသည့်အတွက် ဗဟိုဘဏ်က ဆောင်ရွက်ထားသော စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်ကို ရုပ်သိမ်းရန် အကြောင်းမရှိသေးကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးသည် နှေးကွေးစွာ နာလန်ထူလျက်ရှိသည်။ သို့ဖြစ်ရာ ဂျပန်ဗဟိုဘဏ်က ရည်မှန်းထားသည့်အတိုင်း ငွေကြေးဖောင်းပွမှုကို လျင်မြန်စွာ မြင့်တက်လာအောင် ဆောင်ရွက်ရန် မဖြစ်နိုင်သေးကြောင်း မစ္စတာကူရိုဒါက ပြောသည်။ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဈေးနှုန်းအလားအလာ နှစ်ခုစလုံးနှင့်ပတ်သက်သော အန္တရာယ်များကြောင့် စီးပွားရေး တိုးတက်မှုကို ဆုတ်ယုတ်စေနိုင်ကြောင်း သူက ပြောသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးနဲ့ ဈေးနှုန်းအခြေအနေ ဖြစ်ပေါ်တိုးတက်မှုတွေအရ ငွေကြေးလှုံ့ဆော်အားပေးမှုကို လျှော့ချပစ်ဖို့ မဖြစ်နိုင်သေးပါဘူး"ဟု မတ်လ ၂၄ ရက် တွင် မစ္စတာ ကူရိုဒါက ရိုက်တာသတင်းဌာနကို ပြောသည်။

လာမည့် ဧပြီလတွင် ကုန်ဆုံးတော့မည့် သူ၏ ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးသက်တမ်းအတွင်း ငွေကြေးဖောင်းပွမှုနှုန်းက ရည်မှန်းထားသည့်အတိုင်း နှစ်ရာခိုင်နှုန်းအထိ ရောက်၊ မရောက်မှာမသေချာသေးကြောင်း သူကပြောသည်။

ကမ္ဘာ့ဝယ်လိုအား ပြန်လည်ကောင်းမွန်လာသည့်အတွက် ဂျပန်နိုင်ငံ၏ ပို့ကုန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာခဲ့ပြီး ဖွံ့ဖြိုးမှုကာလရှည်ကြာစွာ တန့်နေခဲ့သော ဂျပန်စီးပွားရေးသည် ပြန်လည်အသက်ဝင်လာသည်ကို တွေ့ရသည်။

■

## အမေရိကန် အတိုးနှုန်းမြင့်တက်မှုကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များကို ကာကွယ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းကြရန် တောင်ကိုရီးယား ယာယီ သမ္မတ တိုက်တွန်း

ဗဟိုဘဏ် အတိုးနှုန်းများကို မြှင့်တင်ရန် အမေရိကန်ဗဟိုဘဏ်က ဆုံးဖြတ်ပြီးနောက်ပိုင်း ဖြစ်ပေါ်လာသော စီးပွားရေးဆိုင်ရာ အန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် တောင်ကိုရီးယား ယာယီသမ္မတနှင့် ဝန်ကြီးချုပ် ဝှမ်ကျိုးအန်းက မတ် ၂၁ ရက်တွင် တိုက်တွန်းခဲ့ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံတွင် ပြည်တွင်းစားသုံးမှု ကျဆင်းပြီး အလုပ်လက်မဲ့ ဦးရေမှာလည်း အတန်ငယ် မြင့်တက်နေသည့်အတွက် တောင်ကိုရီးယား စီးပွားရေးမှာ ကျဆင်းလျက်ရှိသည်။ ကျဆင်းလျက်ရှိနေသော တောင်ကိုရီးယားစီးပွားရေးကို အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်း မြှင့်တင်မှုက ထပ်မံဂယက်ရိုက်ခတ်မည်ကို စိုးရိမ်မှုများ ကြီးထွားလျက်ရှိကြောင်း အစိုးရအဖွဲ့အစည်းအဝေးတွင် ဝှမ်က ပြောသည်။

ယခင်ရက်သတ္တပတ်က အမေရိကန်ဗဟိုဘဏ်သည် ဗဟိုဘဏ်၏ အဓိက အတိုးနှုန်းကို သုညဒသမ ၂၅ ရာခိုင်နှုန်းမြှင့်တင်ပြီး သုညဒသမ ၇၅ ရာခိုင်နှုန်းနှင့် တစ်ရာခိုင်နှုန်းအကြား ထားရှိရန် ထုတ်ပြန်ကြေညာခဲ့သည်။ ယခုနှစ်အတွင်း အတိုးနှုန်းမြှင့်တင်မှု များကို ထပ်မံပြီး ပုံမှန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

"အမေရိကန်အတိုးနှုန်းမြှင့်တင်မှုကြောင့် ကျွန်တော်တို့ရဲ့ စီးပွားရေးအပေါ် ရိုက်ခတ်လာမယ့် ဂယက်ကို သက်သာအောင် ဆောင်ရွက်ဖို့အတွက် အတတ်နိုင်ဆုံးကြိုးစားကြဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို တိုက်တွန်းလိုပါတယ်"ဟု ဝှမ်ကပြောသည်။

အတိုးနှုန်းမြှင့်တင်မှုကြောင့် ပြည်တွင်းပို့ကုန်လုပ်ငန်းများကို ထိခိုက်စေနိုင်သည့် အတွက် နိုင်ငံခြားဈေးကွက်များသို့ ဝင်ရောက်ရန် ကြိုးစားနေသော ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို အစိုးရက တိုးမြှင့်ထောက်ပံ့ရန် ယာယီသမ္မတက အလေးပေးတိုက်တွန်းပြောကြားသည်။



ဓာတ်ပုံ-စုစည်းတင်ပြသည်

C B BANK


ဧပြီလ(၁)ရက်နေ့ မှစတင်
ဆောင်ရွက်နိုင်ပြီ...




SMS Alert ဝန်ဆောင်မှုများ

- *Debit Alert* (စာရင်းသို့ ငွေဝင်ခြင်း)
- *Credit Alert* (စာရင်းမှငွေထုတ်ခြင်း)
- *Cash Management Alert*
  - *Incoming and Outgoing funds*
  - *Cheque Payment*
  - *Returned Cheque*
- *Bill Payment* (ဘီလ်ပေးဆောင်ခြင်း)
- *Payroll Debit / Credit*
- *TT Transfer*
- *Trade Transactions*
- *Credit Advice*
- *Remittance Alert Over the counter* (ငွေလွှဲရောက်ရှိခြင်းပြည်တွင်း/ပြည်ပ)
- *Remittance to Account* (စာရင်းသို့ ငွေလွှဲရောက်ရှိခြင်းပြည်တွင်း/ပြည်ပ)
- *EASI Smart Card spending Alert* ( ATM မှငွေထုတ်ယူခြင်းနှင့် POS တွင်သုံးစွဲခြင်း)

**Website:** www.cbbank.com.mm **Call Center:** (+951) 231 7770




# CHANGI-Light Myanmar Co.,Ltd

SPECIALISED LIGHTING SUPPLIER FOR COMMERCIAL,INDUSTRIAL & RESIDNETIAL BUILDINGS



**Office Address**

No.30, 31 & 32 (Block L), Thiri Yadanar Whole Sale Market,
North Okkalapa Township, Yangon, Myanmar.
Hot line : (959)5063679 , (959)250076691
Email : sales@changilight-myanmar.com
Website : changi-light.com.sg

Download CHANGI-Light For more information
Play Store
Available on the Apps Store

# COMMERCE INTERNATIONAL

## လုပ်ငန်းထူထောင်စ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက်
## စင်ကာပူနိုင်ငံက ဘတ်ဂျက်ငွေ စင်ကာပူဒေါ်လာ သန်း ၂၀ လျာထား

စီးပွားရေးလုပ်ငန်းကို ပထမအကြိမ်အဖြစ် စတင်ဆောင်ရွက်ကြမည့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် ယခုလ စောစောပိုင်းက ကြေညာခဲ့သော စင်ကာပူထူထောင်စ လုပ်ငန်းအစီအစဉ် (Startup SG) အရ ဘတ်ဂျက်ငွေ စင်ကာပူဒေါ်လာ သန်း ၂၀ လျာထားကြောင်း တူဒေးအွန်လိုင်း သတင်းတွင် ဖော်ပြသည်။

ယခုအစီအစဉ်အရ စီးပွားရေးလုပ်ငန်းများကို တီထွင်ဆန်းသစ်မှုရှိသော အတွေးအခေါ်သစ်များဖြင့် ဆောင်ရွက်မည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်း Startup SG Founder အစီအစဉ်ကို ကြေညာသည့် မတ် ၂၂ ရက်က ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ခိုပိုကွန်းက ပြောကြားသည်။

ယခုအစီအစဉ်သည် လုပ်ငန်းစတင်ဆောင်ရွက်သည့် စွန့်ဦးတီထွင်သူများအတွက်ပေးသော အထောက်အပံ့အစီအစဉ်ဖြစ်သည့် ACE Startup Grant ကို အစားထိုး၍ ဆောင်ရွက်ပေးသော အစီအစဉ်ဖြစ်သည်။ အစီအစဉ်အရ ရွေးချယ်ခံထားရသူများကို အသိအမှတ်ပြုလက်မှတ်ရ စီစဉ်ညွှန်ကြားသူများအဖွဲ့ (Accredited Mandor Partners - AMPs) နှင့် ဆက်သွယ်ခွင့်ကို ခွင့်ပြုသည်။ AMPs အဖွဲ့တွင် လုပ်ငန်းပျိုးထောင်သူများနှင့် လုပ်ငန်းအရှိန်အဟုန် မြှင့်တင်ပေးသူများ ပါဝင်သည်။ AMPs က စွန့်ဦးတီထွင်သူများအား အကြံဉာဏ်များပေးပြီး ကွန်ရက်ဖွဲ့စည်းကာ လေ့လာသင်ယူနိုင်သော အခွင့်အလမ်းများပေးသည့်အပြင် ပထမဆုံးအကြိမ် ကြိုတင်ထောက်ပံ့မှုကိုလည်းပေးကြောင်း သူကပြောသည်။

မစ္စတာခိုသည် ထူထောင်စ လုပ်ငန်းများအတွက် ရည်ရွယ်ဖွင့်လှစ်သည့် JTC Launch Pad တွင် နေရာအသစ်သုံးခုဖွင့်လှစ်သော အခမ်းအနားတွင် ယခုကဲ့သို့ ပြောကြားခြင်း ဖြစ်သည်။ ထိုနေရာသုံးခုတွင် တည်ထောင်စလုပ်ငန်း ၄၈ ခုနှင့် လုပ်ငန်းပြုစု ပျိုးထောင်ပေးသူ သုံးဦးကို လက်ခံသွားမည်ဖြစ်ရာ JTC Launch Pad တွင် စုစုပေါင်း တည်ထောင်စလုပ်ငန်း ၈၀၀ နှင့် လုပ်ငန်းပြုစုပျိုးထောင်သူ ၅၀ အထိ ရောက်ရှိပြီး လူဦးရေအားဖြင့် ၄၃၀၀ ခန့်ရှိတော့မည် ဖြစ်သည်။

စင်ကာပူနိုင်ငံသည် လုပ်ငန်းတည်ထောင်စ လုပ်ငန်းများအတွက် ပညာရှင်များရရှိအောင် ဆောင်ရွက်ရာတွင် ကမ္ဘာပေါ်၌ အကောင်းဆုံးနေရာတစ်နေရာဖြစ်ပြီး အမေရိကန်ပြည်ထောင်စုရှိ စီလီကွန်ဗဲလီးကိုပင် ကျော်လွန်သွားနိုင်ကြောင်း အမေရိကန်အခြေစိုက် ထူထောင်စလုပ်ငန်းများ စစ်တမ်းကောက်ယူရေးအဖွဲ့ တစ်ဖွဲ့က ပြောသည်။ Startup SG အစီအစဉ်က တည်ထောင်စလုပ်ငန်းများအတွက် ဆောင်ရွက်နေသော ထောက်ပံ့ရေးအစီအစဉ်များကို စုစည်းဆောင်ရွက်ပေးသည်။ အစီအစဉ် ဆောင်ရွက်ပေးသော အစီအမံများတွင် နည်းပညာဆိုင်ရာ အလားအလာကောင်းသော တည်ထောင်စ



လုပ်ငန်းများအတွက် အစိုးရ၏ ပူးတွဲရင်းနှီးမြှုပ်နှံမှုပမာဏကို နှစ်ဆအထိ တိုးမြှင့်ကာ စင်ကာပူဒေါ်လာ လေးသန်း သတ်မှတ်ပေးသည်။ အားလုံးခြုံငုံတွက်ချက်ပါက တည်ထောင်စလုပ်ငန်းများတွင် အစိုးရ၏ ပူးတွဲရင်းနှီးမြှုပ်နှံမှုမှာ စင်ကာပူဒေါ်လာ သန်း ၂၀၀ အထိ ရောက်ရှိခဲ့သည်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

## ဗီယက်နမ်မှ ဘန်မဲသောက်ကော်ဖီအမှတ်တံဆိပ်ကို နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် မှတ်ပုံတင်ခွင့်ရ

ဘန်မဲသောက် ကော်ဖီအသင်း၏ အဆိုအရ ဘန်မဲသောက် ကော်ဖီအမှတ်တံဆိပ်ကို ပထဝီဝင်ဆိုင်ရာအမှတ်အသား (Geographical Indication) အဖြစ် အသိအမှတ်ပြုပြီး ဥပဒေအရ ကာကွယ်မှုရရှိစေရန် ဗီယက်နမ်ဗဟိုကုန်းမြင့်ဒေသ ပြည်နယ်တစ်ခုဖြစ်သော ဒါးလက်က ဆောင်ရွက်ခဲ့ရာ အသိအမှတ်ပြုရန် လျှောက်ထားခဲ့သော ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံနှင့် ပိုင်နက်နယ်မြေ ၁၇ ခုအနက် ၁၂ ခုက ကုန်အမှတ်တံဆိပ်အမည်ကို ကာကွယ်မှုပေးရန် သဘောတူခဲ့ကြောင်း ဆိုင်ဂုံဒေးလီးသတင်းတွင် ဖော်ပြသည်။

ကုန်အမှတ်တံဆိပ်ကို GI အဖြစ် အသိအမှတ်ပြုရန် ငြင်းဆိုသော နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဆွစ်ဇာလန်နိုင်ငံတို့ဖြစ်သည်။



GI အသိအမှတ်ပြု လက်မှတ်ရရှိရန် လျှောက်ထားရသည့် လုပ်ငန်းမှာ ပါဝင်နေသော ပို့ကုန်လုပ်ငန်းများအားလုံးပါဝင်ရန် လိုအပ်သည့်အတွက် အချိန်ကာလအားဖြင့် ရှည်ကြာပြီး ကုန်ကျစရိတ်လည်း မြင့်မားကြောင်း အသင်းဥက္ကဋ္ဌ ထရင်ဒပ်မင်းက ပြောသည်။ ဘန်မဲသောက်ကော်ဖီ အမှတ်တံဆိပ်ကို GI အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားမှုလုပ်ငန်းမှာ ကုန်ကျစရိတ်မြင့်မားပြီး အောင်မြင်မှုရရှိရန် မသေချာသည့်အတွက် ကျန်ငါးနိုင်ငံတွင် လျှောက်ထားမှုကို ရပ်ဆိုင်းထားကြောင်း အသင်းဥက္ကဋ္ဌက ပြောသည်။

ဘန်မဲသောက်သည် ဒါးလက်ပြည်နယ်ရှိ မြို့တစ်မြို့ဖြစ်ပြီး ကော်ဖီစိုက်ဧရိယာဟက်တာ ၂၀၀၀၀၀ ရှိကာ နှစ်စဉ်ပျမ်းမျှ ကော်ဖီတန်ချိန် ၄၅၀၀၀၀ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ခြင်းဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ မှ ၆၀၀ ခန့် ရရှိသည်။

ဒါးလက်ပြည်နယ်ရှိ ခရိုင်ရှစ်ခရိုင်တွင် စိုက်ဧရိယာဟက်တာ ၁၀၀၀၀၀ မှထုတ်လုပ်သော ကော်ဖီတန်ချိန် ၄၇၅၀၀ အတွက် ဘန်မဲသောက်ကော်ဖီအဖြစ် GI အသိအမှတ်ပြုလက်မှတ်ကို ဗီယက်နမ်အမျိုးသားဉာဏပစ္စည်းပိုင်ဆိုင်ခွင့်ရုံးက ၂၀၀၅ ခုနှစ်က အတည်ပြုပေးခဲ့သည်။ ထွက်ရှိသော ကော်ဖီများအနက် တန်ချိန် ၂၀၀၀၀ ကိုသာ ဘန်မဲသောက် GI ဖြင့် ပြည်ပသို့တင်ပို့ခဲ့သည်။

## ထိုင်းနိုင်ငံရှိ အရှေ့ပိုင်း စီးပွားရေးစင်္ကြံဇုန်နယ်မြေတွင် နိုင်ငံခြားငွေများကို လွတ်လပ်စွာသုံးစွဲခွင့်ပြုမည်

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ငွေကြေးသုံးစွဲရာ၌ ဘတ်ငွေကြေးသုံးစွဲမှုကို လွှမ်းမိုးအောင် ထိုင်းအစိုးရက ဆောင်ရွက်မည်မဟုတ်ဘဲ ထိုနိုင်ငံများ၏ ကိုယ်ပိုင်ငွေကြေးများကို သုံးစွဲနိုင်အောင် အားပေးကူညီသွားမည်ဖြစ်ကြောင်း မတ် ၂၃ ရက်က ကျင်းပသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMVT) ဖိုရမ် ဆွေးနွေးပွဲတွင် ထိုင်းဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး ကော့ဆက်ပူးထရာကူး၏ ပြောကြားချက်ကို နေးရှင်းသတင်းတွင် ဖော်ပြသည်။

လောလောဆယ်တွင် ကမ္ဘောဒီးယားနိုင်ငံသုံး ငွေကြေးကို အသိအမှတ်မပြုရသေးသည့်အတွက် ကမ္ဘောဒီးယားက အမေရိကန်ဒေါ်လာကိုသာ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလျက်ရှိသည်။

"သူတို့ကိုယ်ပိုင်ငွေကြေးကို သုံးစွဲလာအောင် ကျွန်တော်တို့က အကူအညီပေးသွားမှာဖြစ်ပါတယ်။ နယ်စပ် ဒေသတွေမှာရှိတဲ့ ပြည်နယ်တွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေ စီးပွားရေးလုပ်ငန်းအတွက် ငွေပေးငွေယူ ဆောင်ရွက်ရာမှာ ထိုင်းဘတ်ငွေနဲ့ အိမ်နီးချင်းနိုင်ငံသုံး ငွေကြေးကိုပါ သုံးစွဲနိုင်အောင် ကျွန်တော်တို့ အကူအညီပေးသွားမှာပါ"ဟု ကော့ဆက်ကပြောသည်။ ထိုင်းနိုင်ငံတွင် အကောင်အထည်ဖော်နေသော အရှေ့ပိုင်းဒေသ စီးပွားရေးစင်္ကြံဖွံ့ဖြိုးရေးစီမံကိန်း (Eastern Economic Corridor Development Project) တွင် နိုင်ငံခြားငွေကြေးများကို လွတ်လပ်စွာ စီးဆင်းခွင့် ပေးသွားမည်ဖြစ်ကြောင်း သူက သတင်းထောက်များကိုပြောသည်။

"ဒေသဆိုင်ရာနဲ့ အပြည်ပြည်ဆိုင်ရာ ရုံးချုပ်တွေ၊ ဘဏ္ဍာရေးစင်တာတွေနဲ့ ကုန်သွယ်ရေးစင်တာတွေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ တည်ထောင်နိုင်အောင် အစိုးရက စီမံကိန်းရေးဆွဲ ဆောင်ရွက်နေပါတယ်။ ဒါကြောင့် နိုင်ငံခြားငွေကြေးတွေ လွတ်လပ်စွာစီးဆင်းနိုင်ဖို့ လိုအပ်ပါတယ်"ဟု ကော့ဆက်ကပြောသည်။

သို့သော်လည်း ငွေကြေးများကို သုံးစွဲရာတွင် အရှေ့ပိုင်းစီးပွားရေးစင်္ကြံနှင့်ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းများတွင်သာ သုံးစွဲခွင့်ပြုထားမည်ဖြစ်ပြီး အရှေ့ပိုင်းစီးပွားရေးစင်္ကြံပြင်ပရှိ စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံသူများကို သုံးစွဲခွင့်ပြုမည်မဟုတ်ကြောင်း သူကပြောသည်။ နိုင်ငံခြားငွေအသုံးပြုမှုနှင့်ပတ်သက်သော နည်းဥပဒေများပြုစုရေးအတွက် အစိုးရက ဗဟိုဘဏ်နှင့်ညှိနှိုင်းလျက်ရှိပြီး မကြာမီ အပြီးသတ်ရေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း သူက ပြောသည်။ အရှေ့ပိုင်းစီးပွားရေးစင်္ကြံတွင် ချာချိုအန်းဆောင်၊ ချွန်ဘူရီနှင့် ရနောင်းပြည်နယ်တို့ပါဝင်သည်။